# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကြီးမားသောအကျိုးရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

(ဓမ္မပဒ-၁၇၂)


၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၂၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၅)၊ အမှတ် (၂၃၉)




## နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဖီဂျီသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာများပေးအပ်


စာမျက်နှာ-၃


## ရွှေဂုံတိုင်ခုံးကျော်တံတားတည်ဆောက်မှုတွင် ပိုလျှံငွေ ၂၂ သန်းခွဲကျော် တွေ့ရှိ ပိုလျှံငွေအားလုံး နိုင်ငံတော်အစိုးရသို့ ပြန်သွင်းပြီးဖြစ်


စာမျက်နှာ-၉


## ကျူးကျော်တဲများ ထပ်မဆောက်ရန် ညွှန်ကြားထားသော်လည်း လှိုင်သာယာတွင် ကျူးကျော်အိမ်များ ဆောက်လုပ်လျက်ရှိ

**ရန်ကုန်  မေ  ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ကျူးကျော်တဲအသစ်များ ထပ်မံတိုးချဲ့ ဆောက်လုပ်ခွင့် မပြုတော့ကြောင်း သတင်းထုတ်ပြန်ပြီးနောက်တွင် လှိုင်သာယာမြို့နယ်၌ ကျူးကျော်တဲအသစ်များ ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိရာ ရန်ကုန်-ပုသိမ်ကားလမ်းဘေးတွင် ကျူးကျော်တဲအသစ်များ မေ ၂၈ ရက်က ဆောက်လုပ်နေကြသည်ကို တွေ့ရပြီး တားမြစ် အရေးယူဆောင်ရွက်ခြင်းမရှိသောကြောင့် ကျူးကျော်တဲများ ထပ်မံတိုးချဲ့မှုများလာပါက ဒုစရိုက်မှုနှင့်လူမှုရေး ပြဿနာများတို့၏ ဖြစ်ပေါ်လာနိုင်ကြောင်း ဒေသခံပြည်သူများက စိုးရိမ်လျက်ရှိသည်။

ရန်ကုန်-ပုသိမ် ကားလမ်းမကြီးနံဘေးဖြစ်သော ဗိုလ်အောင်ကျော်လမ်းမကြီး အောက်ထိပ်အနီး ဓာတ်ဆီဆိုင် ကားလမ်းတစ်ဖက်ရှိ လမ်းဘေးတွင် ထိုလမ်းမအနီး၌ တိုးချဲ့ကွက်သစ်မှ အိမ်ထောင်စုအချို့မှာ မေ ၂၈ ရက်က ကျူးကျော်တဲများ ထပ်မံဆောက်လုပ်၍ ငှားရမ်းနေသည့်အပြင် ဗိုလ်အောင်ကျော် အိမ်ရာတံတားရှေ့ရှိ ဝါးဆိုင်အနောက်ဘက် စာမျက်နှာ ၉ ကော်လံ ၄ ✻





ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် သလ္လာဝတီလမ်းရှိ အထပ်မြင့် ဆောက်လုပ်ဆဲ လုပ်ငန်းခွင်အား တွေ့ရစဉ်

## အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင် တိုင်ကြားမှုများ ရှိလာ၍ ပြန်လည်စိစစ်မှုများပြုလုပ်ရန် တိုင်းဒေသကြီးအစိုးရမှာကြား

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်**

**ရန်ကုန်  မေ  ၃၀**

ရန်ကုန်မြို့တွင်း ဆိတ်ငြိမ်ရပ်ကွက်များ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်လျက်ရှိသော အထပ်မြင့်အဆောက်အအုံများတွင် ပတ်ဝန်းကျင် ပြည်သူများ၏ ကန့်ကွက်တိုင်ကြားမှုများရှိလာသဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ပြန်လည်စိစစ်ဆောင်ရွက်မှုများပြုလုပ်ရန် အကြောင်းကြားမှာကြားမှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

“ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ လတ်တလော တင်ပြလာတဲ့ အထပ်မြင့်အဆောက်အအုံတွေနဲ့ပတ်သက်လို့ ပတ်ဝန်းကျင် မကျေနပ်တိုင်ကြားမှုတွေကို သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ယာ/အုံ)ကို ပြန်လည်စိစစ်တင်ပြရန် အကြောင်းကြားထားတာတွေ ရှိပါတယ်”ဟု တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လတ်တလောရန်ကုန်မြို့တွင် ဆိတ်ငြိမ်ရပ်ကွက်များ၌ ဆောက်လုပ်လျက်ရှိသော အထပ်မြင့်အဆောက်အအုံများနှင့်ပတ်သက်၍ ဆောက်လုပ်ဆဲနှင့် ဆောက်လုပ်ခွင့်ပြုခဲ့သော အထပ်မြင့်အဆောက်အအုံများအား ပတ်ဝန်းကျင်ရှိပြည်သူများက သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် ကန့်ကွက်စာများနှင့်အတူ ပြန်လည်စိစစ်ဆောင်ရွက်ပေးရန် တောင်းဆိုတင်ပြလျက်ရှိကြောင်း သိရသည်။ ယင်းအထပ်မြင့်အဆောက်အအုံများနှင့်ပတ်သက်၍ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က မရမ်းကုန်းမြို့နယ် (၇) ရပ်ကွက် သလ္လာဝတီလမ်း အမှတ် 16(E) မြေကွက်ပေါ်၌ အထပ်မြင့်ဆောက်လုပ်နေမှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ပြည်သူများက မေလဆန်းပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ကန့်ကွက်စာပေးပို့ခဲ့ခြင်းဖြစ်သော်လည်း အဆိုပါ ဆောက်လုပ်ခွင့်ရပိုင်ရှင်မှာ ဆက်လက်ဆောက်လုပ်နေမှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ပြည်သူများက မေ ၂၉ ရက်မွန်းလွဲပိုင်းက မီဒီယာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ■




# မီးခိုးငွေ့လေးများ ပါးလျားပျောက်ကွယ်စေလို

ကမ္ဘာတစ်လွှားတွင် နှစ်စဉ် လူခြောက်သန်းခန့်သေဆုံးနေကြရခြင်းမှာ ဆေးရွက်ကြီးကိုသုံးစွဲခြင်းကြောင့်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆိုထားသည်။ ဆေးရွက်ကြီးသုံးစွဲခြင်းဟုဆိုရာတွင် ဆေးလိပ် (စီးကရက်) သောက်သုံးခြင်း၊ ဆေးငုံခြင်း၊ ကွမ်းစားရာတွင်ဆေးရွက်ကြီးကိုပြုပြင်ထားသောကွမ်းစားဆေးများ စားသုံးခြင်းတို့ကြောင့် ဖြစ်ပေါ်လာသောကျန်းမာရေးပြဿနာများက အဓိကဖြစ်သည်။ သေဆုံးသူ ခြောက်သန်းအနက် ၁၀ ရာခိုင်နှုန်းမှာမူ ကိုယ်တိုင်က ဆေးလိပ်သောက်သူများမဟုတ်ဘဲ သူများသောက်သည့် ဆေးလိပ်ငွေ့ကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု ဆိုလေသည်။

ဆေးရွက်ကြီးကို သောက်ရှူစား အနည်းနည်းအဖုံဖုံသုံးစွဲခြင်းကြောင့် ကျန်းမာရေးပြဿနာများဖြစ်ပွားရခြင်းကို ကာကွယ်တားဆီးရန်၊ ဆေးရွက်ကြီးအလွဲသုံးခြင်း၏ အန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့်သတိမူလာကြစေရန် ရည်ရွယ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၁၉၈၇ ခုနှစ်မှစတင်ကာ ကမ္ဘာ့ဆေးရွက်ကြီးမသုံးစွဲရေးနေ့ (သို့မဟုတ်) ကမ္ဘာ့ဆေးလိပ်မသောက်ရနေ့ **(World Tobacco Day)** ကို နှစ်စဉ် မေလ ၃၁ ရက်နေ့တိုင်း ကမ္ဘာတစ်ခွင်၌ကျင်းပရန် လှုံ့ဆော်ခဲ့သည်။

လူသားတို့ဆေးလိပ်သောက်ခဲ့ကြသည်မှာ နှစ်ထောင်ပေါင်းများစွာကြာခဲ့ပြီဖြစ်သည်။ ကမ္ဘာတစ်ခွင်ရှိအမျိုးမျိုးအပြားပြား ကွဲပြားခြားနားသော ယဉ်ကျေးမှုများအတွင်း ဆေးလိပ်သောက်ရှူခြင်းဓလေ့နှင့် ပတ်သက်သည့် အထောက်အထားများကို ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၅၀၀၀ ကာလလောက်ကတည်းကတွေ့ရသည်ဟု ဆိုသည်။ စင်စစ်အားဖြင့် ဆေးလိပ်သောက်ခြင်းသည် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ အခြေခံအကျဆုံး ရိုးရှင်းသည့် ပုံစံတစ်ခုဟုဆိုနိုင်သည်။ ဆေးရွက်ကြီးကို ဆေးလိပ်လိပ်၍ ရှူခြင်းက လူကြိုက်အများဆုံးဖြစ်ပြီး ကမ္ဘာပေါ်တွင် သုံးစွဲမှုအများဆုံးသောပုံစံဖြစ်သည်။ ယင်းနောက်မှ ဆေးခြောက်နှင့် ဘိန်းသုံးစွဲမှုတို့ကို ဒုတိယအသုံးများကြသည်။

စီးကရက်နှင့် ဆေးရွက်ကြီးလုပ်ငန်းသည် ကမ္ဘာပေါ်တွင်အကျိုးအမြတ်အများဆုံးစီးပွားရေးလုပ်ငန်းများထဲတွင် ထိပ်တန်းမှ ပါဝင်သော လုပ်ငန်းတစ်ခုဖြစ်သည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့် ဖြစ်ပေါ်လာရသောကျန်းမာရေးပြဿနာများကို ကာကွယ်တားဆီးရန်အတွက် ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုလျော့နည်းပပျောက်ရေးအတွက်အစိုးရနှင့် အဖွဲ့အစည်းများက မည်မျှပင်ကြိုးပမ်းနေကြစေကာမူ တစ်ဖက်မှ စီးကရက်၊ ဆေးရွက်ကြီး လုပ်ငန်းကုမ္ပဏီကြီးများကလည်း ၎င်းတို့၏ ထုတ်ကုန်များဈေးကွက်တွင် ဆက်လက်တည်မြဲရေး၊ ဆေးလိပ်သောက်သုံးသူများ ပိုမိုများပြားလာစေရေးအတွက် နည်းအမျိုးမျိုးဖြင့်ကြော်ငြာကာ ဈေးကွက်မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိကြသည်။

စီးကရက်နှင့် ဆေးရွက်ကြီးအရောင်းမြှင့်တင်ရေးအတွက် အမေရိကန်ပြည်ထောင်စုတစ်ခုတည်းမှာပင် ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံသုံးစွဲခဲ့ကြောင်း၊ တစ်နည်းအားဖြင့် ဆေးလိပ်ကြော်ငြာစရိတ် နေ့စဉ်ဒေါ်လာ ၂၆သန်း (သို့မဟုတ်) တစ်နာရီလျှင် ဒေါ်လာ တစ်သန်းကျော်သုံးစွဲနေကြောင်း ၂၀၁၃ ခုနှစ်မှတ်တမ်းများက ဖော်ပြထားသည်။ ကမ္ဘာပေါ်တွင် စီးကရက်နှင့်ဆေးရွက်ကြီးထုတ်ကုန် ထုတ်လုပ်မှုအများဆုံးမှာ တရုတ်၊ အိန္ဒိယနှင့် ဘရာဇီးတို့က အစဉ်လိုက်ဖြစ်ပြီး အမေရိကန်က စတုတ္ထလိုက်သည်။ ၎င်းတို့သုံးစွဲနေသည့် ကြော်ငြာစရိတ်ကို ကြည့်ခြင်းအားဖြင့် စီးကရက်၊ ဆေးရွက်ကြီးလုပ်ငန်း၏ အမြတ်အစွန်းကြီးမားမှုကို ခန့်မှန်းနိုင်သည်။

စီးကရက်ကြော်ငြာများဖြင့် ဆွဲဆောင်၍ စီးကရက်သောက်သုံးသူများပြားလာစေရန် ကုမ္ပဏီကြီးများ၏ ကြိုးပမ်းမှုများကို ဆန့်ကျင်တုံ့ပြန်ပြီး စီးကရက်နှင့် ဆေးရွက်ကြီးသုံးစွဲမှုများ လျော့နည်းလာစေရန် ရည်ရွယ်၍ ယခု ၂၀၁၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်ကို **''Get Ready for Plain Packaging''** (ဆေးလိပ် ဆေးရွက်ကြီးသောက်သုံးမှုလျှော့ချရေး ထုပ်ပိုးမှုစံသတ်မှတ်ပေး ဝိုင်းဝန်းအကောင်အထည်ဖော်စို့မနှေး) ဟူ၍ သတ်မှတ်ထားရာ စီးကရက်ဘူးပေါ်တွင် မည်သည့် အရောင်အသွေး၊ အမှတ်တံဆိပ်၊ ရုပ်ပုံ၊ စာသားတို့မျှမပါရှိစေဘဲ ဆွဲဆောင်မှုမရှိသော ပြောင်စက္ကူဘူးများအဖြစ်သာ ထုတ်လုပ်ကြရန် နှိုးဆော်ထားခြင်းဖြစ်သည်။ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုလျှော့ချဖြတ်တောက်ခြင်းအားဖြင့် တစ်ဦးချင်းစီ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုကို အထောက်အကူဖြစ်စေမည့်အပြင် အပိုကုန်ကျစရိတ်များကိုပါ လျှော့ချနိုင်ခြင်းကြောင့် လူမှုစီးပွားဘဝကိုလည်း ပိုမိုတိုးတက်မြင့်မားလာစေမည် ဖြစ်ပါကြောင်း။ ။




# ဆေးဝါးအတုတိုက်ဖျက်ရေး စီမံချက်သီပေါမြို့၌ ဆွေးနွေးညှိနှိုင်း

**သီပေါ မေ ၃၀**

ဆေးဝါးအတုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်ဆွေးနွေးဟောပြောခြင်းအခမ်းအနားကို မေ ၂၉ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးညွန့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက ဆေးဝါးအတုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့်ပတ်သက်သော ရှေ့ဆက်ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ် ဒေါက်တာနန်းရှုပဟန်က ဆေးဝါးအတုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင်ပါဝင်ဆောင်ရွက်မည့်အဖွဲ့အစည်းများ၊ ဆောင်ရွက်သွားရမည့် နည်းစနစ်များကို ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးတက်ရောက်လာသူများက ပါဝင်ဆွေးနွေးအကြံပြုခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

**ထင်သာမြင်သာပြုပြင်စရာ**

# ကျောင်းဆောက်ပြီးသော်လည်း ကျောင်းဖွင့်ခွင့်မရသေး၍ ကျောင်းသားကျောင်းသူများ ပညာရေးခက်ခဲနေ

**မိတ္ထီလာ မေ ၃၀**



မိတ္ထီလာမြို့အနောက်ဘက် ခုနစ်မိုင်အကွာ ညောင်ပင်သို့ကျေးရွာအုပ်စုရှိ ကျီကုန်းကျေးရွာမှာ အိမ်ခြေ ၉၈ အိမ်ရှိပြီး လူဦးရေ ၇၄၀ ရှိသည်။ ကျီကုန်းကျေးရွာသူကျေးရွာသားများမှာ ပညာရေးကို အထူးလိုလားနေကြသည်။

ထို့ကြောင့်၂၀၁၀ ပြည့်နှစ်က ပညာရေးဌာန၏ မူလတန်းကျောင်းပုံစံအတိုင်း အလျားပေ ၈၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိ နံကပ်ပတ်ကား မူလတန်းကျောင်းတစ်ကျောင်းကို ဆောက်လုပ်ခဲ့သည်။ သို့သော် ကျောင်းကော်မတီ၏ အားနည်းချက်ကြောင့် ပညာရေးဌာနသို့ ကျောင်းဖွင့်ခွင့်မတင်ဖြစ်ခဲ့ချေ။

ယခု ကျီကုန်းကျေးရွာတွင် မူလတန်းကျောင်းသစ်ဆောက်လုပ်ပြီးသည်မှာ ခြောက်နှစ်ကြာသော်လည်း မူလတန်းကျောင်းဖွင့်ခွင့်မရသေးသဖြင့် ကျီကုန်းကျေးရွာမှ ကျောင်းသား ကျောင်းသူ ၆၀ တို့မှာ ကျီကုန်းကျေးရွာနှင့် နှစ်မိုင်ခန့်ဝေးကွာသည့် ဖက်တောကျေးရွာမူလတန်းကျောင်းသို့ သွားရောက်ပညာသင်ကြားနေကြရသည်။

ကျီကုန်းကျေးရွာနှင့် ဖက်တောကျေးရွာကြားတွင် ဖက်တောချောင်းကိုဖြတ်၍ ပညာသင်ကြားနေရသဖြင့် နွေရာသီတွင် အန္တရာယ်မရှိသော်လည်း မိုးရာသီတွင် ကျောင်းသား ကျောင်းသူများ ချောင်းရေထဲပါသွားမည်ကို မိဘများက စိုးရိမ်ပူပန်နေကြသည်။

ထို့ကြောင့် ကျီကုန်းကျေးရွာ၏ ပညာရေး လိုအပ်ချက်အတွက် ကျီကုန်းကျေးရွာ မူလတန်းကျောင်းအား ပညာရေးဌာနက အမြန်ဆုံး ဖွင့်လှစ်ပေးရန် ကျောင်းသားမိဘများက လိုလားနေကြသည်။

**တင်လှိုင် (မိတ္ထီလာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၀-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၁၀ / ၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၅၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၄၀ / ၅၇၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၀·၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၀·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၄·၃၆ |
| ထိုင်း | တစ်ဘတ် | ၃၂·၉၈၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇·၆၀၁ |
| တရုတ် | တစ်ယွမ် | ၁၇၉·၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၇·၉၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဖိဂျီသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာများပေးအပ်



**နေပြည်တော်  မေ ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ဖိဂျီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဖီလီမုန်းကူး(**ယာပုံ**)သည် ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဂျုံဟိုဘွန်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ သမ္မတအိမ်တော်၌ သံအမတ်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

သံအမတ် ခန့်အပ်လွှာပေးအပ်ပွဲများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဝန်ထမ်းများ စိတ်ဓာတ်ခွန်အားတိုးပွားစေရေး ဟောပြောပွဲကျင်းပ

**နေပြည်တော်  မေ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းလက်အောက်ရှိ ဝန်ထမ်းများ စဉ်ဆက်မပြတ် ပညာဆည်းပူးလေ့လာစေရေးနှင့် စိတ်ဓာတ်ခွန်အားများ ရရှိစေရေးအတွက် ရည်ရွယ်၍ မေ ၃၀ ရက်က နေပြည်တော် ဇေယျာသီရိမြို့နယ် ကြေးမုံသတင်းစာတိုက်ရှိ ဘိုးဝဇီရခန်းမ၌ ဟောပြောပွဲကျင်းပသည်။ **(အောက်ဝဲပုံ)**




အဆိုပါဟောပြောပွဲတွင် မန္တလေးမြို့ရှိ စည်သူရောင်းဝယ်ရေးကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးအောင်မြင့်ထွန်းနှင့် Lucky Home Group of Company မှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်သီတာစန်းတို့က မိမိတို့ ဖြတ်သန်းလာခဲ့ရသည့် စီးပွားရေးလုပ်ငန်း၌ စိန်ခေါ်မှုအမျိုးမျိုး၊ တွေ့ကြုံခဲ့ရသည့် အခက်အခဲ အကျပ်အတည်းများ၊ စိတ်ဓာတ်ခွန်အားခိုင်ကြည်ရန် ကျင့်ကြံအားထုတ်မှုများအပြင် စီးပွားရေးအတွေးအမြင်များ၊ ဝန်ထမ်းများအတွက် စိတ်စွမ်းရည်တက်ကြွမှု သာဓကများဖြင့် ဟောပြောဆွေးနွေးခဲ့ကြသည်။

ဟောပြောဆွေးနွေးမှုနှင့်စပ်လျဉ်း၍ ဝန်ထမ်းများက သိလိုသည်များကို မေးမြန်းကြရာ ဟောပြောဆွေးနွေးကြသည့် ဆရာဆရာမတို့က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ အခမ်းအနားသို့ မြန်မာ့အလင်း၊ ကြေးမုံနှင့် နေပြည်တော် သတင်းစာတိုက်များမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-သိမ့်သိမ့်မိုး၊ ဓာတ်ပုံ-နိုင်လင်းကြည်**

◆ *ကျောဖုံးမှ*

"အွန်လိုင်းပို့ကုန် သွင်းကုန် လိုင်စင်စနစ်မှာ လိုင်စင်လျှောက်ထားမှုနှင့် ထုတ်ယူမှုတို့အား မိမိတို့ဌာနသို့ ကိုယ်တိုင်လာရောက်ဖို့မလိုဘဲ ကုမ္ပဏီရုံးခန်းကနေ လျှောက်ထားနိုင်ခြင်း၊ ငွေပေးချေမှုစနစ်အပါအဝင် ငွေကြေးလုံခြုံမှုစနစ်တွေ၊ လိုင်စင်အချက်အလက် စစ်ဆေးမှုစနစ်၊ ထောက်ခံချက် ပေးပို့စစ်ဆေးနိုင်တဲ့ စနစ်တွေပါဝင်ပါတယ်။ ဒီစနစ်ကို ၂၀၁၆ ခုနှစ် ဇွန်လအတွင်း စတင်စမ်းသပ်အသုံးပြုနိုင်ဖို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး စတင်တဲ့အချိန်မှာ ထောက်ခံချက်မလိုတဲ့ ပို့ကုန် သွင်းကုန် ကုန်ပစ္စည်းအမယ်အချို့နဲ့ စတင်ထုတ်ပေးမှာဖြစ်ပါတယ်။ ပို့ကုန် သွင်းကုန် လိုင်စင်တစ်စောင်ကို အချိန်ပိုင်းတစ်ခုအတွင်း၌ လျှောက်ထားထုတ်ယူနိုင်တော့မှာဖြစ်တဲ့အတွက် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးကို များစွာ အထောက်အကူပြုနိုင်တော့မှာဖြစ်ပါတယ်"ဟု ဦးရန်နိုင်ထွန်းက ပြောသည်။

ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Digitization of Myanmar Import License Application Project လုပ်ငန်းများဆောင်ရွက်ပြီးစီးပြီ ဖြစ်သည့်အတွက် လိုင်စင်များ လျှောက်ထားရာတွင် လိုအပ်သော ထောက်ခံချက်ပေးမှု၊ K9 ရာခိုင်နှုန်းတွက်ချက်မှုတို့ကို အီလက်ထရွန်နစ်စနစ်ဖြင့် Fully Online License စနစ်သို့ ပေးပို့ချိတ်ဆက်၍ CMP လိုင်စင်လျှောက်ထား/ထုတ်ပေးခြင်းများကို သက်ဆိုင်ရာ စက်ရုံများက တိုက်ရိုက်ဆောင်ရွက်လာနိုင်တော့မည်ဖြစ်ကြောင်းလည်း သိရသည်။

တစ်ဖန် ပို့ကုန်သွင်းကုန် အချက်အလက်များကို အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနက ချိတ်ဆက်ညှိနှိုင်း ပြင်ဆင်ထားရှိပြီး Myanmar Automatic Cargo Clearance System MACCS စတင်အသုံးပြုချိန်တွင်လည်း အီလက်ထရွန်နစ် ဒေတာပေးပို့သည့်စနစ်ဖြင့် အကောက်ခွန်ဦးစီးဌာနသို့ ပေးပို့ဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ အွန်လိုင်းအပြည့်အဝအသုံးပြု ပို့ကုန်သွင်းကုန် လိုင်စင်စနစ်လျှောက်ထားခြင်းကို ဇွန် ၇ ရက်မှ စတင်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် လျှောက်ထားသူ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် အချက်အလက်ပြည့်စုံပါက ၁၀ မိနစ်အတွင်း လိုင်စင်လျှောက်ထားမှု ပြီးစီးမည်ဖြစ်၍ အချိန်ကုန်ပင်ပန်းမှုများ သက်သာကာ ကုန်သွယ်မှုမြန်ဆန်လာမည်ဖြစ်သည်။




ပြည်ပမှတင်သွင်းလာသော ကုန်တင်ယာဉ်များကို မြဝတီနယ်စပ်ဂိတ်တွင် တွေ့ရစဉ်  ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန်/ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းအား ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော်  မေ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် Memory Cinema မှ Co-Managing Director Ms.Severine Wemaere နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် Memory International Heritage Film Festival ကျင်းပမည့်ကိစ္စရပ်များနှင့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

မြေသားတာပေါင် မြှင့်တင်ခြင်း၊ အုတ်ကွန်ကရစ်ဖြင့် တာပေါင်မြှင့်တင်ခြင်း၊ ပုံစံကျတည်ဆောက်ခြင်း လုပ်ငန်းပြီးစီးနေပြီဖြစ်သည့်အပြင် ညောင်တုန်းမြို့ ၉ လမ်းမှ ၁၂ လမ်း ကွဲအက်နိမ့်ကျခဲ့သော ရေကာတာနေရာတွင် အဓိကထား ဆောင်ရွက်လျက်ရှိသည့် နေရာတွင်လည်း သဲအိတ်ကြီးများချခြင်း၊ ရေရှိန်သပ် သုံးချောင်းထောက် ကျောက်တုံးများချခြင်း၊ ဘိုးပိုင်များရိုက်ခြင်း၊ သံကူကွန်ကရစ်ပိုင်ခုံများနှင့် ရေကာနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးနေသော်လည်း နောက်ဆုံးအပြီးသတ်ရန်အတွက် ကျန်ရှိနေသေးသည့် မြေသယ်ခြင်း၊ မြေဖို့ခြင်း၊ မြေညှိခြင်း၊ ကွန်ကရစ်လုပ်ငန်းနှင့် ကျောက်စီလုပ်ငန်းများ အနည်းငယ်ကျန်ရှိနေခြင်းဖြစ်သည်။

မိုးရွာသွန်းမှုကြောင့် မြေဖို့ခြင်း၊ မြေညှိခြင်းလုပ်ငန်းများတွင် ဗွက်လည်နေမှုကြောင့် ခက်ခဲစွာ ဆောင်ရွက်နေရသော်လည်း လုပ်ငန်းများ မကြာမီပြီးဆုံးစေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်  မေ ၃၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**(မိုး/၉လ)**

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရေး ဆက်ဆံရေးတိုးမြှင့်ရေးနှင့် ဒေသတွင်းလုံခြုံရေးဆွေးနွေး

**နေပြည်တော် မေ ၃၀**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ စင်ကာပူတပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူး Brigadier General Ong Tze-Ch'in အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရေး၊ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးနှင့် ဒေသတွင်းလုံခြုံရေးနှင့် နည်းပညာရပ်များ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(မြဝတီ)**



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် စင်ကာပူတပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူး Brigadier General Ong Tze-Ch'in နှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်
(ဓာတ်ပုံ-မြဝတီ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများ ဝန်ကြီးဌာနများတွင်ဟောပြော

**နေပြည်တော် မေ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်မောင်းများနှင့် ဆိုင်ကယ်စီးနင်းသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော ဆောင်ရွက်မှုအဖြစ် အမှတ်(၁)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ (နေပြည်တော်)က ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းတို့တွင် ဟောပြောဆောင်ရွက်ကြသည်။ **(ယာပုံ)**

ပညာပေး ဟောပြောရာတွင် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ် ငါးမျိုး၊ ခြေကျင်လမ်းလျှောက်သူ၊ အနေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများလိုက်နာရန် စည်းကမ်းချက်များ၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမှားအမှန် သရုပ်ပြပုံများ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေများကို ယာဉ်ထိန်းရဲ အရာရှိများက အသေးစိတ်ဆွေးနွေး ဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# နယ်စပ်တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းဖွင့်

**ရန်ကုန် မေ ၃၀**

နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က အမှာစကားပြောကြားပြီး သင်တန်းများ ဖွင့်လှစ်လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

သင်တန်းသို့ နယ်စပ်ဒေသရှိ သင်တန်းသူ ၁၀၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ်သုံးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ပထမရက် ၁၀၀ အတွင်း ဖြည့်ဆည်းပေးနိုင်ရန် လုပ်ငန်းကိုးရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုသင်တန်းကျောင်းတွင် ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းများကို ဇွန်လတွင် လူဦးရေ ၁၀၀၊ ဇူလိုင်လတွင် လူဦးရေ ၁၀၀ လေ့ကျင့်သင်ကြားပေးပြီး သင်တန်းဆင်းတိုင်းရင်းသူများအား အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းလျက် အထည်ချုပ်စက်ရုံများတွင် အလုပ်အကိုင် ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

# SSA(ရှက်ဆစ်)အဖွဲ့မှ အဓမ္မလူသစ်စုဆောင်းခြင်းနှင့် ဆက်ကြေးကောက်ခံခြင်းကြောင့် မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ဒေသခံတချို့ပြောင်းရွှေ့




**နေပြည်တော် မေ ၃၀**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းပျဉ်းမြို့နယ် ကိုးမိုင်ကျေးရွာသို့ မေ ၂၉ ရက်တွင် တာကော်ကျေးရွာအုပ်စု နမ့်ငင်းကျေးရွာနှင့် ဝမ်မိုင်ကုန်းဆာကျေးရွာတို့မှ အိမ်ထောင်စုများ ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး ၎င်းတို့သည် SSA (ရှက်ဆစ်)အဖွဲ့၏ အဓမ္မလူသစ် စုဆောင်းမှုကြောင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ပြောင်းရွှေ့လာသူများကို တာဝန်ရှိသူများက မေးမြန်းရာ SSA (ရှက်ဆစ်)အဖွဲ့သည် ၂၀၁၆ ခုနှစ် ဧပြီလအတွင်း ယင်းကျေးရွာများမှ အသက် ၁၈ နှစ်နှင့် ၁၉နှစ် ကြား အမျိုးသားများကို တစ်အိမ်ထောင်လျှင် တစ်ဦးနှုန်း လူသစ်စုဆောင်းပေးရန်နှင့် မစုဆောင်းနိုင်ပါက တစ်အိမ်ထောင်လျှင် ငွေကျပ်လေးသောင်းနှုန်းပေးအပ်ရန် တောင်းခံခဲ့ကြောင်း၊ ထို့ကြောင့် ကျေးရွာသူကြီးမှ တစ်ဆင့် မေ ၄ ရက်တွင် တစ်အိမ်ထောင်လျှင် ငွေကျပ် နှစ်သောင်းခွဲနှုန်းဖြင့် ပေးဆောင်ခဲ့ရပြီး ကျန်ရှိငွေအား ထပ်မံပေးအပ်နိုင်ခြင်းမရှိ၍ ဆွေမျိုးများ နေထိုင်ရာကျေးရွာများသို့ ပြောင်းရွှေ့နေထိုင်ရန် ထွက်ခွာလာခြင်းဖြစ်ကြောင်း သိရသည်။

နမ့်ငင်းကျေးရွာသို့ အိမ်ထောင်စု ငါးစု၊ လူဦးရေ ၂၁ ဦးနှင့် ဝမ်မိုင်ကုန်းဆာကျေးရွာသို့ အိမ်ထောင်စု နှစ်စု၊ လူဦးရေ ၁၁ ဦး စုစုပေါင်း ၃၂ ဦး ပြောင်းရွှေ့လာခြင်းဖြစ်ပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ပြောင်းရွှေ့လာသူများအတွက် ဆန်သုံးအိတ်၊ ဆီခြောက်ပိဿာနှင့် စားသောက်ဖွယ်ရာများ**(အပေါ်ပုံ)**၊ မိုင်းပျဉ်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ ဆန်ခုနစ်အိတ်နှင့် ကလေးများအတွက် ကျောင်းဝတ်စုံ ၂၀ စုံတို့ကို ပေးအပ်ခဲ့ပြီး တပ်မတော်ဆေးကုသရေးအဖွဲ့က လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

SSA (ရှက်ဆစ်)အဖွဲ့သည် မေလအတွင်းကလည်း မိုင်းပျဉ်းမြို့နယ် ဆင်မောင်းကျေးရွာ အုပ်စုအတွင်း ကျေးရွာများရှိ တည်ခိုခန်းများ၊ စားသောက်ဆိုင်များနှင့် နေအိမ်ဈေးဆိုင်များမှ ဆက်ကြေးငွေများ ကောက်ခံခဲ့ကြောင်း သိရှိရသည်။ ထို့ကြောင့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်က ကျိုင်းတုံမြို့ရှိ SSA (ရှက်ဆစ်)အဖွဲ့ ဆက်ဆံရေးရုံး တာဝန်ခံအားခေါ်ယူ၍ ပြည်သူလူထုအား ဆက်ကြေးငွေကောက်ခံခြင်းနှင့် လူသစ်စုဆောင်းခြင်းများ မပြုလုပ်ရန်၊ ယခုကဲ့သို့ ပြုလုပ်နေခြင်းသည် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး ငြိမ်းချမ်းရေးစာချုပ်ပါ သဘောတူညီချက်များအား ဖောက်ဖျက်ရာရောက်ကြောင်း သတိပေးပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြဝတီ)**



# ပြည်သူတွေရဲ့ ရက် ၁၀၀

**ခင်ဘုန်းသွယ်**

ရက် ၁၀၀ စီမံကိန်းက အခုရက်ပိုင်းအတော်လေး ရေပန်းစားလေသည်။ ဘယ်နေရာသွားသွား ကြားနေရသည်က ရက် ၁၀၀၊ လူအများ စုစု စကားပြောရာနေရာမှာလည်း ရက် ၁၀၀ က မပါမပြီး လမ်းထိပ်က အသုပ်ဆိုင်လေးမှာတောင် အသုပ်စားကြရင်း ရက် ၁၀၀ အကြောင်း ဆွေးနွေးနေကြသည်။ ရက် ၁၀၀ အတွင်းမှာ ပြည်သူတို့မျှော်လင့်နေကြသောဥပဒေတွေလည်း ပေါ်ထွက်လာသည်။ ကျူးကျော် လော်စပီကာ ကွမ်းတံတွေး ဘတ်စ်လိုင်းတွေ ဒီလိုမျိုး ပြည်သူနှင့် အလွန်နီးစပ်သော လိုက်နာကျင့်သုံးသင့်သည့် ဥပဒေတွေ၊ စီမံချက်တွေ။

ဟိုယခင်ခေတ်ကတော့ ကျွန်မတို့တစ်တွေသည် စီမံချက်တစ်ခုထွက်လာရင် ကိုယ်နှင့်မသက်ဆိုင်သလို၊ ကိုယ့်ကိုယ်ကျိုးကို ရှေးရှုလုပ်ဆောင်ပေးမှာမဟုတ်သလို ထင်ကြမြင်ကြသည်။ ထိုသို့သော အထင်အမြင်များအတိုင်းလည်း စီမံချက်များက ပြစ်ဒဏ်ပေးရမည့်သူများကို တကယ်ပေးရမည့် ပြစ်ဒဏ်ကို မပေးတတ်ကြပါချေ။ ပြစ်မှုကျူးလွန်သူများကို ညှိနှိုင်းပြီး တရားရုံးတွင် ပေးဆောင်ရခြင်းမဟုတ်သော ပြင်ပတွင် လက်သိပ်ထိုးပေးရသည့်ငွေကိုသာ သက်ဆိုင်ရာအစိုးရဝန်ထမ်းတို့က တောင်းယူသွားကြသည်။ ဆိုတော့ ဥပဒေကို အတည်ပြုပေးမည့် လုပ်ပိုင်ခွင့်အာဏာရှိသူများကလည်း ကိုယ်ကျိုးများသာကြည့်ပြီး ဥပဒေကိုလိုက်နာရမည့် ပြည်သူများကလည်း ကိုယ်ကျိုးနှင့် ယှဉ်လာသည့်အခါ ဥပဒေကို လိုက်နာခြင်းထက် ငွေကြေးနှင့် ညှိနှိုင်းဖြေရှင်းလိုက်သည့် ထုံးစံနောက်ကိုသာ လိုက်နေခဲ့ကြသည်မှာ ရာစုနှစ်များစွာပါ။

ခုတော့ ခေတ်ပြောင်းလာပြီ။ ခေတ်ပြောင်းချိန် ဥပဒေတွေလည်း အသက်ဝင်အောင် လုပ်ဆောင်ကြတော့သည်။ တကယ်ရော အများပြည်သူက ပြောင်းလဲလာသည့် ဥပဒေအစီအမံတွေနောက်ကိုလိုက်ကြဖို့ အဆင်သင့်ဖြစ်နေပါပြီလား။ ဟိုတစ်နေ့က မနက်စောစော အိပ်ရာကထပြီး နောက်ခန်းလေးထဲမှာနေနေတုန်း ဝုန်းခနဲ အသံကြားလိုက်ရသည်။ အထုပ်တစ်ထုပ် ပစ်ချလိုက်သောအသံပါ။ သေချာတာကတော့ အမှိုက်ထုပ်နောက်ဖေးလမ်းကြားထဲကို ပစ်ချလိုက်ခြင်းပါပဲ။ ဒီလိုခေတ်အခါကြီးမှာ ဒီလိုစည်းကမ်းမဲ့လုပ်ရပ်တွေ လုပ်နေကြတုန်းပဲလားလို့ တွေးမိရင်း လမ်းကြားထဲမှာ ပုံနေမယ့် အမှိုက်တွေကို မြင်ယောင်မိရသည်။ တကယ်ဆို ဒီလိုနောက်ဖေးလမ်းကြားထဲ ပစ်လိုက်တဲ့အမှိုက်တွေဟာ စည်ပင်ရဲ့တာဝန်နဲ့မသက်ဆိုင်ဘူးလို့လည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောပြလို့ သိရသည်။ အဲဒီအမှိုက်တွေကို ရှင်းလင်းပစ်ဖို့ရာမှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၊ မြို့မိမြို့ဖတို့ကသာ ဦးဆောင်ပြီး လုပ်ရသည်။ စည်ပင်ကတော့ တစ်ခါတလေ ကားကူညီပေးတတ်ပါတယ်လို့ ဆိုလေသည်။ ကားစရိတ်နဲ့ သယ်ယူပို့ဆောင်ရေးစရိတ်ကို ခံနိုင်တယ်ဆိုရင်တောင်မှ အဲဒီအမှိုက်တွေကို ရှင်းလင်းသယ်ဆောင်ပေးမယ့် သူကို ခေါ်ရခက်ပါသတဲ့။ အမှိုက်တွေကနေ ရောဂါပိုးမွှားတွေ ကူးစက်မှာ ကြောက်ကြလို့ပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေက ဘယ်လောက်ပဲ နှိုးဆော်နှိုးဆော်အမှိုက်များကို ပစ်ချမြဲ ပစ်ချနေသူတွေက ရှိမြဲရှိဆဲဖြစ်သည်။ ဒီလိုနဲ့ တစ်နှစ်သိမ်းပြီးသွားသော လမ်းကြားတွေလည်း ရက်ပိုင်းလပိုင်းသာခံပြီး နောက်တစ်နှစ်ကျ နောက်တစ်ခေါက် ထပ်ရှင်းရပြန်တာပဲဖြစ်သည်။

ဒီလိုပါပဲ ဟိုတစ်နေ့ကလည်း လမ်းသွားရင်း ကားက မီးပွိုင့်မိနေတုန်း ဘေးချင်းကပ်ကားက ကားမှန်လေးချလို့ လက်လုလုလေး တစ်ဖက်ထွက်လာလို့ လက်ကလေးကို ငေးကြည့်မိနေတုန်း အဲဒီလက်လုလုလေးက မလုမပ ပလတ်စတစ်တစ်စကို လမ်းမထက်ကိုပစ်ချပြီး ကားမှန်လေး ပြန်ပိတ်သွားတော့သည်။ ကိုယ့်မှာသာ လမ်းမထက် လွင့်ပါသွားတဲ့ အမှိုက်လေးကိုလိုက်ကြည့်ရင်း ဘာဖြစ်လို့များ ဒီလို လက်လုလုလေးက အမှိုက်တစ်စကို လမ်းမထက်ကို အလွယ်တကူပစ်ချရက်တာပါလိမ့်လို့ နှမြောတသစွာ တွေးမိရသည်။ အရင်အကျင့်တွေကို ဘာဖြစ်လို့များ အခုချိန်ထိ မပြောင်းလဲသေးပါလိမ့်မလဲ။ ဒီလို လမ်းမထက် အမှိုက်ပစ်ချသူတွေ တစ်နေ့တစ်နေ့ ဘယ်နှဦးလောက်များ ရှိလေမလဲ။ လမ်းမထက်ကို တစ်နေ့တစ်နေ့ အမှိုက်တွေ ဘယ်လောက်လောက်များကျနေပါသလဲ တွေးရင်း စိတ်မကောင်းဖြစ်မိရပါသည်။

တကယ်တော့ ကျွန်မတို့တွေမှာ အခြေခံလူ့ကျင့်ဝတ်စည်းကမ်းလေးတွေကအစ ပြောင်းလဲဖို့လိုနေတာကို အားလုံးအသိပဲ ဖြစ်ပါသည်။ အားလုံးကလည်း အားလုံးကိုယ်စားပြောင်းလဲစရာအမူအကျင့်လေးတွေကို ပြောဆိုကျ အသိပညာတွေ ဝေမျှနေကျတာပဲဖြစ်သည်။ သို့ပေမယ့်လည်း အလွယ်လမ်းလိုက်တဲ့အကျင့်မျိုးကသာ အလွယ်တကူ အကျင့်ဖြစ်လွယ်ပြီး ကောင်းတဲ့အလေ့အကျင့်တွေကို ကျင့်ယူဖို့ဆိုတာကျ အနည်းအကျဉ်းတော့ အခက်တွေ့တတ်ကြမြဲပါ။ ကျင့်ယူဖို့ ခက်ခဲမယ်ထင်ရတဲ့အကျင့်လေးတွေကို စည်းကမ်းဥပဒေပြစ် ဒဏ်လေးတွေနဲ့တွဲပြီး ထိန်းလိုက်တဲ့အခါကျတော့မှသာ အများလည်း မဖြစ်မနေ လိုက်လုပ်ကြရတော့မှာလို့ ဆိုချင်ပါသည်။ တစ်ခုပဲရှိပါသည်။ အခုဟာကတော့ ပြည်သူ့အစိုးရခေတ်ဖြစ်သွားပြီဖြစ်လို့ ဟိုအရင်ကလို စည်းကမ်းထိန်းသိမ်းအပြစ်ယူရမှာ၊ လာဘ်လာဘတွေနဲ့အတူ လျော့တိလျော့ရဲထိန်းသိမ်းတာမျိုး မဖြစ်စေလိုတော့ပါ။ စည်းကမ်းထိန်းသိမ်းမယ့်သူ၊ ဥပဒေအရ ပြစ်ဒဏ် သတ်မှတ်မယ့်သူများကလည်း ပြစ်ဒဏ်ချိုးဖောက်သူများကို အားမနာတမ်း တိုင်းပြည်အကျိုးအတွက်သာ ဦးစားပေးလို့ ထိရောက်တဲ့ပြစ်ဒဏ်များကို ချမှတ်စေလိုပါသည်။ ဒါမှ တစ်စတစ်စနဲ့ ပြစ်ဒဏ်ချိုးဖောက်သူများနည်းပါးလာပြီး စည်းကမ်းပိုင်းဆိုင်ရာ ကောင်းမွန်တိုးတက်မှုတွေ ရလာမှာမဟုတ်ပါလား။ တစ်ခါ မတော်တဆပဲဖြစ်ဖြစ် ရည်ရွယ်ချက်မရှိဘဲနဲ့ပဲဖြစ်ဖြစ် စည်းကမ်းချိုးဖောက်မိသူများကလည်း ကိုယ့်ကိုပြစ်ဒဏ်ချမှတ်ခံလာရပြီဆိုရင် ပြစ်ဒဏ်ကို ရှောင်လွှဲဖို့မကြိုးစားဘဲ ကိုယ့်အပြစ်ကို ကိုယ်တာဝန်ယူစိတ်လေးတွေ မွေးလို့ ကိုယ့်ကိုယ်ကို အသိလေးထားပြီး ပြုပြင်သွားမယ်ဆိုရင်တော့ ကျွန်မတို့တိုင်းပြည်ကြီးက စည်းကမ်းပျက်ပြားနေမှုတွေဟာ မကြာခင် အချိန်တိုလေးအတွင်းမှာ ပျောက်ပျက်ပြီး စည်းနဲ့ ကမ်းနဲ့ တိုင်းပြည်ကြီး ဖြစ်လာရမှာပါ။

တကယ်ဆို ရက် ၁၀၀ စီမံကိန်းတွေဆိုတာ အစိုးရကပဲ ရှေ့ဆောင်အကောင်အထည်ဖော်နေရုံနဲ့ မဖြစ်သေးပါဘူး။ ပြည်သူတွေကလည်း ကိုယ်ပိုင် ရက် ၁၀၀ စီမံကိန်းလေးတွေထားလို့ ကိုယ့်ကိုယ်ကိုယ်ပြုပြင်ယူသွားကြမယ်ဆိုရင်ဖြင့် အကောင်းဆုံးပါ။ ဒါကြောင့်မို့ အခုလက်ရှိ ထွက်ပေါ်လာတဲ့ ပြစ်ဒဏ်ဥပဒေတွေကို အများကဝိုင်းဝန်းပြီး ဂရုတစိုက်နဲ့ အလေးထားလိုက်နာဆောင်ရွက်ကြရအောင်ပါလို့ ဆိုပါရစေတော့။ ။

**နောက်ခန်းလေးထဲမှာ နေနေတုန်း ဝုန်းခနဲ အသံကြားလိုက်ရသည်။ အထုပ်တစ်ထုပ် ပစ်ချလိုက်သောအသံပါ။ သေချာတာကတော့ အမှိုက်ထုပ်နောက်ဖေးလမ်းကြားထဲကို ပစ်ချလိုက်ခြင်းပါပဲ။ ဒီလိုခေတ်အခါကြီးမှာ ဒီလိုစည်းကမ်းမဲ့လုပ်ရပ်တွေ လုပ်နေကြတုန်းပဲလားလို့ တွေးမိရင်း**

## ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် အလှူရှင်များ လိုအပ်လျက်ရှိ

**တပ်ကုန်း မေ ၃၀**

နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ ရွှေမြို့ကြီး ဂိုဏ်းထောက် ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၌ ကျောင်းသားကျောင်းသူများ တိုးတက်များပြားလာသည့်အတွက် လက်ရှိကျောင်းဆောင်မှာ လုံလောက်မှုမရှိသောကြောင့် ကျောင်းဆောင် အလှူရှင်များ အရေးတကြီး လိုအပ်နေကြောင်း ကျောင်းအုပ်ဆရာတော်ထံမှ သိရသည်။

"ကျောင်းအပ်တဲ့ ကျောင်းသားကျောင်းသူဦးရေက တစ်နှစ်ထက်တစ်နှစ် ပိုများလာတဲ့အတွက် လက်ရှိကျောင်းဆောင်က မလုံလောက်တော့ ကျောင်းသားလေးတွေ စာသင်ကြားရာတွင် အခက်အခဲတွေဖြစ်ပေါ်မှာကို စိုးရိမ်မိတယ်။ ကျောင်းဆောင်အသစ်တစ်ဆောင်လောက် ဆောက်ချင်ပေမယ့် ဘုန်းကြီးအနေနဲ့ မတတ်နိုင်ဘူး။ ဒါ့ကြောင့် လှူဒါန်းလိုတဲ့ကျောင်းဆောင် အလှူရှင်၊ စေတနာရှင်တွေအရေးတကြီး လိုအပ်နေပါတယ်" ဟု ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဉာဏိဿရိယက မိန့်ကြားသည်။



အဆိုပါ ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း၌ ပြီးခဲ့သည့်နှစ်စာရင်းအရ ကျောင်းသား ကျောင်းသူ ပေါင်း ၄၀၀ ခန့်ရှိပြီး ဆရာတော်ဦးဆောင်ကာ ဆရာ၊ ဆရာမ စုစုပေါင်း ၁၀ ဦးဖြင့် သင်ကြားနေကြောင်း သိရသည်။

ရွှေမြို့ကြီးဂိုဏ်းထောက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ၁၉၉၃ ခုနှစ်က တရားဝင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် မူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း၊ လက်ရှိတွင် ဘွဲ့ရပညာတတ်များစွာကို မွေးထုတ်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဘုန်းတော်ကြီး ပညာသင်ကျောင်းအဖြစ် ဖွင့်လှစ်ခဲ့မှုနှင့်ပတ်သက်ပြီး "စတင်ဖွင့်လှစ်စဉ်ကတော့ လိုအပ်ချက်တွေ၊ အခက်အခဲတွေ အမျိုးမျိုး ကြုံတွေ့ခဲ့ရပါတယ်။ ပညာရေးတိုးတက်မြင့်မားစေဖို့အတွက် အခက်အခဲတွေကို အတတ်နိုင်ဆုံး အဆင်ပြေအောင် ကြိုးစားခဲ့တယ်" ဟု ဆရာတော်က ဆက်လက်မိန့်ကြားသည်။

**မောင်လွင်(တပ်ကုန်း)**

## သဲကုန်းမြို့နယ် ကျောင်းအပ်နှံရေးနှင့် အခမ်းအနားကျင်းပ

**သဲကုန်း မေ ၃၀**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပုတီးကုန်းမြို့အခြေခံပညာအထက်တန်းကျောင်း မြသီလာခန်းမ၌ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအေးကျော်က ကျောင်းအပ်နှံရေးနှင့် ပတ်သက်သည့် အချက်အလက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးလုပ်ငန်း အောင်မြင်ရေးအတွက် ပညာရေးဝန်ကြီးဌာနက ကျောင်းဆောင်များဆောက်လုပ်ရန်နှင့် ကျောင်းဝတ်စုံများ၊ ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များအတွက် ပံ့ပိုးငွေကျပ် ၅၄၂ ဒသမ ၈၂ သန်း၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများက ပံ့ပိုးငွေကျပ် ၁၅ သိန်းငါးသောင်းနှင့် KG အထောက်အကူပြုပစ္စည်းပုံးများအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဟိုပင်၌ ကျူးကျော်ဆိုင်များနှင့် အဖီများ ဖယ်ရှားရှင်းလင်းရေး ကွင်းဆင်းဆောင်ရွက်

**ဟိုပင် မေ ၃၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲယာ မြို့မတောင်၊ မြို့မမြောက် ရပ်ကွက်များရှိ ဆိုင်ခန်းများနှင့် အဖီဆိုင်များအား စာရင်းကောက်ယူပြီး မေ ၂၇ ရက် မွန်းလွဲ ၂ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆိုင်ခန်းရှင်များနှင့်တွေ့ဆုံကာ ဇွန် ၁၁ ရက်တွင် အပြီးဖယ်ရှားပေးရန် အသိပေးအကြောင်းကြားခဲ့သည်။

ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့က ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်အရ မေ ၂၆ ရက်နှင့် ၂၇ ရက်များတွင် အဆိုပါ ကျူးကျော်ဆိုင်များနှင့် အဖီများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဌေး၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမိုးအောင်၊ မြို့အထောက်အကူပြုအဖွဲ့ဝင်များ၊ စည်ပင်ကြီးကြပ်မှုကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ စည်ပင်ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့သည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ လိုက်နာဆောင်ရွက်ခြင်းမရှိသော ဆိုင်ခန်းပိုင်ရှင်များအား ပြည်နယ်စည်ပင်သာယာရေးဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုးတိုးမေ(ဟိုပင်)**

## ပြင်ဆင်ဖတ်ရှုပါရန်

မေလ ၂၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၅)၊ ကော်လံ ၁ တွင်ပါ " Intelset Global Sate and Marketing Ltd." **အစား** " Intelset Global sales and Marketing Ltd. " ဟု လည်းကောင်း၊ "အခုတော့ MPT ကနေ Myanmar Sat-1 ဆိုတဲ့ မြန်မာနာမည်နဲ့ ငှားရမ်းအသုံးပြုလိုက်တဲ့အတွက် " **အစား** "အခုတော့ ITCS ကနေ Myanmar Sat-1 ဆိုတဲ့ မြန်မာနာမည်နဲ့ ငှားရမ်းအသုံးပြုလိုက်တဲ့အတွက်" ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။

**စာရေးသူ**

# ကျောင်းစာကြည့်တိုက်

**မောင်စွမ်းရည်**

ဒေါ်အောင်ဆန်းစုကြည်က "ကျောင်းစာကြည့်တိုက်" ဆိုတဲ့စကားလုံးလေးတစ်လုံးကို ကြုံကြိုက်ရာက ထည့်ပြောသွားတဲ့အတွက် အလွန်ဝမ်းသာရပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ကျွန်တော်က တစ်သက်လုံးဆိုသလို ကျောင်းဆရာလုပ်လာခဲ့တာလေ။ ကျောင်းတွေမှာ စာပေဝါသနာပါတဲ့ကျောင်းဆရာရှိရင် စာကြည့်တိုက်တွေ နည်းနည်းပါးပါး အသက်ဝင်လာတတ်ပါတယ်။ အများအားဖြင့်တော့ မြန်မာစာ ဆရာများက စာကြည့်တိုက်ကို တာဝန်ယူရလေ့ရှိပါတယ်။ ကျွန်တော်က မြန်မာစာ ဆရာပါ။

ကျွန်တော်တို့ ကျောင်းသားဘဝမှာတုန်းကတော့ ကျောင်းတွေမှာ ကျောင်းသားသမဂ္ဂတွေ ရှိတုန်းပေါ့။ ကျောင်းသား သမဂ္ဂအမှုဆောင်ထဲမှာ "ဉာဏဗလမှူး" ဆိုတာပါရတယ်။ သူကကျောင်းစာကြည့်တိုက်ကို မြန်မာဆရာတွေနဲ့ တွဲပြီး ကိုင်ရပါတယ်။ ကျောင်းသားတွေ စာကြည့်တိုက်ကို စိတ်ဝင်စားနေအောင် နည်းအမျိုးမျိုးနဲ့ လှုံ့ဆော်ပေးကြပါတယ်။ ကျောင်းမှာ ကျောင်းသားသမဂ္ဂ၊ မိဘဆရာအသင်း၊ မြန်မာစာအဖွဲ့စတဲ့ အသင်းအဖွဲ့တွေက စာပေပြိုင်ပွဲတွေ၊ နံရံကပ်စာစောင်တွေ၊ စာပေဟောပြောပွဲတွေစသဖြင့် စာပေလှုပ်ရှားမှုတွေ လုပ်ပေးရပါတယ်။ ကျောင်းမဂ္ဂဇင်းဆိုတာမျိုး ထုတ်နိုင်ရင် ကျောင်းအဖို့ အလွန်ဂုဏ်တက်ပြီး မြို့မိ မြို့ဖများကလည်း ဂုဏ်ယူစရာဖြစ်ပါတယ်။

မဆလ လက်ထက်မှာ ကျောင်းသားသမဂ္ဂအစား ကျောင်းကောင်စီနဲ့ လမ်းစဉ်လူငယ်အဖွဲ့တွေ ဖွဲ့ပေးလာပါတယ်။ သူတို့က မဆလပါတီရဲ့အရန်လူငယ်အဖြစ် နိုင်ငံရေးကိုပဲ အထူးဇောင်းပေးပါတယ်။ အထက်က နိုင်ငံရေးအာဏာနဲ့လာတာမို့ တချို့ကျောင်းကောင်စီနဲ့ လမ်းစဉ်လူငယ်တို့က ဆရာ ဆရာမတွေကိုတောင် အာခံတတ်ပါသေးတယ်။ ကျွန်တော်ကတော့ သူတို့ကို လမ်းစဉ်လူငယ်လို့ မခေါ်ဘဲ "လမ်းစဉ်လူလည်လေးတွေ" လို့ခေါ်ပါတယ်။ (ထားပါတော့ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါရစေတော့။)

အဲ---အဲဒီမဆလခေတ်တစ်လျှောက်လုံး "လူကြီး" ဆိုတာတွေဆီက စာကြည့်တိုက်ဆိုတဲ့စကားကို နှစ်ပေါင်း ၅၀ ကျော် ၆၀ အတွင်း တစ်ခါပဲ ကြားလိုက်ရပါတယ်။ ဆရာဝန်ကြီး ဒေါက်တာဖေသိန်း ပညာရေးဝန်ကြီး ဖြစ်တုန်းကပါ။ ကျွန်တော်တို့ အခြေခံပညာရုံးချုပ် စာကြည့်တိုက်ကိုတောင် ကြွရောက်ကြည့်ရှုဖူးခဲ့တာကို စာကြည့်တိုက်တာဝန်ယူနေရတဲ့ကျွန်တော်က ဂုဏ်ယူဝမ်းသာလို့မဆုံးပါ။ အခြေခံပညာဦးစီးဌာနဖွဲ့စည်းပုံ (Set up) ထဲမှာ စာကြည့်တိုက်ဌာနရယ်လို့ လုံးဝမပါရှိပါ ဆိုရင် ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ အရပ်ရပ်ကြားကြားသမျှ အံ့သြရပါလိမ့်မယ်။ ဘတ်ဂျက်ခွဲတမ်းလည်း မရှိပါ။ ဒါပေမယ့် "ပညာရေးဌာန" ဆိုတဲ့အတိုင်း ပညာရပ်ဆိုင်ရာ စာအုပ်ပီရိုတွေ ရှိနေပါတယ်။ ဘာသာရပ်အလိုက် သင်ရိုးအဖွဲ့များက ကိုယ်နဲ့ဆိုင်ရာ စာအုပ်စာတမ်းတွေကို ဝယ်ကြရပါတယ်။

နောက်ထပ်အံ့သြစရာတစ်ခုက "ပညာရေးဌာန" ဆိုတာ အလွန်အရေးကြီးပေမယ့် လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၅၀-၆၀ လောက်၊ ရာစုနှစ်တစ်ဝက်လောက်တိုင်အောင် ကိုယ်ပိုင်အဆောက်အအုံရယ်လို့ မရှိခဲ့လို့ ဟိုရွှေ့ ဒီရွှေ့နဲ့ ဟိုပြောင်း ဒီပြောင်းနေခဲ့ရတာ။ ရှစ်လေးလုံးအရေးတော်ပုံကျော်လို့ ကျွန်တော်အလုပ်က အနားယူသည်ထိ ကိုယ်ပိုင်ရုံးအဆောက်အအုံမရှိခဲ့ဘူးဆိုတော့ ရုံးချုပ်စာကြည့်တိုက်လည်း ဘယ်မှာ သီးခြားရှိပါ့မလဲ။ ကျွန်တော်တို့တုန်းကတော့ ကမ်းနားလမ်း၊ ခြောက်ထပ်ရုံးမှာ ကပ်မြောင်နေရတာ။ ဟို-ဟိုရှေးရှေးကာလ၊ ပညာမင်းကြီး ဦးချို၊ ဦးကောင်းတို့ လက်ထက်က စုထားတဲ့ စာအုပ်ပီရိုတွေဟာ ညွှန်မှူး၊ ညွှန်ချုပ် တချို့(တချို့)က ရုံးခန်းအလှဆင်ဖို့၊ အခန်းကာရံတဲ့ ခန်းစည်းလုပ်ဖို့ ခွဲယူကြတာနဲ့ ဟိုတစ်လုံး ဒီတစ်လုံးဖြစ်နေတာ၊ ပညာရေးဝန်ကြီးဦးဖေသိန်း လာကြည့်တဲ့ အချိန်အဝါကိုယူပြီး ကျွန်တော်က အကုန်ပြန်သိမ်းယူခဲ့ရပါတယ်။

နောက်ပြီး စာကြည့်တိုက်ကို တာဝန်ယူရတဲ့ ကျွန်တော့်မှာလည်း "စာကြည့်တိုက်ပညာ" မရှိဘူး။ ရုံးချိန်အပမှာ စာကြည့်တိုက်ပညာဒီပလိုမာ တက်ခွင့်ပြုပါဆိုပြီး ဇွတ်တက်တုန်း၊ ရှစ်လေးလုံးကြီးပေါ်လာလို့ သူများနှစ်နှစ်နဲ့ရတဲ့ဘွဲ့ကို ကျွန်တော့်မှာ လေးနှစ်ကြာခဲ့ပါတယ်။ ကျွန်တော့်ရဲ့ပင်မတာဝန်က မြန်မာစာကျောင်းသုံးစာအုပ် ပြုစုရေး(သင်ရိုးအဖွဲ့) အတွင်းရေးမှူးပါ ။ ကျွန်တော့်မှာ လက်ထောက် ဘွဲ့ရအလယ်တန်းပြနှစ်ယောက်ရှိပါတယ်။ သူတို့ကိုလည်း စာကြည့်တိုက်မှာ သုံးခွင့်ပြုပါလို့ ခွင့်တောင်းပြီးသုံးရပါတယ်။ သူတို့မှာ စာကြည့်တိုက်ပညာမရှိလို့မဖြစ်ဘူး။ ပညာရေးစာကြည့်တိုက်မှူးများဟာ ပညာရေးသဘောတရားတွေ သိရမှာဆိုတော့ ပညာရေးဘွဲ့လည်း မရှိလို့မဖြစ်ဖူးဆိုပြီး လက်ထောက်များကိုလည်း ရုံးချိန်မထိခိုက်စေရပါဘူးလို့တာဝန်ခံချက်နဲ့ ပညာရေးဒီပလိုမာဘွဲ့ရော စာကြည့်တိုက်ပညာဒီပလိုမာဘွဲ့ပါ ယူခိုင်းရပါတယ်။ တစ်ခုတော့ အားနည်းချက်ရှိတယ်။ သူတို့လေးတွေက စာပေသိပ်စိတ်မဝင်စားကြရှာဘူး။ ရှိစေတော့။ အလုပ်တော့ ဖြစ်သွားခဲ့ပါတယ်။

*စာမျက်နှာ ၇ သို့*

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မေလ ၁၁ ရက်နေ့မှ ၂၁ ရက်နေ့အထိ ထွက်ရှိသော စာအုပ်စာရင်း












| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၅၁။ | သုခမိန်စိုး | ဒေသနာနယဆေးပညာနှင့်သိပ္ပံအမြင် | ၂၅၀၀ - | ရန်အောင် |
| ၅၂။ | နီဟိန်းမော် | လေသေနတ်နှင့်ဆင်ဖမ်းမယ့်လူဝတ္ထုတိုများ | ၂၀၀၀- | လင်းသစ်ရောင်စဉ် |
| ၅၃။ | ကလောင်စုံ | သူတို့ဆုံတွေ့ခဲ့ဖူးသော သမ္မတဦးထင်ကျော် | ၃၀၀၀- | Quality |
| ၅၄။ | နတ်နွယ် | တံခွန်တိုင်မောင်နှမများ | ၅၀၀၀- | စိတ်ကူးချိုချို |
| ၅၅။ | ဇော်ဇော်အောင်(မန္တလေး) | မြန်မာနိုင်ငံရေးအနာဂတ်အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ | ၃၀၀၀- | မိခင်ရောဝတီ |
| ၅၆။ | အရှင်သံဝရာလင်္ကာရ | ဒါနကထာသီလကထာ | ၂၅၀၀- | လင်းလွန်းခင် |
| ၅၇။ | အောင်စွမ်း | တပ်မတော်နှင့်မြစ်ကူးချောင်းခြားဖြစ်သွားကြသူများ | ၃၀၀၀- | ဟန်သာဆု |
| ၅၈။ | ကလောင်စုံ | ကမ်းလက်များဆုရဝတ္ထုတိုပေါင်းချုပ် (၃) | ၂၅၀၀- | ကမ်းလက်များ |
| ၅၉။ | ဘကြီးမိုး/ အော်ပီကျယ်ကုမုဒြာ | အမှတ်တရ ၇၉ | ၂၀၀၀- | ပဥ္စင်္ဂ |
| ၆၀။ | ကောင်းဆက်နိုင် | ပြောမိတော့မှာပဲ | ၂၂၀၀- | ရသ |
| ၆၁။ | စာစဉ် | စာစဉ် (၂၀) ရှာဖွေစွန့်စားဇာနည်ဖွား | ၁၅၀၀- | thekeycollection |
| ၆၂။ | သဲထူး | ကျောရိုးမဲ့အထားအသိုဝတ္ထုတိုများ | ၃၀၀၀- | လင်းသစ်ရောင်စဉ် |
| ၆၃။ | ဒေါက်တာစိုးလွင် | သမီးကယောက်ျားပဲလိုချင်တာ လင်မယားလိုအတူနေရမှာတော့ကြောက်တယ်ဆရာ | ၃၅၀၀- | စိုးဇင်စာပေ |
| ၆၄။ | သုမောင် | သုမောင် ၉ | ၁၈၀၀- | ဇွန်ပွင့် |
| ၆၅။ | မောင်မောင်ကျော် (၈၈) | ကံကော်မြေမှသည်ဒေါနတောင်တန်းဆီသို့ | ၅၀၀၀- | ဂန္ဓာဝင်ပညာအိမ် ၂ |
| ၆၆။ | ဒေါက်တာသန်းထွန်း | မြန်မာသမိုင်းပုံ | ၂၀၀၀- | မုံရွေးစာပေ |
| ၆၇။ | နေစိုးထက် | (၉) ဦးမြောက်နိုင်ငံတော်သမ္မတဦးထင်ကျော် (သို့) စာပေသမားနှလုံးသားနှင့်သမ္မတတာဝန် | ၂၀၀၀- | မျိုးမြန်မာစာပေ |
| ၆၈။ | မိုးဟိန်း | ဟာသဝတ္ထုတိုများအမှတ် (၁) | ၂၃၀၀- | စိတ်ကူးချိုချို |
| ၆၉။ | မောင်လွဏ်းဏီ | ကြေးနီမောင်း၊ ကျောင်းသားတွေနိုင်တယ် ခတ်ပုံတွေရေးတဲ့ကဗျာများ | ၁၅၀၀- | တောရိုင်းနှင်းဆီ |
| ၇၀။ | အောင်နှင်း | အမုန်းများငြိမ်းစေသတည်းနှင့် ပညာတော်သင်ကာလနေ့ရက်များ | ၁၈၀၀- | စိတ်ကူးချိုချို |
| ၇၁။ | Kyar Pauk | Strange Old Man | ၅၀၀၀- | အိမ်သူရွှေမ |
| ၇၂။ | ဦးတင့်အောင်(ပျဉ်းမနား) | သလား၊ မလား၊ ပြီးပြီလား | ၂၀၀၀- | သင်းစာပေ |
| ၇၃။ | ပါရဂူ | ဂေါ်ရီ | ၃၀၀၀- | စိတ်ကူးချိုချို |
| ၇၄။ | ဂျာနယ်ကျော်မမလေး | ရင်မှတစ်ရှိုက် | ၂၂၀၀- | စိတ်ကူးချိုချို |
| ၇၅။ | စိန်လင်း | ရွှေစင်မြင်းမိုရ်ဝတ်ရွတ်စဉ်နှင့် တန်ခိုးထက်မြက်သောဂါထာတော်များ | ၃၅၀၀- | လင်းစာပေ |
| ၇၆။ | ကိုရ | အရပ် ၁၀ မျက်နှာလွင့်မျောခြင်းရဲ့ဒုတိယ ဘာသာဗေဒ | ၁၅၀၀- | ယဉ်မျိုး |
| ၇၇။ | စိန်ဝင်းစိန် | သူကြွယ်ပုံပြင် | ၃၅၀၀- | thebookhouse |
| ၇၈။ | နိုင်ပန်းလှ | သူရဲကောင်းသမိန်ဗရမ်း | ၁၂၀၀- | ရွှေဟသာ |
| ၇၉။ | တက္ကသိုလ်စိန်တင် | အိုဘယ့်ရာဇကုမာရ်သားကောင်းရတနာ | ၂၅၀၀- | အားမာန်သစ် |















*စာမျက်နှာ ၆ မှ*

တစ်ခုတော့ ပြဿနာကြုံခဲ့ရပါတယ်။ ကျွန်တော်တို့ ပညာရေးဌာနကို အရှေ့တောင်အာရှ စာကြည့်တိုက်ညီလာခံ တစ်ခုက ဖိတ်ကြားခံရပါတယ်။ ပညာရေးဘွဲ့ကို ရှိသူဆိုလို့ ကျွန်တော်တစ်ယောက်ပဲရှိလို့ ကျွန်တော့်ကို လွှတ်တယ်။ ယူနက်စကိုက ဦးစီးတာနော်။ နောက်တစ်ကြိမ်ဆိုရင် ဗမာပြည်မှာ အခြေခံပညာရေးဌာနက ဦးစီးဖို့ဆိုပြီး ယူနက်စကို ညီလာခံက ဆုံးဖြတ်လိုက်ပါတယ်။ နိုင်ငံခြားကလူတွေ သောကောရောကော ပါလာမှာစိုးလို့ဆိုလား၊ မရေမရာနဲ့ ငြင်းဆိုလိုက်လို့ အခွင့်အရေးကြီးတစ်ခု လက်လွှတ်လိုက်ရပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ရသမျှအခွင့်အရေးကို ရှာပြီးလုပ်ပါတယ်။ ဝန်ကြီးက စာကြည့်တိုက်စိတ်ဝင်စားတယ်ဆိုတဲ့ လေသံကို ဇွတ်ဖတ်ယူပြီး တစ်ပြည်လုံးရှိ အထက်တန်းကျောင်းတွေက စာကြည့်တိုက်တာဝန်ခံဆရာတွေကို စာကြည့်တိုက်ပညာ အခြေခံသင်တန်းပေးဖို့ ခေါ်ယူခွင့်တင်လိုက်တာ ရပါတယ်။ နွေကျောင်းပိတ်မှာ လုပ်တာပါ။ တက္ကသိုလ်ကစာကြည့်တိုက်ဆရာများလည်း ကူညီကြပါတယ်။ ပညာရေးတက္ကသိုလ်နဲ့ ဆရာအတတ်သင်ကျောင်းများက စာကြည့်တိုက်မှူးများကလည်း ကူညီပါတယ်။ အရေးထဲမှာ ထောက်လှမ်းရေးက နှစ်ခါခေါ်ယူစစ်ဆေးတာ ခံရပါတယ်။ ဦးဝင်းတင်၊ ဦးတင်မိုး၊ ဦးမိုးသူတို့နဲ့ သိသလားဆိုတဲ့ မေးခွန်းလည်း ပါတယ်ခင်ဗျ။ သင်တန်းပေးဆဲမို့ သက်သာရခဲ့ပါတယ်။

အဓိကကတော့ ကျောင်းတွေမှာ စာကြည့်တိုက်တွေ မဖြစ်မနေအကောင်အထည်ဖော်ကြဖို့ပါပဲ။ ခက်တာက ဒေါ်အောင်ဆန်းစုကြည်ပြောသလိုပဲ ပညာရေးစနစ် (စာမေးပွဲစနစ်)က ကျက်ဖြေစနစ်ဖြစ်နေပါတယ်။ (Co-curriculum)

**ကျောင်းစာကြည့်တိုက်မှာ ကျောင်းသားတွေအတွက်ရော၊ ဆရာတွေအတွက်ပါ စာအုပ်တွေလိုပါတယ်။ ဆရာတွေမှာလည်း စာအုပ်ဝယ်ဖတ်နိုင်လောက်အောင် ဝင်ငွေမရှိ။ မပိုကြရှာပါဘူး။ ဆရာတွေစာဖတ်မှ ကလေးတွေကိုလည်း ဘယ်လိုစာတွေ၊ ဘယ်လိုဖတ်ရမယ်ဆိုတာ ညွှန်းနိုင်ပါတယ်။ ကလေးတွေဟာ သူတို့သုံးဖြုန်းနေတဲ့ "ဂိမ်း" ကစားတဲ့ အချိန်ကို အပြင်စာဖတ်အောင် ဘယ်လိုလုပ်ကြမလဲ။ သူတို့ဖတ်ချင်တဲ့ စာအုပ်တွေကိုပေးပြီး စာကြည့်တိုက်မှာ စာအုပ်တွေ ဖြည့်ဆည်းပေးပါ။ သူတို့စိတ်ဝင်စားမှုကို လေ့လာပြီး ဆွဲဆောင်ရမှာပါ။**

လက်တွေ့ဖွံ့ဖြိုးရေးဆိုတာ စာတွေ့ပဲဖြစ်နေပါတယ်။ မိဘဆရာအသင်းရန်ပုံငွေထဲက ၂၀ ရာခိုင်နှုန်းကို စာအုပ်ဝယ်ခွင့်ပေးထားပါတယ်။ ကျောင်းက ရန်ပုံငွေမလုံလောက်တော့ ပရိဘောဂအတွက် ဆွဲသုံးတာများပါတယ်။ ပါတီ-ကောင်စီလူကြီးတွေ ဧည့်ခံရရင်လည်း ရန်ပုံငွေအတော်"ပွဲ့" ပါတယ်။ သူတို့လာလို့ ဘာမှလည်း အကျိုးမရှိဘဲ ငွေကုန်တာ၊ ဧည့်ခံစရိတ်ပွန်းတာပဲ အဖတ်တင်ပါတယ်။ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်ဝယ်ဖို့ ငွေလျော့တာပေါ့။

ကျောင်းစာကြည့်တိုက်မှာ ကျောင်းသားတွေအတွက်ရော၊ ဆရာတွေအတွက်ပါ စာအုပ်တွေလိုပါတယ်။ ဆရာတွေမှာလည်း စာအုပ်ဝယ်ဖတ်နိုင်လောက်အောင် ဝင်ငွေမရှိ။ မပိုကြရှာပါဘူး။ ဆရာတွေစာဖတ်မှ ကလေးတွေကိုလည်း ဘယ်လိုစာတွေ၊ ဘယ်လိုဖတ်ရမယ်ဆိုတာ ညွှန်းနိုင်ပါတယ်။ စာကြည့်တိုက်ကော်မတီဖွဲ့ရင် မိဘဆရာအသင်းကိုယ်စားလှယ်လည်း ပါနိုင်ရင်ကောင်းပါတယ်။ မပါရင် ပါအောင် မှုချပေးရပါတယ်။ စာစီစာကုံးပြိုင်ပွဲတွေကို မိဘ၊ ဆရာ၊ ကျောင်းသားသမဂ္ဂပူးပေါင်းပြီး (ဦးနုလက်ထက်ကလို) ဖန်တီးပေးသင့်ပါတယ်။ "သင်နှစ်သက်သော စာရေးဆရာ"၊ "သင်နှစ်သက်သော စာအုပ်"၊ "သင်တက်ရောက်ဖူးတဲ့ စာပေဟောပြောပွဲ" ဆိုတဲ့ စာစီစာကုံးမျိုးတွေ၊ "ကျောင်းစာကြည့်တိုက်"၊ "ရပ်ကွက်စာကြည့်တိုက်" စတဲ့ ခေါင်းစဉ်မျိုးနဲ့ စာစီစာကုံးမျိုးတွေမေးပေးကြရပါတယ်။ ရေးခိုင်းကြပါ။

ကလေးတွေဟာ သူတို့သုံးဖြုန်းနေတဲ့ "ဂိမ်း" ကစားတဲ့ အချိန်ကို အပြင်စာဖတ်အောင် ဘယ်လိုလုပ်ကြမလဲ။ သူတို့ဖတ်ချင်တဲ့ စာအုပ်တွေကိုပေးပြီး စာကြည့်တိုက်မှာ စာအုပ်တွေဖြည့်ဆည်းပေးပါ။သူတို့စိတ်ဝင်စားမှုကို လေ့လာပြီး ဆွဲဆောင်ရမှာပါ။ ဒါတွေဟာ ပညာရေးလွတ်လပ်ခွင့်ထဲမှာလည်း ပါလာပါတယ်။ ခုဆိုရင် ခိုင်းမှုလုပ်၊ ညွှန်မှုလုပ်၊ အမိန့်ပေးမှုလုပ်တာတွေဟာ အရပ်သားအစိုးရတက်လာတာနဲ့အတူ လျော့ပါးသွားမယ်လို့ ယူဆပါတယ်။ ဘာပဲဖြစ်ဖြစ် ပါတီကောင်စီတွေက ကျောင်းကိုလာလာစစ်ဆေးတာတော့ မရှိတော့ဘူး မဟုတ်လား။ ဒါပေမယ့် "နိုင်ငံရေး"ဆိုတာကို ကျောင်းသားတွေသိဖို့လိုတာပါပဲ။ လိုအပ်တဲ့အခါ ကျောင်းကို ဖိတ်ခေါ်ဟောပြောစေရမှာပါ။ အာဏာပြဖို့ ထမင်းစားပွဲကြီးလုပ်ဖို့အတွက်တော့ မလာစေနဲ့ပေါ့။

ဝန်ကြီးချုပ် ဦးနုမှာ ချို့ယွင်းချက်တွေ ရှိပါတယ်။ ဒါပေမယ့် လူထုပညာရေးမှုနဲ့ ကျန်းမာရေးမှုတွေကိုတော့ သူလုပ်ပေးခဲ့တယ်။ ကျေးလက်အရောက် စာပေဗိမာန်စာအုပ်တွေနဲ့ စွယ်စုံကျမ်းတွေရောက်ခဲ့တယ်။ ပြန်ကြားရေးစာကြည့်တိုက်မှာ အနည်းဆုံး သတင်းစာတွေတော့ ဖတ်ရှုခွင့်ရစေပါတယ်။ ဦးနုရဲ့အရပ်သားအစိုးရလက်ထဲက စစ်အစိုးရလက်ထဲကို အာဏာရောက်သွားကတည်းက လူထုပညာရေးတို့၊ စာကြည့်တိုက်တို့ဆိုတာ နောက်တန်းကို ရောက်သွားခဲ့ရတာပါ။

အရပ်သားအစိုးရ (ယူနီဖောင်းချွတ်ရုံ မဟုတ်) စစ်စစ်ဆိုတာ ဒီမိုကရေစီအစိုးရစစ်စစ်ကို ဆိုလိုတာပါ။ လူထုအတွက်၊ လူထုက ရွေးချယ်တင်မြှောက်တဲ့ လူထုအစိုးရမျိုးကို ဆိုလိုပါတယ်။ ဒီမိုကရေစီ အစိုးရ စစ်စစ်ကသာ ငြိမ်းချမ်းရေးစစ်စစ်ကို ရယူနိုင်မှာပါ။ အပစ်အခတ်ရပ်တာက ဘယ်လောက်ကြာအောင် ရပ်ထားမှာလဲ။ စိတ်မထင်လို့ ပြန်ပြီး ပစ်ကြရင်မောကြောပါပဲ။ တကယ့် ငြိမ်းချမ်းရေးလည်းရ၊ စစ်တပ်အသုံးစရိတ်လည်းလျော့၊ ပညာရေးအသုံးစရိတ်တိုးပြီး ပညာရေးဌာန မျက်နှာပွင့်လန်းလာဖို့ပဲ လိုပါတယ်။ ဒီအခါ ပညာရေးလည်း တိုးတက်သည်နှင့်အမျှ စာကြည့်တိုက်တွေလည်း တိုးတက်လာမှာပါ။ စာကြည့်တိုက်တံခါးတွေဖွင့်၊ ထောင်တံခါးတွေပိတ်၊ ဒီလိုဖြစ်ရမယ်မဟုတ်လား။ စာကြည့်တိုက်ထဲဝင်မှုတွေကို ဖမ်းမယ်ဆီးမယ်ဆိုတဲ့ ခေတ်မျိုး နောက်ထပ်ပြန်မရောက်အောင် ပြည်သူလူထုမှာ တာဝန်ရှိပါတယ်။ ဒီမိုကရေစီ မုချအောင်ပါစေသတည်း။

---

# နံရံကပ်စာစောင်၊ ဓာတ်ပုံ ၊ စာအုပ်ပြပွဲနှင့် ရွေ့လျားစာကြည့်တိုက် ကွင်းဆင်းဖွင့်လှစ်

**ခိုလမ် မေ ၃၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခိုလမ်မြို့နယ်ခွဲ ဦးစီးမှူး ဒေါ်ခင်ဝင်းလေးနှင့် ဝန်ထမ်းများသည် ခိုလမ်မြို့နယ် ဟိုနောင်ကျေးရွာအုပ်စု နမ့်ဟူးကျေးရွာ ခရစ်ယာန်ဘုရားကျောင်း၌ မေ ၂၉ ရက် နံနက် ၉ နာရီက နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်ပြပွဲနှင့် ရွေ့လျားစာကြည့်တိုက် သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ခရစ်ယာန်ဘုရားကျောင်း၌ မြို့နယ်ဦးစီးမှူးက စာဖတ်သူ တိုးပွားရေး၊ အယ်နီညိုရာသီ ဥတုဖြစ်စဉ်ဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခိုလမ်မြို့နယ် စာကြည့်တိုက်ရှိ သုတ၊ ရသစာအုပ်များ ခင်းကျင်းပြသခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်များ၊ နိုင်ငံတော်အစိုးရသစ်၏ လုပ်ဆောင်ချက် သတင်းမှတ်တမ်းပုံနှင့် မြို့နယ်လူပ်ရှားမှုဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ ပြသဆောင်ရွက်ခဲ့သည်။ ထို့အပြင် ကျေးလက်နေပြည်သူများ ဗဟုသုတရရှိစေဖို့အတွက် သုတ၊ ရသ၊ စာအုပ်များ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**ခိုလမ်(ပြန်/ဆက်)**

---

# မြန်မာနိုင်ငံလွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၃၀**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်အခြေစိုက် မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (CSIS)မှ ဒုတိယညွှန်ကြားရေးမှူး အရှေ့တောင်အာရှ လေ့လာရေးဌာနဥက္ကဋ္ဌ မစ္စတာ မာရေးဟီဘတ်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က လွှတ်တော်ရေးရာဆောင်အမှတ်(I-5)၌ တွေ့ဆုံပြီး CSIS ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များ၊ မြန်မာနိုင်ငံ ဒီမိုကရေစီပြောင်းလဲရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး လွှတ်တော်၏ အရေးပါမှု၊ လွှတ်တော်နှစ်ရပ် ချစ်ကြည်ရင်းနှီးမှုခိုင်မာတိုးတက်ရေး၊ မြန်မာနိုင်ငံလွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

---

# ဘော်ဆိုင်းတွင် စက်ရေတွင်း တူးဖော်မှုအောင်မြင် တစ်နာရီလျှင် ရေဂါလန် ၃၀၀၀ ထွက်ရှိ

**နေပြည်တော် မေ ၃၀**

ကမ္ဘာ့ဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ရေရှားပါးသော ဒေသများတွင် စက်ရေတွင်းများ တူးဖော်လှူဒါန်းနိုင်ရန်အတွက် ငွေကျပ်သိန်းပေါင်း ၁၅၀၀၀ ခန့် တန်ဖိုးရှိ DANDO အမျိုးအစား ရေတွင်းတူးစက်သစ်ကြီးကို အင်္ဂလန်နိုင်ငံမှ ဝယ်ယူခဲ့ပြီး ယခုအခါ အဆိုပါ စက်သစ်ကြီးဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း ဘော်ဆိုင်းဒေသ ကံဦးဘုန်းကြီးကျောင်း၌ တူးဖော်နေသည့် စက်ရေတွင်းအမှတ်-၁၁၀ သည် မေ ၂၈ ရက်က အနက်ပေ ၆၃၀ ၌ တစ်နာရီရေဂါလန် ၃၀၀၀ ဖြင့် ပထမဆုံးအောင်မြင်စွာ တူးဖော်လှူဒါန်းပေးနိုင်ခဲ့သည်။



ဖောင်ဒေးရှင်းအနေဖြင့် ရေတွင်းပေါင်း ၇၆ တွင်း၊ ရေလှောင်ကန်ပေါင်း ၉၈ ခု နှင့် ရေတိုင် ၂၆၂ တိုင်တို့ကို ရှမ်းပြည်နယ်တောင်ပိုင်း ဘော်ဆိုင်း၊ ဟဲဟိုး၊ တောင်ကြီး၊ ကလော၊ ပင်းတယ၊ အောင်ပန်း၊ နမ့်စန်၊ ခိုလမ်၊ ဟိုပုံး၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့နယ်နှင့် နေပြည်တော်တို့တွင် လှူဒါန်းဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ရှမ်း၊ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ လီဆူ၊ အခါ၊ ယင်း၊ ပဒေါင်၊ ကယား၊ ကရင်၊ ဗမာ စသည့် ဒေသခံတိုင်းရင်းသားစုစုပေါင်း ၁၃၈၉၆၈ ဦး၊ ဘုန်းကြီးကျောင်း ၆၀၊ စာသင်ကျောင်း ၄၉ ကျောင်း၊ ဆေးရုံ ၁၁ ရုံ နှင့် မီးသတ်ဌာန ၁၂ ခုတို့အတွက် လိုအပ်သော သောက်သုံးရေများ ပံ့ပိုးပေးနိုင်ခဲ့ပြီး Water Supply Project စီမံကိန်းအတွက် ငွေကျပ်စုစုပေါင်း ၇ ဒသမ ၂ ဘီလီယံကျော်ကို လှူဒါန်းသုံးစွဲခဲ့သဖြင့် ယခုနှစ်တွင် ကြုံတွေ့ခဲ့ရသော အယ်နီညိုရာသီဥတုဒဏ်ကို မြန်မာပြည်သူ ပြည်သားများ ကောင်းမွန်စွာကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

# ညောင်ဦး၌ ကျေးရွာမြေဌာနဂရန်များထုတ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**ညောင်ဦး မေ ၃၀**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် ရက်ပေါင်း ၁၀၀ စီမံချက်ဖြင့် ပုလင်းကျေးရွာအုပ်စု ပုလင်ကျေးရွာကို ကျေးရွာမြေဌာနဂရန်များ သတ်မှတ်ကာလအတွင်း ထုတ်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများသည် မေ ၃၀ ရက် နံနက်က အဆိုပါကျေးရွာသို့ မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကနဦးကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

အိမ်ထောင်စု ၁၁၉ စု၊ အိမ်ခြေ ၁၁၂ လုံး၊ လူဦးရေ ၅၁၉ ဦးရှိ အဆိုပါပုလင်းကျေးရွာအတွင်းရှိ လမ်းများအား သတ်မှတ်အဝန်းအဝိုင်း ရှိ မရှိ စစ်ဆေးခဲ့ပြီး ကျေးရွာနယ်နိမိတ်မှတ်တိုင်များ စိုက်ထူ၍ ရွာအဝန်းအဝိုင်းနှင့် အသေးစိတ်မြေပုံတိုင်းတာခြင်း၊ ကွက်စိပ်မြေပုံတိုင်းတာခြင်းလုပ်ငန်းများကို လုပ်ထုံး လုပ်နည်းမှန်ကန်စွာဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားနိုင်ရန်အတွက် ကျေးရွာဒေသခံပြည်သူများအား အသိပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အတွင်းရှိ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများအနေဖြင့် ပြည်သူကို မျက်နှာမူ၍ အခြေခံလိုအပ်ချက်များကို အချိန်တိုအတွင်း ဖြည့်ဆည်းပေးနိုင်စေရန်အတွက် ရက် ၁၀၀ စီမံချက်ဖြင့် လုပ်ငန်းစဉ်များရေးဆွဲ၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

---

# ကျေးရွာအုပ်စုလုံးကျွတ် မီးလင်းရေးဖွင့်ပွဲနှင့် တိုက်နယ်ဆေးရုံဖွင့်ပွဲကျင်းပ

**ဖြူး မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဝဲကြီးကျေးရွာအုပ်စု ဝဲကြီးကျေးရွာ၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲ၊ အထကကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျေးရွာအုပ်စုလုံးကျွတ် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများပြီးစီးသည့် ဖွင့်ပွဲများကို (၁၆)ခုတင်ဆံ့ ဆေးရုံဝင်းအတွင်း ယာယီမဏ္ဍပ်၌ မေ ၂၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ၊ ဖြူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်နှင့် လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဝဲကြီးကျေးရွာအုပ်စုမှ ဒေသခံပြည်သူများ တက်ရောက်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖွင့်ပွဲများနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်ချစ်ဆွေက သမဝါယမက လုပ်ဆောင်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွှန့်က နှုတ်ခွန်းဆက်စကား ပြောကြားကာ ၁၆ ခုတင်ဆံ့ဆေးရုံဆောက်လုပ်ရေးကော်မတီ၊ ဝဲကြီး အထက်တန်းကျောင်းဆောင် ဆောက်လုပ်ရေးကော်မတီနှင့် ကျေးရွာအုပ်စုလုံးကျွတ် မီးလင်းရေးကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၊ ကျောင်းဆောင်သစ်နှင့် ကျေးရွာအုပ်စုလုံးကျွတ် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

**ဖြူး-မြင့်ဦး**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း နေထိုင်လုပ်ကိုင်လျက်ရှိသောကျေးရွာများမှ အများပိုင်မြေများအား သစ်တောမြေအဖြစ်မှ စိစစ်ပယ်ဖျက်ပေးသွားမည်

**နေပြည်တော် မေ ၃၀**

ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေတွင် ဒီရေတောများ ဖွံ့စည်းပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညိုက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့ခြင်းဖြစ်ပြီး ကမ်းရိုးတန်းဒေသများ ပင်လယ်ကမ်းခြေဒေသများရှိ ပြည်သူများ၏ သဘာဝဘေးအန္တရာယ်လုံခြုံရေးနှင့် ဂေဟစနစ်များ မပျက်သုဉ်းစေရေးအတွက် ဒီရေတောများဖွဲ့စည်းသင့်ကြောင်းကို ထောက်ပြထားသည်။

ထို့ပြင် အစည်းအဝေးတွင် ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ **ကျောက်တံတားမြို့နယ်အတွင်း၌ မဲစာရင်းများ မှားယွင်းနေမှုအပေါ် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နောင်လာမည့်ရွေးကောက်ပွဲကာလ၌ မဲစာရင်းမှန်ကန်နိုင်စေရန် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကိုသိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်က နောင်လာမည့် ရွေးကောက်ပွဲများတွင် မဲစာရင်းမှန်ကန်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်ပြုစုခဲ့သော မဲဆန္ဒရှင်များအားအခြေခံ၍ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အိမ်တိုင်ရာရောက် မဲဆန္ဒရှင်စာရင်းကောက်ယူပြီး ပိုမိုပြည့်စုံတိကျ မှန်ကန်စေရေး ဆောင်ရွက်သွားရန် စီစဉ်ထားရှိပါကြောင်း၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မဲဆန္ဒရှင်ပြည်သူများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို အဆိုတင်သွင်းစဉ်

ကချင်ပြည်နယ် မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း၏ **ကချင်ပြည်နယ် မံစီမြို့နယ်တွင် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောတွင်း ကျရောက်လျက်ရှိသော ကျေးရွာများ၊ ကျေးရွာမြေများအား သစ်တောရေိယာမှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် လူဦးရေတိုးတက်လာသည်နှင့်အမျှ လူနေအိမ်များ တိုးချဲ့လုပ်ဆောင်နိုင်ရန်နှင့် စိုက်ပျိုးမြေများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ကြိုးပြင်ကာကွယ်တောရေိယာများ လျှော့ချပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်၊ မရှိပါက အဘယ်ကြောင့်မရှိသည်တို့ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်တွင် သစ်တောကြိုးဝိုင်း(၁၁)ခု၊ ဧရိယာ တစ်သိန်းကျော် ကြိုးပြင်ကာကွယ်တော ကိုးခု၊ ဧရိယာ သုံးသိန်းကျော် စုစုပေါင်းသစ်တောမြေ လေးသိန်းငါးသောင်းကျော်ရှိပြီး နယ်မြေလုံခြုံရေးကောင်းမွန်မှုမရှိသဖြင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီနှင့် မတ်လများတွင် သစ်တောမြေအတွင်း ကျူးကျော်မှု စာရင်းအား မြို့နယ်အတွင်း နေရာအားလုံးတွင် ကောက်ယူနိုင်ခြင်း မရှိခဲ့ပါကြောင်း။

မံစီမြို့နယ်အတွင်း စာရင်းကောက်ယူရရှိသည့် လုံဂျာကြိုးဝိုင်း၏ တစ်စိတ်တစ်ဒေသဖြစ်သော ကောင်ရာရပ်ကွက်မြေ ၂ ဒသမ ၇၁ ဧက၊ ပြင်ဦးလွင်ရပ်ကွက်မြေ ၇ ဒသမ ၁၅ ဧကနှင့် သာသနာ၊ အများပိုင်မြေ ၁၈ ဒသမ ဝ၄ ဧက စုစုပေါင်း ၂၇ ဒသမ ၉ ဧကအား သစ်တောမြေမှ ပယ်ဖျက်ပေးပြီးဖြစ်ပါကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေကောင်းမွန်ပါက ဌာနစုံပါဝင်သော စုပေါင်းအဖွဲ့ဖြင့် စာရင်းကောက်ယူ၍ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်အတန်ကြာ ကျူးကျော်နေထိုင်လုပ်ကိုင်လျက်ရှိသော ကျေးရွာများမှ လယ်၊ ရွာမြေ၊ သာသနာ၊ အများပိုင်မြေများအား သစ်တောမြေအဖြစ်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပယ်ဖျက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ကရင်ပြည်နယ် ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၏ **ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် မိုးပွင့်စီမံချက်များအတိုင်း မြန်ဆန်စွာ သတ်မှတ်နှုန်းထားအတိုင်း သက်သာသောစရိတ်နှုန်းထားဖြင့် နိုင်ငံသားတိုင်းအပေါ် တစ်ပြေးညီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ကရင်ပြည်နယ်အတွင်း မြို့နယ်ကိုးမြို့နယ်၌ (NRC) ၏ပံ့ပိုးမှုဖြင့် တစ်လလျှင်အနည်းဆုံးတစ်ကြိမ်နှုန်းဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ကျေးရွာတာဝန်ရှိသူများ၏ဖိတ်ခေါ်မှုအရလည်းကောင်း၊ ကျေးရွာအရောက်လုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဘားအံမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း ၂၃၀၀ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၆၇၈ ဦးအား ဆောင်ရွက်ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

---

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဖလမ်းမြို့သစ် (လုံပီး)မြို့ပြစီမံကိန်းအကောင်အထည်ဖော်ရန် ကျေးရွာများ၏ ဧရိယာများကို ပြန်လည်တိုင်းတာပြီး အမှုတွဲအသစ်တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖြေကြားစဉ်

**နေပြည်တော် မေ ၃၀**

ဖလမ်းမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းသို့ ပြောင်းရွှေ့လိုသူများအား လူမှုအဆောက်အအုံဇုန် Proposed Location for Sport Complex နှင့် အထက်တန်းကျောင်းဆောက်ရန် လျာထားသည့်နေရာတွင် ကျူးကျော်ပြောင်းရွှေ့ခွင့်မပြုဘဲ လူနေဇုန်လျာထားသည့် နေရာများတွင်သာ ပြောင်းရွှေ့ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိနှင့် အစိုးရသက်တမ်းကုန်ဆုံးမည့်အချိန်တွင် မြို့ပြစီမံကိန်း မည်သည့်အဆင့်ရောက်ရှိနေသည်ကို သိရှိလိုကြောင်း ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မေးမြန်းသည်။

ယင်းမေးခွန်းအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဖလမ်းမြို့နယ်အတွင်းရှိ လိုင်ဇိုးအုပ်စုထန်နီရှ်(မြောက်)ကျေးရွာ၊ ထန်နီရှ်(တောင်)ကျေးရွာ၊ ဘိုင်လာကျေးရွာနှင့် ကာလ်ရောန်ကျေးရွာတို့သည် ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် သြဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကွဲအက်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ၎င်းကျေးရွာများ ပြောင်းရွှေ့မည့်နေရာသည် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲ လျာထားသည့် လူမှုအဆောက်အအုံများဇုန် Proposed Location for Sport Complex ၁၆ ဧကနှင့် အထက်တန်းကျောင်းဆောက်ရန် လျာထားသည့် ၂၅ ဧကနေရာများကို ကျူးကျော်ခြင်းမရှိဘဲ လူနေဇုန်လျာထားသည့် နေရာများတွင်သာ ပြောင်းရွှေ့မည်ဖြစ်ကြောင်း။



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း မေးမြန်းစဉ်

ဖလမ်းမြို့သစ် (လုံပီး)မြို့ပြစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဖလမ်းမြို့နယ်ကော်မတီသုံးရပ်၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တိုးချဲ့ရပ်ကွက် ဧရိယာအတွင်းပါဝင်မည့် ကျေးရွာများ၏ဧရိယာများကို ပြန်လည်တိုင်းတာပြီး အမှုတွဲအသစ်တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့သည့်ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းတို့ကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိရန် အမျိုးသားလွှတ်တော်က သဘောတူအတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

---

## လောပိတရေအားလျှပ်စစ်စက်ရုံအနီးရှိ ဒေသခံကျေးရွာများအား လျှပ်စစ်မီးပေးရန် အစီစဉ် ရှိ၊ မရှိ ဆွေးနွေးမည်

**နေပြည်တော် မေ ၃၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ကို မေ ၃၁ ရက် နံနက် ၁၀ နာရီတွင်ကျင်းပမည်ဖြစ်ရာ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စည်သူ၏ ကယားပြည်နယ် လွိုင်ကော်မြို့နယ် ဓာတ်အားပေးစက်ရုံတည်ရှိရာနှင့်အနီးတစ်ဝိုက်ရှိ လောပိတကျေးရွာအုပ်စုနှင့် မထောခုကျေးရွာအုပ်စုများတွင် လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ၎င်းနယ်မြေတွင် စက်ရုံတည်ဆောက်စဉ် ၁၉၆၀ ပြည့်နှစ်မှ ယခုအထိ မီးလင်းရန် စိုက်ထူအသုံးပြုထားသော သစ်သားတိုင်များကို ကွန်ကရစ်တိုင်အဖြစ် အစားထိုးပေးရန် ရှိ၊ မရှိ စပ်လျဉ်းသည့်မေးခွန်း၊ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်အတွင်း၌ လျှပ်စစ်မီးပြတ်တောက်နေမှုများ၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ မဖြန့်ဖြူးနိုင်ခြင်းများနှင့်ပတ်သက်ပြီး လျှပ်စစ်မီးပြတ်တောက်မှု မရှိစေရန် မည်ကဲ့သို့ဆောင်ရွက်ထားသည်၊ လျှပ်စစ်မီးပြတ်တောက်သည့်အခါ၌လည်း အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ ပုဂ္ဂလိကကုမ္ပဏီများသို့ လွှဲပြောင်းထားခြင်း ရှိ၊ မရှိ၊ ရှိပါက မည်သည့်ကုမ္ပဏီကို လွှဲပြောင်းထားသည်ကို အများပြည်သူများ သိရှိရန် သတင်းထုတ်ပြန်ပေးနိုင်ခြင်းရှိ၊ မရှိနှင့် ၎င်းပုဂ္ဂလိကကုမ္ပဏီများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ မကွေးတိုင်းဒေသကြီးအတွင်း ရေနံလက်ယက်တွင်း လုပ်ငန်းရှင်များက ဒေသဖွံ့ဖြိုးရေးအတွက် ထည့်ဝင်ခဲ့သောငွေကျပ် ၂ ဒသမ ၈ ဘီလီယံခန့်ရှိကြောင်း ကြားသိခဲ့ရာ ၎င်းရန်ပုံငွေများကို အစိုးရအဖွဲ့သစ်သို့ လွှဲ၊ မလွှဲနှင့် လွှဲခဲ့သည်ဆိုပါက မည်သည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအမျိုးအစားများလုပ်ကိုင်မည် ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းတို့မေးမြန်းဖြေကြားခြင်းတို့ ဆောင်ရွက်မည်ဖြစ်သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို မေ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဥပဒေကြမ်းသုံးခုကို မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်သမ္မတထံမှပေးပို့သော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်းကို တင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် လစ်လပ်သွားသောအဖွဲ့ဝင်နေရာ ထည့်သွင်းဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောတူညီချက်ရယူခြင်း၊ နိုင်ငံတော်သမ္မတထံမှပေးပို့သော အာဆီယံ၏ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ကို ပုံမှန်အတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။
**(မြန်မာ့အလင်း)**

---

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၃၀**

ထူးခြားသည့်နေ့အပူချိန်များမှာ မုံရွာမြို့၊ မြင်းခြံမြို့၊ ကျောက်ဆည်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီ၊ ရေဦးမြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ တိုင်းထွာရရှိသည့် ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အမြင့်ဆုံးအညွှန်းကိန်းများမှာ နေပြည်တော်တွင် ၇ ဒသမ ၆၊ ရန်ကုန်မြို့တွင် ၈ ဒသမ ၅ နှင့် မန္တလေးမြို့တွင် ၆ ဒသမ ၃တို့ဖြစ်ကြသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
(မိုး/ဇလ)

■ *ရှော့ဖုံးမှ*

"အခုအနေအထားပြောရရင် သူတို့က ဆက်လက်ဆောက်လုပ်နေတယ်။ အထပ်အမြင့် ပြင်ဆင်မှုလည်းမရှိဘူး။ တိုင်းဒေသကြီးအစိုးရကလည်း သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ယာ/အုံ) ကို ပြန်လည်စိစစ်ဖို့ ညွှန်ကြားစာပေးပို့ထားပြီးဖြစ်တယ်။ ဒါပေမယ့်လည်း ဘာမှ ထိရောက်မှုမရှိ သေးဘူး"ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် တိုင်တန်းစာပေးပို့ခဲ့သော ကိုရဲမင်းက မီဒီယာများအား ပြောကြားခဲ့သည်။

အဆိုပါ အဆောက်အအုံကို ပိုင်ရှင်ဒေါ်ပိုးဖြူက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ယာ/အုံ)၏ ခွင့်ပြုချက်ဖြင့် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က ရှစ်ထပ်ခွဲအဆောက်အအုံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆောက်လုပ်ရာတွင် အမှန်တကယ် ပတ်ဝန်းကျင်တွင်နေထိုင်သည့် အိမ်ပိုင်ရှင်အများစု၏ သဘောဆန္ဒမယူဘဲ ပတ်ဝန်းကျင်နေ အမှန်တကယ်သုံးဦးလောက်သာ သဘောတူလက်မှတ်ရေးထိုးကာ သက်ဆိုင်ရာသို့ တင်ပြခဲ့ခြင်းဖြစ်ကြောင်းနှင့် အခြားလက်မှတ်ထိုးသူများမှာ အတုအယောင်များသာဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်ရှိသည့် ပတ်ဝန်းကျင်ပြည်သူများမှာ မကျေနပ်မှုဖြစ်ကာ ယခုကဲ့သို့ တရားစွဲဆိုခြင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုင်ကြားခြင်းများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသတင်းစာ ရှင်းလင်းပွဲ အကြောင်းအရာများနှင့်ပတ်သက်၍ ပိုင်ရှင်ဒေါ်ပိုးဖြူအား ဆက်သွယ်မေးမြန်းရာအဆိုပါအဆောက်အအုံတည်ဆောက်မှုနှင့်ပတ်သက်၍ တရားဥပဒေအတိုင်းသာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ယခုအခင်းဖြစ်ပွားလျက်ရှိသော အထပ်မြင့်အဆောက်အအုံဆောက်ရာ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၇) ရပ်ကွက် သလ္လာဝတီလမ်းသည် တစ်ဖက်ပိတ်လမ်းဖြစ်ပြီး ရပ်ကွက်တည်နေရာမှာလည်း ရန်ကုန်မြို့တွင် ဆိတ်ငြိမ်ရပ်ကွက်အဖြစ် သတ်မှတ်ထားခြင်းကြောင့် ယင်းအထပ်မြင့်အဆောက်အအုံပြီးစီးလျှင် ယခုလက်ရှိစိန်ခေါ်မှုတစ်ရပ်ဖြစ်သည့် ယာဉ်ကြောကျပ်တည်းမှုလည်းပိုမိုဖြစ်ပေါ်လာနိုင်ပြီး လျှပ်စစ်နှင့် အမှိုက်ကိစ္စများမှအဆုံး အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့လာနိုင်ကြောင်း ပတ်ဝန်းကျင်ရှိ ပြည်သူများက အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**(မြန်မာ့အလင်း)**

## တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဂျပန်- မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo WATANABE နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေး၊ အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများဖွင့်လှစ်ရေး၊ နည်းပညာဆိုင်ရာ သင်တန်းသားများစေလွှတ်ရေး၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြည်ဝင်ဗီဇာ အဆင်ပြေလွယ်ကူစေရေး၊ ဝန်ကြီးဌာနနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

✻ *ရှော့ဖုံးမှ*

ရေမြောင်းနံဘေးတွင်လည်း ကျူးကျော်တဲများဆောက်၍ငှားရမ်းခြင်း၊ တစ်ဆင့်ရောင်းချခြင်း ပြုလုပ်လျက်ရှိကာ ရန်ကုန်-ပုသိမ် ကားလမ်းမကြီး၏ အဆင့်မြင့်မှတ်တိုင်အနီးတွင်လည်း မေ ၂၇ ရက်က ကျူးကျော်တဲသစ်များဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်ဆန်းပိုင်းတွင် လှိုင်သာယာ၌ ကျူးကျော်တဲများ ရပ်ကွက်၊ ကျေးရွာနှင့် စက်မှုဇုန်တို့တွင် သိသာစွာတိုးလာလျက်ရှိ၍ ဒေသအာဏာပိုင်မှတိုင်ကြားမှုရှိသောကျူးကျော်တဲများကိုသာ ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး တစ်တဲကျူးလျှင် တစ်တဲရှင်းလင်းမှု မလုပ်ဆောင်နိုင်ခဲ့သည့်အတွက် ၁၅ နှစ်အတွင်း ရန်ကုန်မြို့သာမက မြန်မာပြည်တွင် လှိုင်သာယာမြို့နယ်သည် ကျူးကျော်တဲဆောက်လုပ်နေထိုင်မှု အများဆုံးနှင့် ဒုစရိုက်မှုအများဆုံးဖြစ်ပွားရာ မြို့နယ်တစ်ခုအဖြစ် ရှိနေကြောင်း သိရပြီး ကျူးကျော်တဲများကို အိမ်ရာများချပေးမည်ဟူသော သတင်းကြောင့် ရပ်ကွက်အတွင်း နေထိုင်သူအချို့ကလည်း အဆောင်တွင် မနေထိုင်တော့ဘဲ လမ်းဘေးနှင့် မင်းကြီးမဟာမင်းခေါင်လမ်း ရှိရေမြောင်းအတွင်း၌ ကျူးကျော်တဲအသစ်များ ဆောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

(၁၆၄)

# ရွှေဂုံတိုင်ခုံးကျော်တံတားတည်ဆောက်မှုတွင် ပိုလျှံငွေကျပ် ၂၂ သန်းခွဲကျော်တွေ့ရှိ၊ ပိုလျှံငွေအားလုံး နိုင်ငံတော်အစိုးရသို့ပြန်သွင်းပြီးဖြစ်

**ရန်ကုန် မေ ၂၀**

ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့နိုင်ရန်အတွက် တည်ဆောက်ခဲ့သော ရွှေဂုံတိုင်ခုံးကျော်တံတား တည်ဆောက်မှုတွင် ပိုလျှံငွေကျပ် ၂၂ သန်းခွဲကျော်တွေ့ရှိခဲ့ပြီး ယခုအခါ အဆိုပါ ပိုလျှံငွေအားလုံးကို နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းခဲ့ပြီးဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်(ပဉ္စမနေ့) အစည်းအဝေးမှ သိရသည်။

ရွှေဂုံတိုင် ခုံးကျော်တံတားတည်ဆောက်မှုနှင့်ပတ်သက်၍ ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက တိုင်းဒေသကြီးအစိုးရလွှတ်တော်တွင် ရွှေဂုံတိုင် ခုံးကျော်တံတားအား စစ်ဆေးတွေ့ရှိချက်များအရ ဒေသစံနှုန်းနှင့် တွက်ချက်မှုမှားယွင်းခြင်းရှိ၊ မရှိကို လည်းကောင်း၊ နိုင်ငံတော်ကို ပြန်လည်ပေးသွင်းရမည့်ငွေ ရှိ၊ မရှိ လည်းကောင်း၊ ရှိလျှင်လည်း မည်မျှပေးသွင်းရမည်နှင့် မည်သည့်နေ့တွင် ငွေစာရင်းချလန်များဖြင့် ပေးသွင်းမှု ရှိ၊မရှိကို သိရှိလိုကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးက သက်ဆိုင်ရာသို့မေးမြန်းခဲ့သည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းမှုကို ယနေ့ ဒုတိယပုံမှန်(ပဉ္စမနေ့) အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှက ရွှေဂုံတိုင်ခုံးကျော်တံတားနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်များကို အသေးစိတ်ပြန်လည်ရှင်းလင်းတင်ပြခဲ့သည်။ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ပြန်လည်ရှင်းလင်းတင်ပြရာတွင် ရွှေဂုံတိုင်ခုံးကျော်တံတား တည်ဆောက်ခဲ့သော ကုမ္ပဏီသည် ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများတွင် ဒေသစံနှုန်းများကွာခြားခြင်း၊ စံနှုန်းကွာခြားခြင်း၊ တွက်ချက်မှုမှားယွင်းခြင်း ၊ ၂ ရာခိုင်နှုန်း ဝင်ငွေခွန်ပေးဆောင်ရန် လိုအပ်ချက်များကို စစ်ဆေးတွေ့ရှိရကြောင်း ရှင်းပြခဲ့သည်။

ရွှေဂုံတိုင် ခုံးကျော်တံတားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြီးခဲ့သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်က ထပ်တိုးကုန်ကျငွေအပါအဝင် စုစုပေါင်း ငွေကျပ် ၂၀ ဒသမ ၈၇ ဘီလီယံဖြင့် တင်ဒါအောင် တံတားတည်ဆောက်ရေးကုမ္ပဏီဖြစ်သည့် ကက်ပီတယ်ဒီဗလော့မန့်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အလားတူ လှည်းတန်းခုံးကျော်တံတားတည်ဆောက်မှုတွင်လည်း ပိုလျှံသည့်ငွေများအား နိုင်ငံတော်သို့လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ပိုလျှံသည့်ငွေများအား နိုင်ငံတော်သို့ လည်းကောင်း၊ အလားတူ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သို့ လုပ်ငန်းများအပ်နှံဆောင်ရွက်ရာတွင်လည်း စစ်ဆေးတွေ့ရှိချက်များအရ ပိုလျှံငွေများတွေ့ရှိခဲ့ပါသဖြင့် နိုင်ငံတော်သို့ သက်သေချလန်များနှင့်အတူ ပြန်လည်ပေးသွင်းမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ယနေ့ တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးမှ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှက ပြောကြားသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**



ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ ရွှေဂုံတိုင်ခုံးကျော်တံတားကို တွေ့ရစဉ်

# ဓာတ်လှေကားစက်ချို့ယွင်းသွား၍ အမျိုးသားတစ်ဦး ဓာတ်လှေကားအတွင်းပိတ်မိမှုဖြစ်ပွား



**ရန်ကုန် မေ ၂၀**

တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် တောင်မြင်းပြိုင်ကွင်းလမ်းအမှတ် (၂၄/၆) ရှစ်ထပ်ခွဲတိုက်၏ ဓာတ်လှေကားအတွင်း၌ မေ ၂၉ ရက်နံနက် ၁၁ နာရီမိနစ် ၂၀ ခန့်ကအမျိုးသား တစ်ဦးပိတ်မိနေခဲ့သည်။

အဆိုပါတိုက်၏ ဒုတိယထပ်အခန်းအမှတ် (2-B)တွင်နေထိုင်သော ဦးရဲဝင်းထူးသည် မိမိအခန်းသို့ ပြန်ရန် ဓာတ်လှေကားဖြင့် တက်လာစဉ် စက်ချို့ယွင်းသွားသည့်အတွက် တိုက်၏ ပထမအထပ်နှင့် ဒုတိယ အထပ်အကြားအရောက်တွင်ဓာတ်လှေကားရပ်သွားပြီး ပိတ်မိနေခြင်းဖြစ်ကြောင်းသိရသည်။

ကာယကံရှင်ကိုယ်တိုင် လက်ကိုင်ဖုန်းဖြင့် အကြောင်းကြားသည့်အတွက် တာမွေမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်လွင်ဦး ဦးဆောင်သောမီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့က သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာ မွန်းတည့် ၁၂ နာရီတွင် ဓာတ်လှေကားအတွင်း ပိတ်မိနေသူ ဦးရဲဝင်းထူးအား ကယ်ထုတ်နိုင်ခဲ့သည်။

**ကိုကြီးတင်**

# လျှပ်စစ်မီးကြိုးသွယ်တန်းရာ ဝရန်တာမှပြုတ်ကျသေဆုံး

**ထီးလင်း မေ ၂၀**

ဂန့်ဂေါခရိုင် ထီးလင်းမြို့မင်္ဂလာကျောင်းတိုက် ဆွမ်းစားဆောင် ဝရန်တာမှ လူတစ်ဦးပြုတ်ကျ ဒဏ်ရာရရှိမှု မေ ၂၉ ရက်နံနက် ၁၀ နာရီက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ထီးလင်းမြို့လျှပ်စစ်ဌာနမှ ဦးစိုးလေးနှင့် ဦးဝင်းနိုင်တို့သည် ယင်းနေ့က မင်္ဂလာကျောင်းတိုက် ဆွမ်းစားဆောင်တွင် လျှပ်စစ်မီးကြိုးသွယ်တန်းတပ်ဆင်ကြစဉ် ဦးစိုးလေးသည် အမြင့်ပေ ၁၄ ပေရှိ ဝရန်တာမှ ပြုတ်ကျရာ ဝဲဘက်နားထင်အနီး ပေါက်ပြဲဒဏ်ရာရရှိသည့်အပြင် ပါးစပ်မှသွေးများ ထွက်လာသဖြင့် ဆေးရုံသို့ပို့ဆောင်ကုသစဉ် မွန်းလွဲ ၁ နာရီခန့်တွင် သေဆုံးသွားကြောင်း သိရသည်။

(၁၀၁)

**မြန်မာ့ရုပ်မြင်သံကြား News Channel**
**၃၁.၅.၂၀၁၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**
၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၃၅ - "ပြည်သူ့အတွက်ပထမ ရက် ၁၀၀" (တိုင်းရင်းသားလူမျိုးများရေးဝန်ကြီးဌာန)
၉း၃၅ - မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်

**ညပိုင်း**
၂၀း၀၀-ပြည်တွင်းသတင်း
၂၀း၃၅-"ပြည်သူ့အတွက်ပထမရက် ၁၀၀"
- (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)
- လပတ်မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်
- တမ်းတမ်းတတဖြစ်ခဲ့ရသောရုပ်ရှင်တေးများ(အပိုင်း-၁၁)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာ သတင်းများ ထုတ်လွှင့်ပေးပါသည်။**

# ဆီးရီးယားနိုင်ငံမြောက်ပိုင်း တိုက်ပွဲများဖြစ်ပွားရာနေရာမှ လူပေါင်း ၆၀၀၀ ထွက်ပြေး



**ဒမတ်စကတ် မေ ၃၀**

အိုင်အက်စ် စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် ဆီးရီးယားနိုင်ငံမြောက်ပိုင်းဒေသမှ လူပေါင်း ၆၀၀၀ ကျော် ထွက်ပြေးခဲ့ရသည်ဟု စောင့်ကြည့်လေ့လာရေးအဖွဲ့က တနင်္ဂနွေနေ့တွင် ပြောသည်။ အဆိုပါ ရွှေ့ပြောင်းလာသည့် လူအုပ်ကြီးကို အလက်ပိုမြို့မြောက်ဘက်ရှိ ရှိတ်ခါအစ်ဆာ၊ မဲ(ယ်)နှင့် အခြားသော မြို့များမှ လူများကတွေ့ရှိခဲ့ကြပြီး အမေရိကန်က ကျောထောက်နောက်ခံပြုထားသော ဆီးရီးယားဒီမိုကရက်တစ်အင်အားစု (SDF)တို့ ထိန်းချုပ်ရာဒေသများကို အိုင်အက်စ်တို့က ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အတွက် ထွက်ပြေးလာကြခြင်းဖြစ် သည်။

လတ်တလောတွင် အလက်ပိုမြို့မြောက်ဘက်ရှိ ဆီးရီးယားဒီမိုကရက်တစ်အင်အားစု (SDF) တပ်ဖွဲ့တို့ ထိန်းချုပ်ထားရာမြို့များသို့ အိုင်အက်စ်တို့က အတင်းဝင်ရောက် တိုက်ခိုက်လျက်ရှိသည်။ အိုင်အက်စ်တို့ ထိန်းချုပ်ထားရာ အယ်ရက်ကာ ပြည်နယ်မြောက်ဘက်ဒေသများကို (SDF) တို့က တိုက်ခိုက်ခဲ့သည့်အတွက် လက်တုံ့ပြန်သည့် အနေဖြင့် ပြန်လည်တိုက်ခိုက်နေခြင်း ဖြစ်သည်။

ဆီးရီးယားသူပုန်များ၏ တော်လှန်ရေးမြို့ဟု သတ်မှတ်ထားသော မဲ(ယ်) မြို့ကို အိုင်အက်စ်တို့က ဝင်ရောက်တိုက်ခိုက်နေခြင်းကို ပြန်လည်ခုခံတိုက်ခိုက်နိုင်ရေး (SDF) အဖွဲ့ကစီစဉ်ခဲ့သည်။ ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်သူများက ယခုထွက်ပြေးလာသူများမှာ SDF တို့ထိန်းချုပ်ထားရာ အခြားဒေသများသို့ ထွက်ပြေးကြခြင်းဖြစ်ကြောင်း ပြောသည်။

SDF တပ်ဖွဲ့သည် ကာ့ဒ်နှင့် အာရပ် တိုက်ခိုက်ရေးသမားများဖြင့် စုစည်းထားခြင်းဖြစ်ပြီး အယ်ရက်ကာမြို့မြောက်ဘက်ဒေသများကို ထိန်းချုပ်နိုင်ရေးတိုက်ပွဲများ ဆင်နွှဲရန် ရည်ရွယ်၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။

**(ဆင်ဟွာ)**

# ဖမ်းဆီးခံထားရသည့် ဂျပန်စားစာခံ၏ပုံသစ်ထပ်မံထွက်ပေါ်

**တိုကျို မေ ၃၀**

ဆီးရီးယားရှိ အယ်ခိုင်ဒါအုပ်စုက ဖမ်းဆီးထားသောဂျပန်လူမျိုး သတင်းစာဆရာတစ်ဦး၏ ဓာတ်ပုံ အင်တာနက်ပေါ်၌ တွေ့ရှိရပြီး နောက် ဂျပန်အစိုးရက ဓားစာခံလွတ်မြောက်ရေး လုပ်ဆောင်သွားမည်ဟု တနင်္လာနေ့က ပြောသည်။


လိမ္မော်ရောင်အင်္ကျီဝတ်ဆင်ထားသော မုတ်ဆိတ်မွေးနှင့် လူတစ်ယောက်က ဂျပန်ဘာသာဖြင့် ရေးသားထားသော စာတမ်းကိုကိုင်ထားသည့်ပုံကို တနင်္ဂနွေနေ့က အင်တာနက် ပေါ်သို့တင်ခဲ့သည်။ စာကြောင်း၏ အဓိပ္ပာယ်မှာ "ကျွန်တော်ကို ကယ်ပါ။ ဒါကျွန်တော်အတွက် နောက်ဆုံးအခွင့်အရေးပါ"ဟုဖြစ်ပြီး ဂျန်ပယ်ယာဆုဒါ လက်မှတ်ထိုးထားသည်။

ယာဆုဒါကို လွန်ခဲ့သောဇွန်လက ဆီးရီးယားနိုင်ငံအတွင်း ဝင်ရောက်စဉ် အယ်ခိုင်ဒါအဖွဲ့နှင့် ဆက်သွယ်မှုရှိသောနူဆရာတပ်ဦးအဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု ဂျပန်မီဒီယာများက ပြောသည်။ ထို့နောက် မတ်လအတွင်း ယာဆုဒါ ကငင်း၏ မိသားစုနှင့် နိုင်ငံကို ၎င်းအားကယ်ဆယ်ရန်ရေးသားထားသည့် စာကိုဖတ်ကြားနေသည့်ပုံ ဗီဒီယိုဖိုင်ပေါ်ထွက်လာခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဖူမီယိုကီရှီဒါက အစိုးရအနေဖြင့် ယခုထွက်ပေါ်လာသည့် ပုံအသစ်မှာ ယာဆုဒါ၏ ပုံ အစစ်ဟုတ်မဟုတ်ကို ခွဲခြားမှုများပြုလုပ်လျက်ရှိသည်ဟု ပြောသည်။

ဂျပန်နိုင်ငံသားများ၏ အသက်အန္တရာယ်လုံခြုံစိတ်ချရရေးသည် အဓိကတာဝန်ပင်ဖြစ်ကြောင်း၊ သတင်းအချက်အလက်များကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိကြောင်း၊ လုပ်နိုင်သမျှ အရာမှန်သမျှကို လုပ်ဆောင်လျက်ရှိကြောင်း အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

၂၀၁၅ ခုနှစ်စောပိုင်းကလည်း အိုင်အက်စ်စစ်သွေးကြွများသည် ဂျပန်နိုင်ငံသားနှစ်ဦးကို ခေါင်းဖြတ်သတ်ခဲ့သည်။ ထိုသို့ ကြောက်မက်ဖွယ်ရာဖြစ်ရပ်ဆိုးက ဂျပန်နိုင်ငံသားများကို ထိတ်လန့်တုန်လှုပ်စေခဲ့သည်။ **(ရိုက်တာ)**




# အီရန်တို့ ဘုရားဖူးကာလ၌ ဆော်ဒီနိုင်ငံသို့ ဝင်ခွင့်မရ

**မက္ကာ မေ ၃၀**

မက္ကာမြို့သို့ နှစ်စဉ်ဘုရားဖူးသွားရောက်သော အီရန်မူဆလင်များကို ဆော်ဒီအာရေဗျ အစိုးရက ပိတ်ပင်မှုများ ပြုလုပ်သည်ဟူ၍ အီရန်တို့က ပြစ်တင်ပြောဆိုခဲ့သည်။ စက်တင်ဘာလ ဟာ့ဂျ်ဘုရားဖူးကာလအတွင်း အီရန် ဘုရားဖူး ၆၀၀၀၀သည် နှစ်စဉ် ဆော်ဒီ အာရေဗျသို့သွားရောက်သည်။

အီရန်နိုင်ငံသား ဘုရားဖူးများ မြင့်မြတ်သောမြို့အတွင်းသို့ ဝင်ရောက် ခရီးသွားခွင့်ရရေး အီရန်အရာရှိများနှင့် ဆော်ဒီအရာရှိများ ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခဲ့သည်။ အီရန် မူဆလင်များသည် ယခုနှစ် ဘုရားဖူးကာလအတွင်း ဆော်ဒီအာရေဗျသို့ သွားရောက်ခွင့်မရဟူ၍ အီရန်ဝန်ကြီးက တနင်္ဂနွေနေ့၌ ကြေညာခဲ့သည်။

ဆော်ဒီအရာရှိများသည် သုံးလကျော်ကြာ ဆွေးနွေးမှုများ စတင်ရန်နှောင့်နှေးခဲ့သည်ဟု အီရန်ဝန်ကြီးက ပြစ်တင်ခဲ့သည်။ ဆော်ဒီတို့ဘက်မှ ဆွေးနွေးပွဲတွင် သဘောတူညီခဲ့သည့်အတိုင်း အီရန်နိုင်ငံသားတို့အတွက် ဗီဇာကိစ္စဆောင်ရွက်ပေးမှု မရှိသေးဟူ၍ ၎င်းက ဆက်ပြောသည်။

ဆော်ဒီတို့ဘက်မှ ဘုရားဖူးများအတွက် လုံခြုံစိတ်ချရမှုလုံလောက်သော ပမာဏအထိ မပေးနိုင်ခဲ့ကြောင်း၊ လွန်ခဲ့သောနှစ်က အီရန်နိုင်ငံသားများအပါအဝင် ဘုရားဖူး ၁၅၀၀ ကျော် သေဆုံးခဲ့ရကြောင်း ၎င်းက ဆက်ပြောသည်။ ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အဒဲလ်အယ်ဂျူဘီယာလည်း ၎င်းတို့တိုင်းပြည်သည် မည်သူ့ကိုမျှ ဘာသာရေးကိစ္စထမ်းဆောင်ရာတွင် တားဆီးခြင်းမရှိဟု တနင်္ဂနွေနေ့က သတင်းထောက်များကို ပြောသည်။

ထို့အပြင် ပြဿနာကိစ္စရပ်များဖြေရှင်းရေး သဘောတူမှုစာချုပ်တွင် အီရန်တို့ဘက်မှ လက်မှတ်ရေးထိုးရန် ပျက်ကွက်ခဲ့သည်ဟု ၎င်းက ပြောသည်။ ဆော်ဒီအာရေဗျနှင့် အီရန်တို့ကြားဆက်ဆံရေးသည် ဆီးရီးယားပြည်တွင်းစစ်ကာလအတွင်း ပို၍တင်းမာလာခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**


# ရေယာဉ်နစ်မြုပ်မှုအတွင်းလူပေါင်း ၇၀၀ ခန့်ပျောက်ဆုံးလျက်ရှိ

**ဂျီနီဗာ မေ ၃၀**

လွန်ခဲ့သောဗုဒ္ဓဟူးနေ့က ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်အရ အာဖရိကနှင့် တခြားနေရာများမှ ဒုက္ခသည်နှင့် ရွှေ့ပြောင်းအခြေချသူလူပေါင်း ၇၀၀ ကျော် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များအေဂျင်စီက ပြောသည်။ ဥရောပသို့သွားသည့် အဆိုပါ ရေယာဉ်မှာ လစ်ဗျားကမ်းရိုးတန်းတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက အင်န်အိတ်ချ်ကေသို့ အတည်ပြုပြောကြားသည်။ တူရကီကိုဖြတ်၍ ဂရိသို့ သွားရောက်သော ဆီးရီးယားမှ ရွှေ့ပြောင်းဒုက္ခသည်များသည် ဥရောပသမဂ္ဂနှင့်တူရကီတို့ကြား ရေးထိုးထားသည့် စာချုပ်အရ တူရကီသို့ ပြန်လည်ပို့ဆောင်ခြင်းခံရမည်ဖြစ်သည်။ သို့သော် အာဖရိကနှင့် အခြားဒေသမှ ရွှေ့ပြောင်းသူများနှင့် ဒုက္ခသည်များသည် မြေထဲပင်လယ်ကိုဖြတ်၍ အီတလီသို့ရောက်ရှိနိုင်ရေး ကြိုးစားကြဆဲဖြစ်သည်။



လွန်ခဲ့သော သီတင်းပတ်က ရေယာဉ်နစ်မြုပ်မှုအတွင်း လူပေါင်း ၁၃၀၀၀ ကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ယင်းဖြစ်ရပ်သည် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ခုနှစ်အတွင်း အမြင့်ဆုံးစံချိန်ပင် ဖြစ်သည်။ ရာသီဥတုကောင်းမွန်သည့် နွေရာသီကာလအတွင်း ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများသည် မြေထဲပင်လယ်ကို ဖြတ်ကျော်ရန် ကြိုးစားကြဦးမည်ဟု ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းကြသည်။ ရေယာဉ်များဖြင့်လူများ အဆမတန် သယ်ဆောင်ခြင်းသည် ရေယာဉ်နစ်မြုပ်အောင် လုပ်ဆောင်ခြင်းနှင့်တူသည်ဟု ကုလသမဂ္ဂနှင့်အခြားသော အရာရှိများက ပြောသည်။

**(အင်န်အိတ်ချ်ကေ)**

# ဆီးရီးယားအတိုက်အခံဘက်မှ အဓိက ညှိနှိုင်းရေးမှူး ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ နုတ်ထွက်

**ဒမတ်စကတ် မေ ၃၀**

ဆီးရီးယားအတိုက်အခံဘက်မှ အဓိကညှိနှိုင်းရေးမှူး မိုဟာမက်အလောက်သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကျောခိုင်းထွက်ခွာသွားပြီဖြစ်သည်။

အဆင့်မြင့်ညှိနှိုင်းရေးကော်မတီ မှ အလောက်က ဆွေးနွေးပွဲသည် နိုင်ငံရေးဆိုင်ရာညှိနှိုင်းမှုများ သို့မဟုတ် သိမ်းပိုက်ခံဒေသများမှ ဆီးရီးယားပြည်သူများ၏ ဘဝကို အေးချမ်းအောင် မဆောင်ကြဉ်းနိုင်ကြောင်း ပြောခဲ့သည်။

ဆီးရီးယားအစိုးရကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးနေသော ကုလသမဂ္ဂဦးဆောင်သည့် ငြိမ်းချမ်းရေးညှိနှိုင်းမှုတွင်ပါဝင်သော အဆင့်မြင့်ညှိနှိုင်းရေးကော်မတီသည် ၎င်းပါဝင်မှုကို ခေတ္တခဏ ဆိုင်းငံ့ထားသည်။

ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်မည့်ရက်ကို အတိအကျမသတ်မှတ်နိုင်သေးပေ။ ဆီးရီးယားငြိမ်းချမ်းရေးသုံးပွင့်ဆိုင်အစည်းအဝေးသည် အောင်မြင်မှုမရရှိခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် ဆီးရီးယားအစိုးရ၏ ခေါင်းမာမှုနှင့် ဆီးရီးယားပြည်သူများကို ရန်လိုဆန့်ကျင်ပြီး ဗုံးများဆက်လက်ကြဲခြင်းကြောင့်ဖြစ်ကြောင်း အလောက်က ပြောခဲ့သည်။

**(ဘီဘီစီ)**

# ၂၀၃၀ မှာ ဥရောပသမဂ္ဂသို့ ဝင်ရောက်နိုင်ဖို့ ယူကရိန်းဘာတွေပြုပြင်ပြောင်းလဲမှာလဲ

ကလျာမိုးမြင့်

**နိုင်ငံရဲ့ဂုဏ်သိက္ခာအတွက် တော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲခဲ့ပြီးနောက် ယူကရိန်းနိုင်ငံဟာ နိုင်ငံရေးနဲ့စီးပွားရေးမှာ ရှေ့ကိုလှမ်းချီနိုင်ဖို့အတွက် အကြီးအကျယ်အားယူနေပြီဖြစ်ပါတယ်။ ယခုလိုအားယူဆောင်ရွက်ရာမှာ ဘယ်လောက်ထိ ခရီးရောက်နေပြီး နောင်လာမယ့် ၁၅ နှစ်မှာ ဘာတွေအောင်မြင်လာနိုင်မလဲဆိုတာကို ယနေ့ ခန့်မှန်းတွက်ချက် ကြည့်ကြပါစို့။**



ယူကရိန်းဟာ အိမ်နီးချင်းဥရောပနိုင်ငံများနဲ့စာရင် အတော်လေးနောက်ကျကျန်ရစ်နေခဲ့ပြီဖြစ်တာကြောင့် ရည်မှန်းချက်တစ်ခုချမှတ်ပြီး တစ်နှစ်မှာ ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်းကနေ ၆ ရာခိုင်နှုန်းအထိ တိုးတက်မှုရရှိအောင် လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

ယူကရိန်းနိုင်ငံက အဓိကဦးစားပေးဆောင်ရွက်ရမယ့် အပိုင်း(၇)ခုကတော့ ငွေကြေးတည်ငြိမ်မှု၊ ဥရောပဈေးကွက်အတွင်း ဝင်ရောက်နိုင်ရေး၊ ဥရောပနှင့်အတူ ဗီဇာကင်းလွတ်ခွင့်၊ နိုင်ငံပိုင်မှ ပုဂ္ဂလိကပိုင်သို့ လွှဲပြောင်းရေးနဲ့ စည်းမျဉ်းများ ပယ်ဖျက်ရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုနဲ့ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ ဥရောပသမဂ္ဂသို့ ဝင်ရောက်နိုင်ရေးတို့ပဲဖြစ်ပါတယ်။

ငွေကြေးတည်ငြိမ်မှုမရှိဘဲ စီးပွားရေးတိုးတက်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ကံကောင်းထောက်မစွာနဲ့ပဲ ယူကရိန်းဟာ ဘတ်ဂျက် အသုံးစရိတ်လိုငွေကို ထိန်းချုပ်လာနိုင်ခဲ့တဲ့အတွက် စီးပွားရေးတိုးတက်မှုရရှိဖို့ နီးကပ်လာပါပြီ။ ပြီးခဲ့တဲ့နှစ်က ငွေကြေးသုံးစွဲမှုဟာ ဂျီဒီပီရဲ့ ၅၃ ရာခိုင်နှုန်းကနေ ၄၄ ရာခိုင်နှုန်းထိ လျော့ကျခဲ့ပါတယ်။ ကြီးမြင့်တဲ့ဝင်ငွေခွန်ကောက်ခံမှုကိုလည်း ၄၅ ရာခိုင်နှုန်းကနေ ၂၂ ရာခိုင်နှုန်းထိ လျှော့ပေါ့ပေးလိုက်ပါတယ်။ တစ်နှစ်စာ ငွေကြေးဖောင်းပွမှုဟာ ၁၀ ရာခိုင်နှုန်းအောက် လျော့ကျသွားခဲ့ပါတယ်။ နိုင်ငံတော်ဘဏ်ကလည်း အတိုးနှုန်းကို လျှော့ချပေး နေပြီဖြစ်တဲ့အတွက် ရောင်းဝယ်ဖောက်ကားမှုအတွက် ချေးငွေပမာဏဟာ တစ်နှစ်မှာ ၂၀ ရာခိုင်နှုန်းလောက်ထိ လျော့ကျလာတော့မှာဖြစ်ပါတယ်။ ယူကရိန်းနိုင်ငံအတွက် ဥရောပသမဂ္ဂရဲ့ သဘောတူစာချုပ်ထဲမှာ အပြည့်အဝလွတ်လပ်စွာကုန်သွယ်ခွင့် သဘောတူညီမှုဆိုတာပါပေမယ့် အဲဒီသဘောတူညီမှုဟာ အီးယူကခွင့်ပြုတဲ့ အရေးကြီးသော ပြည်ပပို့ကုန် ၃၆ မျိုးနဲ့ ကန့်သတ်ထားတဲ့ ကုန်ပစ္စည်းအရေအတွက် အနည်းငယ်အတွက်သာ ဖြစ်ပါတယ်။ ဒါတွေကိုလည်း ထပ်မံတိုးချဲ့ရမှာဖြစ်ပြီး ကန့်သတ်ချက်များပါရှိနေတဲ့ လွတ်လပ်စွာ ကုန်သွယ်ခွင့်



သဘောတူစာချုပ်ကြောင့် ယူကရိန်းဟာ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ဖို့ ခက်ခဲနေဆဲပါပဲ။ စိုက်ပျိုးရေးကဏ္ဍပြီးရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ ယူကရိန်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဓိကယန္တရားကြီးလို့ ဆိုရမှာပါ။ ယူကရိန်းရဲ့ ပြည်ပပို့ကုန်တွေမှာ ဥရောပသမဂ္ဂရဲ့ ငွေကြေးထည့်ဝင်မှုဟာလည်း သုံးပုံတစ်ပုံကနေ သုံးပုံနှစ်ပုံအထိ မြန်မြန်ဆန်ဆန် တိုးမြင့်လာသင့်ပါတယ်။

ယူကရိန်းနိုင်ငံသားများ ဥရောပတစ်ခွင် လွတ်လပ်စွာသွားလာနိုင်မယ့် ဗီဇာကင်းလွတ်ခွင့်ကိုလည်း ဥရောပသမဂ္ဂက ခွင့်ပြုပေးဖို့ နီးစပ်လာနေပါပြီ။ ယူကရိန်းနိုင်ငံသားထောင်ပေါင်းများစွာတို့ဟာ ဥရောပနိုင်ငံတွေမှာ အဆင့်မြင့်ပညာများသင်ကြားလျက်ရှိနေပြီး နိုင်ငံသားသန်းပေါင်းများစွာဟာ အဲဒီမှာ အလုပ်လုပ်ကိုင်ကာ အတွေ့အကြုံကောင်းတွေ ရယူနေကြပါတယ်။ ဗီဇာကင်းလွတ်ခွင့်က ယခုလိုနိုင်ငံတကာ ငွေကြေးလဲလှယ်မှုတွေမှာ အဆင်ပြေချောမွေ့စေနိုင်မှာဖြစ်ပါတယ်။

၁၉၉၀ ပြည့်နှစ် အစောပိုင်းကာလများက ပိုလန်နိုင်ငံသား သန်းပေါင်းများစွာဟာ နိုင်ငံရပ်ခြားမှာ အသိပညာအတတ်ပညာများ ဆည်းပူးရယူပြီး နေရပ်ပြန်ကာ ကိုယ့်နိုင်ငံရဲ့အကျိုးစီးပွားအတွက် လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှုများစွာကို တောင်းဆိုခဲ့ကြပါတယ်။ အလားတူ ဖြစ်ရပ်မျိုးကို ယူကရိန်းနိုင်ငံမှာ မျက်ဝါးထင်ထင်မြင်တွေ့နေရပါပြီ။

ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်သင့်တဲ့ နောက်ထပ်ခြေလှမ်းကတော့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေဟာ သိပ်ကိုငွေကုန်ကြေးကျများခဲ့ပါပြီ။ ဒါပေမယ့် နိုင်ငံရေးပါတီတွေအားလုံး လူထုနဲ့ဆိုင်တဲ့ ငွေကြေးအသုံးပြုမှုကို ကန့်သတ်ဖို့ ဥပဒေသစ်တစ်ရပ်ကို အဆိုပြုထားပါတယ်။ လွှတ်တော်အဖွဲ့ဝင်များကိုလည်း ဥပဒေပြုရန် အာဏာရှိတဲ့ လုပ်ဆောင်မှုများကို ကန့်သတ်ရမှာဖြစ်ပြီး နိုင်ငံရဲ့စီးပွားစီမံခန့်ခွဲမှုအပိုင်းမှာ ကြားဝင်စွက်ဖက်ခွင့်မပြုသင့်ပါဘူး။

အစိုးရအရာရှိများရဲ့ ဝင်ငွေပိုင်ဆိုင်မှုကို ကြေညာချက်ထုတ်ပြန်ရတဲ့ ဥပဒေသစ်ဟာ ၎င်းတို့ကို တရားဝင်တာဝန်ရှိလာစေမှာဖြစ်ပြီး ပိုမိုပွင့်လင်းမြင်သာမှုရရှိလာမှာဖြစ်ပါတယ်။ အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ဖို့ကြိုးပမ်းရာမှာ ယူကရိန်းနိုင်ငံရဲ့ မဟာဆူးငြောင့်ခလုတ်ကတော့ အကျင့်ပျက်တရားစီရင်မှုစနစ် စိမ့်ဝင်နေခြင်းပဲဖြစ်ပါတယ်။ အဓိကကျတဲ့ ဇာတ်ကောင်နှစ်ခုကတော့ ရှေ့နေနဲ့ ခုံရုံးတွေပါပဲ။ အရှေ့ဂျာမနီ၊ အက်စတိုးနီးယားနဲ့ ဂျော်ဂျီယာပြည်နယ်တွေမှာ အကျင့်ပျက်ရှေ့နေနဲ့ တရားသူကြီးတွေကို ဖြုတ်ချလိုက်ပြီး အသစ်ခန့်ထားခဲ့ပါတယ်။ အဆိုပါ နေရာများမှာ ခြစားမှုကို ကိုင်တွယ်ဖြေရှင်းတာဟာ အတော်လေးအောင်မြင်မှုရရှိနေပါပြီ။ ယူကရိန်းမှာလည်း ခုလိုဆောင်ရွက်သင့်ပါတယ်။ ဒီထက်ပိုပြီး အားစိုက်ဆောင်ရွက်သင့်တဲ့နောက်ထပ်နည်းလမ်းကတော့ ရိုမေးနီးယားလို အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများ ထားရှိခြင်းဖြစ်ပါတယ်။

ယူကရိန်းဟာ ယခုလမ်းကြောင်းအတိုင်း လွတ်လပ်ပြီးတရားမျှတတဲ့ စီးပွားရေး၊ နိုင်ငံရေး၊ တရားစီရင်ရေးစနစ်ကို အောင်မြင်စွာ တည်ဆောက်သွားမယ်ဆိုရင် ယူကရိန်းသမ္မတ ပက်ထရိုပိုရိုရှန်ကို မိန့်ဆိုခဲ့သလို ၂၀၂၀ ပြည့်နှစ်မှာ ဥရောပသမဂ္ဂအဖွဲ့ကို ဝင်ရောက်ဖို့ အသင့်ရှိနေမှာဖြစ်ပြီး လာမယ့် ၂၀၃၀ ရောက်ရင်တော့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့အတူ ဥရောပသမဂ္ဂအဖွဲ့ဝင်အနေနဲ့ ဦးမော့ရပ်တည်လာနိုင်မယ်လို့ မျှော်လင့်ရပါကြောင်း။ ။

ကိုးကား-http://www.at lanticcouncil.org

**အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ဖို့ကြိုးပမ်းရာမှာ ယူကရိန်းနိုင်ငံရဲ့ မဟာဆူးငြောင့်ခလုတ်ကတော့ အကျင့်ပျက်တရားစီရင်မှုစနစ် စိမ့်ဝင်နေခြင်းပဲဖြစ်ပါတယ်။ အဓိကကျတဲ့ ဇာတ်ကောင်နှစ်မျိုးကတော့ ရှေ့နေနဲ့ ခုံရုံးတွေပါပဲ**

# အီရန်နိုင်ငံမှ စွမ်းအင်ပမာဏကို ယူကရိန်းရယူလို

**တီဟီရန် မေ ၃၀**

အလည်အပတ်ခရီးသွားနေသည့် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ပက်ဗလို့ကလင်မ်ကင်က အီရန်နိုင်ငံသည်ယူကရိန်းနိုင်ငံကလိုအပ်လျက်ရှိသော စွမ်းအင်ပမာဏကို ဖြည့်စွမ်းပေးနိုင်သည်ဟု တနင်္ဂနွေနေ့ကပြောခဲ့ကြောင်း Tasnim သတင်းဌာနက ပြောသည်။

ယူကရိန်းနိုင်ငံကလည်း အပြန်အလှန်အားဖြင့် အီရန်သို့ အစားအသောက်ဖြည့်စွမ်းပေးနိုင်သည်ဟု ကလင်မ်ကင်က အင်တာဗျူးတစ်ခုတွင် ပြောသည်။ အီရန်၏ နျူကလီးယား စာချုပ်အကောင်အထည်ဖော်ရေး၌ နှစ်နိုင်ငံပို၍ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အခွင့်အရေးရှိကြောင်း၊ ယူကရိန်းသည် အီရန်နှင့် မဟာဗျူဟာမြောက် လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏အောက်တွင် အီရန်နိုင်ငံ၏ ပိတ်ဆို့မှုများဖယ်ရှားပေးခြင်းသည် နှစ်နိုင်ငံစလုံး၌လွတ်လပ်သောဘဏ်စနစ်ကို ဆောင်ရွက်လာနိုင်ပြီး နှစ်နိုင်ငံလုံးရှိအကြီးစားအငယ်စားစီးပွားရေးလုပ်ငန်းများ၌ ပို၍တိုးတက်မှုရှိလာမည်ဟုလည်း ၎င်းကပြောသည်။

တနင်္ဂနွေနေ့ကပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲအတွင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဘက်ဇာအစ်ဖ်က နှစ်နိုင်ငံကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်ကောင်းများရှိကြောင်းပြောခဲ့သည်။ အဆင့်မြင့်ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ စွမ်းအင်၊ စိုက်ပျိုးရေးနှင့်ခရီးသွားလုပ်ငန်းတို့၌လည်း နှစ်နိုင်ငံပူးပေါင်း၍ ကျယ်ကျယ် ပြန့်ပြန့်လုပ်ဆောင်သွားမည်ဟု ၎င်းကဆက်လက်ပြောသည်။

(ဆင်ဟွာ)

# ချီကာဂိုအောက်မေ့ဖွယ်နေ့ အခမ်းအနားတွင် လူ ၄၀ သေဆုံးခဲ့

**ချီကာဂို မေ ၃၀**

အောက်မေ့ဖွယ်အထိမ်းအမှတ်အခမ်းအနားတွင် ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၄၀ သေဆုံးခဲ့ကြောင်း ချီကာဂိုရဲဌာနက တနင်္ဂနွေနေ့တွင် ပြောခဲ့သည်။

ချီကာဂိုတစ်ဝန်း အောက်မေ့ဖွယ်အထိမ်းအမှတ် အခမ်းအနားကျင်းပရာ စနေနေ့နံနက်ပိုင်းမှ တနင်္ဂနွေနေ့အစောပိုင်းအထိ လူတစ်ဦးသေဆုံးခဲ့ပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့သည်။

ချီကာဂိုတောင်ဘက်တွင် အသက် ၂၇နှစ်အရွယ်လူတစ်ဦး အပစ်ခံရပြီး အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့သည်။ သေနတ်ကို အခင်းဖြစ်ပွားရာနေရာတွင် ရှာဖွေတွေ့ရှိခဲ့သော်လည်း မည်သူ၏လက်နက်ဖြစ်သည်ကို အတည်မပြုနိုင်သေးကြောင်း ချီကာဂိုရဲဌာနပြောရေးဆိုခွင့်ရှိသူ ရဲအရာရှိမီရှယ်တန်ဟေးလ်ကပြောခဲ့သည်။

ချီကာဂိုတွင် အောက်မေ့ဖွယ်နေ့ကို နွေရာသီ၌ ပုံမှန်ကျင်းပလေ့ရှိသည်။ လွန်ခဲ့သောနှစ်က အောက်မေ့ဖွယ်နေ့အခမ်းအနားတွင် လူ ၁၂ ဦး သေဆုံးခဲ့ပြီး အနည်းဆုံး ၄၄ဦးဒဏ်ရာရရှိခဲ့သည်။

(ဆင်ဟွာ)

# မန္တလေးမြို့၌ ညပိုင်းအချိန်များတွင် လေထုညစ်ညမ်းမှု ပိုမိုဖြစ်ပွားနေ

**မန္တလေး မေ ၃၀**

မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လေထုညစ်ညမ်းမှု တိုင်းတာရေးလုပ်ငန်းများကို ၂၄ နာရီ ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့ဝန်းကျင်တွင် ညပိုင်းအချိန်၌ နေ့ပိုင်းအချိန်ထက် လေထုညစ်ညမ်းမှု ပိုမိုနေကြောင်း သိရသည်။

"နာရီအလိုက် ပြောင်းလဲမှုတွေရှိတယ်။ လေထုထဲမှာပါတဲ့ PM 2.5 အမှုန်ကို တိုင်းတာတာပါ။ တိုင်းတာရေးစက် သဘောက သုံးမီတာအတွင်း ပတ်ဝန်းကျင်လေထုကို စုပ်ယူပြီး Sensor ဖတ် တိုင်းတာခြင်းဖြစ်တယ်။ ဝေးကွာတဲ့လေကို မစုပ်ယူနိုင်ဘူး"ဟု မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ပြောကြားသည်။ မန္တလေးမြို့၌ ၂၀၁၅-ခုနှစ် ဧပြီလမှစ၍ လေထုအရည်အသွေးတိုင်းတာရေးစက် တပ်ဆင်ကာ တိုင်းတာမှုများ စတင်လုပ်ဆောင်ခဲ့ပြီး ယင်းစက်မှာ တန်ဖိုးကျပ် သိန်းတစ်ထောင်ခန့်ရှိကြောင်း သိရသည်။

လေထုညစ်ညမ်းမှုတိုင်းတာရရှိမှု ဧပြီလမှတ်တမ်းများအရ လေထုထဲတွင်ပါရှိသည့် PM 2.5 အမှုန်ကို တိုင်းတာရာတွင် အမြင့်ဆုံးမှာ 99.3556 ug/m3 ဖြစ်ပြီး အနိမ့်ဆုံးမှာ 16.915 ug /m3 ရှိကာ မိုးရွာပါက ဖုန်မှုန့်များငြိမ်သွားသည့်အတွက် လေသန့်မှုရှိလာပြီးလေထုညစ်ညမ်းမှု လျော့နည်းကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Guide Line အရ အမှုန်ပါဝင်နှုန်းမှာ 25 ug/m3 သာရှိရမည်ဖြစ်ကြောင်း သိရသည်။

"အဓိကတော့ အမှုန်အမွှားတွေ လေထဲမှာပါနေတယ်။ ကျွန်တော်တို့နိုင်ငံတင်မဟုတ်ဘဲ ဂျပန်နိုင်ငံမှာတောင် သတ်မှတ်တဲ့အဆင့်မျိုး မရောက်သေးဘူး။ အမှုန်တွေများတယ်။ ၂၀၁၇ ခုနှစ်မှာ စံသတ်မှတ်ချက်တွေ ထုတ်ပြန်မယ်။ စက်နဲ့တိုင်းတာရာမှာ အပူချိန်နဲ့ လေထုစိုထိုင်းဆ ဘယ်လောက်ရှိတယ်ဆိုတာတွေ သိနိုင်တယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။



မန္တလေးမြို့တွင် တပ်ဆင်ထားသော လေထုအရည်အသွေးတိုင်းတာရေးစက်တစ်ခု

လေထုညစ်ညမ်းမှုကြောင့် လူသားတို့တွင် အသက်ရှူလမ်းကြောင်း၊ နှလုံးရောဂါများနှင့် ကင်ဆာရောဂါများဖြစ်နိုင်ပြီး ကျန်းမာရေးနှင့် သက်ဆိုင်သည့်ပြဿနာများ ဖြစ်နိုင်သဖြင့် လေထုသန့်ရှင်းရန်လိုအပ်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် မြစ်၊ ချောင်းနှင့် အင်းရေများ၏ အရည်အသွေးကို တိုင်းတာစစ်ဆေးနိုင်သည့် စက်များကိုလည်း မှာယူထားရာ ရောက်ရှိနေပြီဖြစ်၍ တိုင်းတာမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ သစ်တောဦးစီးဌာနနှင့် ပြည်သူများပူးပေါင်းပြုလုပ်

**ဖာပွန် မေ ၃၀**

ကရင်ပြည်နယ် ဖာပွန်မြို့အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပွဲကို ကရင်ပြည်နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် မေ ၂၈ ရက်က ပြုလုပ်ခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး ဖာပွန်မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးအောင်ဇော်ဦးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းနှင့် သစ်ပင်စိုက်ပျိုးခြင်း၏ ရည်ရွယ်ချက်များ၊ သစ်ပင်များ၏ အသုံးဝင်ပုံနှင့် လူနှင့်တကွ သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုပုံများ၊ ဥတုရာသီကြောင့် ကမ္ဘာကြီးပူနွေးလာခြင်း စသည့်အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းဟောပြောသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများအား ကျွန်းပျိုးပင် ၂၀၀၊ ပျဉ်းကတိုးပျိုးပင် ၅၀၊ မဟော်ဂနီပျိုးပင် ၅၀ နှင့် စိန်ပန်းပျိုးပင် ၅၀ ကို သစ်တောဦးစီးဌာနက ဖြန့်ဝေပေးခဲ့ပြီး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**



# ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ စာသင်ခုံများ ပြုပြင်နေရာချပေး

**ကော့သောင်း မေ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဖွင့်ချိန်တွင် ကျောင်းသားများ အဆင်ပြေစေရေးအတွက် အကျိုးပြုလုပ်ငန်းများကို ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ မေ ၂၉ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မကြာမီအချိန်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည် ဖြစ်ရာ ကျောင်းသားကျောင်းသူများ အဆင်ပြေလွယ်ကူစွာ ပညာသင်ယူနိုင်ရေးအတွက် ကျောင်းစာသင်ခန်းများရှိ စာသင်ခုံများကို စနစ်တကျ ပြန်လည်ထားသို စီစဉ်နေရာချပေးခြင်း၊ ပျက်စီးယိုယွင်းနေသည့် စာသင်ခုံများကို ပြုပြင်ပေးခြင်း၊ ကျောင်းသား ကျောင်းသူများ ရောဂါဘယကင်းဝေးစွာ သောက်သုံးနိုင်ရန် ရေသန့်ဘူးများ ဖြည့်ဆည်းပေးခြင်း၊ ကျောင်း စာသင်ခန်းများအတွင်းနှင့် ကျောင်းဝန်းကျင်တို့တွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့် လုပ်ငန်းများကို ရဲတပ်ဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။

**ကျော်စိုး(ကော့သောင်း)**

## သတင်းတို

### မြို့နယ်စာရေးဆရာအသင်း အစည်းအဝေးပြုလုပ်

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စာရေးဆရာအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၉ ရက်က ပြုလုပ်ခဲ့ပြီး အသင်း၏ ဘဏ္ဍာရေးအခြေအနေ၊ မိုးညှင်းမဂ္ဂဇင်း အမှတ်(၇) ထုတ်ဝေနိုင်ရေး၊ မကြာမီကျင်းပတော့မည့် မြန်မာနိုင်ငံစာရေးဆရာအသင်း ညီလာခံသို့ တက်ရောက်မည့်ကိုယ်စားလှယ်အား ထောက်ပံ့ပေးမည့်အခြေအနေများ စသည့်အကြောင်းအရာများကို အသင်းဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ အတွင်းရေးမှူး ဦးတင်ဦးနှင့် အမှုဆောင်များက ဆွေးနွေးခဲ့ကြသည်။ မိုးညှင်းမဂ္ဂဇင်းအတွက် ကဗျာ၊ ဝတ္ထု၊ ကာတွန်း၊ ဆောင်းပါးများ ပေးပို့လိုသူများအနေဖြင့် ဦးခင်မောင်ဦး (ဥက္ကဋ္ဌ) မိုးညှင်းမြို့နယ် စာရေးဆရာအသင်းသို့ လိပ်မူ၍ ပေးပို့နိုင်ကြောင်း သိရသည်။

**မင်္ဂလာ-ဦး**

# ကျောက်တံခါးမြို့၌ သွေးလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပ

**ကျောက်တံခါး မေ ၃၀**

မိမိတို့၏အသက်ဖြစ်သောသွေးကို တစ်ပါးသူ၏အသက်အတွက် ပေးလှူဝံ့သော သွေးလှူရှင် ပရဟိတမောင်မယ်များအား တတိယအကြိမ်မြောက် ဂုဏ်ပြုပွဲကို ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်း(ခ)အောင်မြင်မြို့တိုက်နယ်ဆေးရုံခန်းမ၌ မေ ၂၉ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် မေတ္တာရှင်လူမှုကူညီရေးအသင်းနာယက ဒေါက်တာကျင်ဝင်းက အမှာစကားပြောကြားပြီး ၂၀၁၅ ခုနှစ် မေလမှ ယနေ့အထိ တစ်နှစ်တာကာလအတွင်း သွေးလှူဒါန်းခဲ့သော သွေးလှူရှင်ပေါင်း ၁၄၂ ဦးနှင့် သံဃာတော်ခြောက်ပါးတို့အား သွေးလှူရှင်ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး သွေးလှူရှင်အသစ် ၅၈ ဦးအား သွေးများဆက်လက်လှူဒါန်းနိုင်ရေး သွေးဖောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ဂုဏ်ပြုပွဲသို့ မေတ္တာရှင်လူမှုကူညီရေးအသင်းနာယကနှင့် အသင်းဝင်များ၊ တိုက်နယ်ဆရာဝန် ဒေါက်တာသီဟအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်မင်းနှင့် ရပ်မိရပ်ဖများ၊ သွေးလှူရှင်များ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ကျန်းမာရေးအထောက်အကူပြု ယောဂကျင့်စဉ် ဆင့်ပွားသင်တန်းပို့ချ

**ချောက် မေ ၃၀**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းများမှ ကာယပညာသင်ဆရာ ဆရာမ ၁၉ ဦးအား အများနှင့်ဆိုင်သော ယောဂကျင့်စဉ် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို မေ ၂၉ ရက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းကို မကွေးတိုင်းဒေသကြီး ပညာရေးဌာနညွှန်ကြားရေးမှူး ဦးကျော်အေး၏ အစီအစဉ်ဖြင့် အထက(၁)ကျောင်း မြရိပ်ညိုခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်သည်။ သင်တန်းတွင် အထက(၃)ကျောင်းမှ အထက်တန်းပြဆရာ ဦးသန်းစိုးထူးက နည်းပြအဖြစ် သင်တန်းသား ဆရာ ဆရာမ ၁၉ ဦးအား သင်တန်းပို့ချပြီး ဆရာ ဆရာမများအနေဖြင့် မိမိတို့ကျောင်းရှိ ကျောင်းသားကျောင်းသူများအား (ကာယ)အချိန်များတွင် ကျန်းမာရေးကောင်းမွန်စေရန် ယောဂကျင့်စဉ်များကို ထည့်သွင်းသင်ကြားလေ့ကျင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

ရောဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ပြီး သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ မအူပင်မြို့အမှတ်(၅)ရပ်ကွက်ရှိ ဆေးရုံဟောင်းဝင်းအတွင်း၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ စုပေါင်းကာ ချုံနွယ်များရှင်းလင်းခြင်း၊ ရေမြောင်းများ တူးဖော်ဆယ်ယူခြင်း၊ လျှပ်စစ်ကြိုးများနှင့်မလွတ်သည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို မေ ၂၉ ရက်က စုပေါင်းလုပ်ဆောင်ကြစဉ်
(မြို့နယ် ပြန်/ဆက်)



# အင်းတော်မြို့နယ်၌ လိုင်စင်မဲ့ယာဉ်ငါးစီးဖမ်းမိ




**အင်းတော်  မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပိန္နဲကုန်းတံတားတွင် တရားမဝင်ယာဉ်ငါးစီးဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲက အင်းတော်မြို့နယ် မဲဇာပိန္နဲကုန်းတံတားလုံခြုံရေးမှ ဒုရဲအုပ်ဝဏ္ဏဆွေနှင့်အဖွဲ့သည် ရက် ၁၀၀ စီမံချက်အရ တံတားအနီးတွင် ရှာဖွေစစ်ဆေးရေးများ ပြုလုပ်နေစဉ် မြတ်လင်းဦး မောင်းနှင်လာသော 2J/------ယာဉ်၊ အောင်မြင့်နိုင် မောင်းနှင်လာသော 2G/------ ယာဉ်တို့အား စစ်ဆေးရာ ယင်းမော်တော်ယာဉ်များသည် တရားမဝင်လိုင်စင်မဲ့၊ အကောက်ခွန်မဲ့ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

အလားတူ ဒုရဲအုပ်ဝဏ္ဏဆွေနှင့်အဖွဲ့သည် ထိုနေ့ည ၃ နာရီတွင် မဲဇာပိန္နဲကုန်းတံတားအနီးတွင် သန်းဇော် မောင်းနှင်လာသော 2I/----ယာဉ်တစ်စီး၊ ကျော်ကျော်ထွန်း မောင်းနှင်လာသော ယာဉ်တစ်စီး၊ တင်မျိုးဆန်း မောင်းနှင်လာသော 3H/-------ယာဉ်တို့အား ရပ်တန့်စစ်ဆေးရာ လိုင်စင်မဲ့ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

သို့ဖြစ်၍ လိုင်စင်မဲ့ယာဉ်များ လက်ဝယ်ထားရှိသူ သန်းဇော်(၃၉နှစ်) ရန်ကြီးအောင်ရပ် မြစ်ကြီးနားမြို့၊ တင်မျိုးဆန်း (၃၁နှစ်) ရွှေညောင်ပင်ရပ် မြစ်ကြီးနားမြို့နေသူနှင့် ကျော်ကျော်ထွန်း (၃၀နှစ်) တောင်ဥက္ကလာပ ရန်ကုန်မြို့နေသူတို့အား အင်းတော် မြို့မရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# စလင်းမြို့၌ တစ်နေ့တည်း ယာဉ်တိုက်မှုနှစ်ကြိမ်ဖြစ်

**စလင်း  မေ ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် မေ ၂၉ ရက်က တစ်နေ့တည်း ယာဉ်တိုက်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၉ရက် ညနေ ၅ နာရီခန့်တွင် မကွေးမှစလင်းသို့ ပြန်လာသော ကျော်သူစိုး (၃၀နှစ်)မောင်းနှင်သည့် ကုန်တင်ယာဉ်နှင့် ဌေးလွင် (၃၅ နှစ်) စီးနင်းလာသော မော်တော်ဆိုင်ကယ်တို့ မျက်နှာခြင်းဆိုင်တိုက်မိရာ ဌေးလွင်မှာ ဒဏ်ရာရရှိသဖြင့် စလင်းဆေးရုံသို့ အတွင်းလူနာအဖြစ် ပို့ဆောင်ကုသလျက်ရှိသည်။

အလားတူ မေ ၂၉ ရက် ည ၈ နာရီက စလင်းမြို့လယ်လမ်း စိန်သရဖူ စားသောက်ဆိုင်အနီးတွင် ဆိုင်ကယ်နှစ်စီး မျက်နှာခြင်းဆိုင်တိုက်မိရာ သန့်ဇင် (၂၄ နှစ်)နှင့် မင်းထက်ကို (၁၅နှစ်)တို့ ဒဏ်ရာများရရှိကြ၍ စလင်းဆေးရုံသို့ အတွင်းလူနာအဖြစ် ပို့ဆောင် ပေးခဲ့သည်။ ယာဉ်မဆင်မခြင် မောင်းနှင်သူများကို စလင်းရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည် ။

**စစ်ကြည်(စလင်း)**

# သဃ်္ဘန်းညီနောင်ကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**ဘားအံ  မေ ၃၀**

ဘားအံမြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ရဲအုပ်သက်စိုးဦးနှင့် ပူးပေါင်းအဖွဲ့သည် မေ ၂၇ ရက်နံနက်က မူးယစ်ဆေးဝါးသတင်းအရ သဃ်္ဘန်းညီနောင်ကျေးရွာ မြို့သစ်(၇)လမ်းရှိ စိုးနိုင်(ခ)ဘိုင်ကြီးနှင့် မစောနုဖြူတို့နေအိမ်အား သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ပြား၊ လက်ကိုင်ဖုန်းတစ်လုံးတို့အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ အထက်ပါပူးပေါင်းအဖွဲ့မှ ယင်းနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်တွင် ၎င်းတို့ နေထိုင်ရာ ဒုတိယအိမ်ဖြစ်သော မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ကျောက်လုံးကြီး လမ်းသွယ်(၁)လမ်းသို့ ထပ်မံရှာဖွေရာစိတ်ကြွရူးသွပ်ဆေးပြား ၉၅ ပြား၊ မူးယစ်ဆေးဝါးရောင်းချရငွေကျပ်တစ်သိန်းတို့အား ရှာဖွေတွေ့ရှိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား သဃ်္ဘန်းညီနောင်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**



# ပုသိမ် - မုံရွာ ကားလမ်းဘေး၌ ကားတိုက်သေဆုံးသည့်လူသေအလောင်းတွေ့

**ကျောင်းကုန်း  မေ ၃၀**

လှည်းဆိပ်ခေတ္တရဲကင်းစခန်းမှူး ရဲအုပ်အောင်ကိုကိုလွင်သည် ရဲစခန်း၌ရှိနေစဉ် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် ၂၈/၃ နှင့် ၂၈/၄ ကြား ထိပ်အုပ်ကျေးရွာအနီးတွင် မေ ၂၈ ရက် ည ၁၂ နာရီက အမျိုးသားတစ်ဦး ကားတိုက်ခံရပြီး သေဆုံးနေကြောင်း လှည်းဆိပ်ရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ရေတာကြီးအုပ်စု ထိပ်အုပ်ကျေးရွာနေ သန်းထိုက်ဆိုသူသည် ပုသိမ်-မုံရွာကားလမ်းမပေါ် ပုသိမ်ဘက်သို့ သွားသော လက်ယာဘက်ခြမ်း၌ ကန့်လန့်ဖြတ် အနေအထားဖြင့် ဒဏ်ရာများရရှိကာ သေဆုံးနေသည်။ သေဆုံးသူမှာ ကားတစ်စီးစီးဖြင့် အတိုက်ခံထားရသည့် ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

အလောင်းအား ကျောင်းကုန်းမြို့နယ် ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး မောင်းနှင်ထွက်ပြေးသော ယာဉ်မောင်းအား ဖမ်းဆီးမိရေး ရဲစခန်းမှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကသာမြို့နယ် ရောဝတီမြစ်အတွင်း ဝါးဖောင်ပေါ်မှ တရားမဝင်ကျွန်းသစ်များဖမ်းမိ

**ကသာ  မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် မိုးတားလေးကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဝါးဖောင်ပေါ်မှ တရားမဝင်ကျွန်းသစ်လုံးများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၉ ရက်က ရွှေကူမြို့နယ်မှတောအုပ်ကြီးဦးစိုးမြင့်နှင့်အဖွဲ့ သည် ကသာမြို့နယ် မိုးတားလေးကျေးရွာအရှေ့ ဧရာဝတီမြစ်အတွင်းရှိ ဦးခင်မောင်ဝင်း၏ ဝါးဖောင်အားသတင်းအရ ရှာဖွေစစ်ဆေးရာ တရားမဝင်ကျွန်းတိုင်ခြောက်လုံး ၀ ဒသမ ၈၇၆ တန်နှင့် ဝါးဖောင်ပေါ်မှ တရားမဝင်ကျွန်းတိုင်နှင့် ကျွန်းခွဲသား ၁၁ ချောင်းအား ရှာဖွေစစ်ဆေးတွေ့ရှိခဲ့သည်။

သို့ဖြစ်၍ ပြစ်မှုကျူးလွန်သူများအား မိုးတားလေးရဲကင်းစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ကောလင်း၌ နေအိမ်မီးရှို့သူကို အမှုဖွင့်

**ကောလင်း  မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ကုက္ကိုကုန်းကျေးရွာတွင် လင်မယားချင်းစကားများရာမှ နေအိမ်မီးရှို့မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တင်ထွန်းသည် မေ ၂၈ ရက်က ဇနီးဖြစ်သူ မဇာဝင်းအား ရှမ်းပြည်နယ်ဘက်သို့ အလုပ်လုပ်သွားရန် တိုင်ပင်ခဲ့ရာ ဇနီးဖြစ်သူက ခွင့်မပြုခဲ့သဖြင့် နေအိမ်တွင် အရက်သောက်ပြီး လင်မယားချင်းစကားများပြီး ၎င်း၏နေအိမ် သက်ငယ်မိုး ထရံကာ မြေစိုက် (၁၂ ပေ) ပတ်လည်အား မီးရှို့၍ နေအိမ်ရှေ့ခြမ်း မီးလောင်ကာ အိမ်နီးနားချင်းများ မီးကိုဝိုင်းဝန်းငြှိမ်းသတ်၍ ငြိမ်းသွားကြောင်း သိရသည်။ နေအိမ်ကို မီးရှို့ခဲ့သူ တင်ထွန်း (၃၆ နှစ်) ကုက္ကိုကုန်း ကျေးရွာနေသူအား ကောလင်းမြို့မရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိနေကြောင်း သိရသည်။

**ဦးရဲ(ကသာ)**


## ယာဉ်မောင်းအလိုရှိသည်
ရန်ကင်း၊ တောင်ဥက္ကလာနီးသူ ဦးစားပေး
လိုင်စင် ငါးနှစ်အထက်
လစာ ၂၀၀၀၀၀ိ/-၂၅၀၀၀၀ိ/-
ဖုန်း-၀၉-၇၈၅၂၆၀၃၇၂

ဘဏ်၊ ဟိုတယ်၊ စတိုးဆိုင်နေရာ
## ရောင်းမည်
၁။ ၅၅'×၇၀'(မ/ဥ)(ဆေး-၂)
၂။ လိုင်စင်ရဟိုတယ်(ပုဂံ/ညောင်ဦး)
၃။ ၁၀'ပြိုဟ်တုစလောင်း+စက်
ရုံးစံချိန် ဖုန်း-09 5010196

## အခမဲ့ကုပေးမည်
သေးမတိုး/ကုမရ
ရောဂါသိုးနေလျှင်
ဖုန်း-09 261186511 ကို
အမြန်ဆက်သွယ်ပါ။

## ကျန်းမာရေး
အကြောပြေနှိပ်စက်
(၃)လုံးထယ်လျှင် (၁)လုံးလက်ဆောင်
ကောက်ရိုးမြို့နယ်-ဥသလင်းထိပ်
Ph:09-777646492

## အမည်ပြောင်း
ဦးစန်းနိုင်ဝင်း ၁၂/ဒဂဆ(နိုင်) ၀၀၈၄၅၇၏သား မဟာနွယ် ကိုယ်ပိုင်အထက်တန်းကျောင်း တတိယတန်း(B)မှ မောင်ကောင်းကင်ဦးအား မောင်ကျော်ရဲရင့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ရဲရင့်**




## The New Light of Future Student's Companion
ယခင် The New Light of Myanmar ကျောင်းသားစာစဉ် အယ်ဒီတာများ ရေးသားပြုစုထားသည့် ကျောင်းသားကျောင်းသူတိုင်း အမှန်တကယ် အားထားရသော The New Light of Future Student's Companion ကျောင်းသားစာစဉ်ကို သူငယ်တန်းမှ ဒသမတန်းအထိ ဇွန်လမှ ဒီဇင်ဘာလ အထိ လစဉ် ထုတ်ဝေသွားမည် ဖြစ်ပါသည်။ လက်ရှိ ပြဋ္ဌာန်း ထားသော အမှတ်ပေး စည်းမျဉ်းများနှင့် အညီ ရေးသားပြုစုထားပြီး သင်ရိုးအခြေခံသည့် မေးခွန်း အသစ် အဆန်းများ ထည့်သွင်းထားသည့် အတွက် ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စွမ်းရည် ပိုမိုတိုးတက်စေရန် အမှန်တကယ် အထောက်အကူ ပြုပါသည်။
ဖြန့်ချိရေး =>
(ရန်ကုန်) ၀၉ ၂၆၂၇၈၄၄၆၆၊ ၀၉ ၃၁၅၄၄၂၈၁
(နေပြည်တော်) ၀၉ ၄၃၁၅၇၇၇၃၊ ၀၉၉၆၁ ၂၈ ၂၃၂၃

## ပျောက်ဆုံးကြောင်း
ကျွန်တော်မောင်ကျော်ဆန်းဝင်း ၇/ပခန(နိုင်)၃၂၈၄၄၂ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၁၁၈၃၂၉၊ ၀၉-၇၉၆၉၃၀၄၂၁**

## ဖခင်အမည်မှန်
ကျိုက်လတ်မြို့၊ အထက(၁)၊ ဒသမတန်း(B)မှ မဝင့်ဝါခိုင်၏ဖခင်အမည်မှန်မှာ ဦးဖြိုးအောင် ၁၄/ကလန(နိုင်)၀၈၃၁၂၁ ဖြစ်ပါသည်။
**ဦးဖြိုးအောင်**

## ပြင်ဆင်ဖတ်ရှုပါရန်
၂၀-၅-၂၀၁၆ရက်ထုတ် ဤသတင်းစာ မျက်နှာ(၂၇)ပါ ကွယ်လွန်သူဦးစိုးအိုက်အုန်း၏ မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း ကြော်ငြာတွင် ၇-၁၁-၂၀၁၅ ရက်အစား ၇-၁၁-၂၀၀၅ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃၉ယ/၄၆၇၀၁ SUZUKI Revo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးလွင် ၇/ပခတ(နိုင်)၀၀၀၅၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပြည်)**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ ဦးရွှေမှန်လမ်း၊ တိုက်အမှတ်(၂၄၆/၂၄၇)ဟုခေါ်တွင်သော အလယ်တိုက်နှစ်ခန်းတွဲ သုံးထပ် RCတိုက်၏ ပထမထပ်ဘယ်(ခြေရင်းခန်း)၊ အကျယ်အဝန်းပေ(၁၆.၅× ၅၀)ကျယ်ဝန်းသော ကိုယ်ပိုင်ရေ၊ မီးပါဝင်သည့် တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား မိမိပိုင်ဆိုင်ပြီး စီမံရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ဦးသန်းထွဋ် ၁၂/မဂတ(နိုင်)၀၆၅၄၈၈ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသော်ဇင်ကောင်း ၇/ရကန(နိုင်)၀၄၂၃၁၃က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထား ပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ရောင်းချခွင့်မရှိကြောင်း၊ ဆိုင်ရေးဆိုင်ခွင့်ရှိပါက ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများတင်ပြပြီး ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| ဒေါ်သဇင်အေး | ဒေါ်တင်နန်းဝေ | ဒေါ်ခင်သန္တာစိုး |
| L.L.B,D.B.L,D.I.L,D.I.R | L.L.B | L.L.B,D.B.L |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ်-၈၃၃၂ | စဉ်-၂၃၈၆၃ | စဉ်-၂၃၈၃၄ |

Home Group **အိမ်ခြံမြေနှင့် ဥပဒေဝန်ဆောင်မှု**
**ရုံး-အမှတ်-(၂၇)၊ မြေညီ၊ တကောင်ဘွားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**
**ဖုန်း-၀၉-၄၃၁၀၅၈၄၄၊ ၀၉-၃၂၆၇၄၁၁၉**

## ပြည်နယ်ပညာရေးမှူးရုံး
## ရခိုင်ပြည်နယ်-စစ်တွေမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း)အသုံးစရိတ် ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ မြို့နယ် (၁၇)မြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၄၀၏ အဆောက်အအုံများ အသစ်ဆောက်လုပ်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | မြို့နယ် | ကျောင်းအရေအတွက် |
|---|---|---|
| ၁ | စစ်တွေ | ၇ |
| ၂ | ပုဏ္ဏားကျွန်း | ၉ |
| ၃ | ပေါက်တော | ၅ |
| ၄ | ရသေ့တောင် | ၁၂ |
| ၅ | မြောက်ဦး | ၁၅ |
| ၆ | ကျောက်တော် | ၁ |
| ၇ | မင်းပြား | ၅ |
| ၈ | မြေပုံ | ၁၂ |
| ၉ | မောင်တော | ၉ |
| ၁၀ | ဘူးသီးတောင် | ၄ |
| ၁၁ | ကျောက်ဖြူ | ၉ |
| ၁၂ | ရမ်းဗြဲ | ၈ |
| ၁၃ | မာန်အောင် | ၂၀ |
| ၁၄ | အမ်း | ၆ |
| ၁၅ | သံတွဲ | ၈ |
| ၁၆ | တောင်ကုတ် | ၆ |
| ၁၇ | ဂွ | ၄ |

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီများသည် ကော်မတီကသတ်မှတ်ထားသော ဒီဇိုင်းပုံစံနှင့် ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရန် ဖြစ်ပါသည်။
၃။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် Profile တင်ပြရမည်။
၄။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများကို ၁-၆-၂၀၁၆ရက်မှစတင်၍ ရခိုင်ပြည်နယ်၊ ပြည်နယ်ပညာရေးမှူးရုံး(ဘဏ္ဍာဌာန)တွင် ရောင်းချပါမည်။ တင်ဒါများကို ၃၀-၆-၂၀၁၆ ရက် ၁၆း၃၀နာရီနောက်ဆုံးထားပြီး ရခိုင်ပြည်နယ်၊ ပြည်နယ်ပညာရေးမှူးရုံး (ဘဏ္ဍာဌာန)တွင် တင်သွင်းရမည်ဖြစ်ပါသည်။
၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ရခိုင်ပြည်နယ်၊ ပြည်နယ်ပညာရေးမှူးရုံး ဖုန်း-၀၉-၄၂၁၇၁၄၈၈၄၊ ၀၉-၄၂၁၇၄၇၅၆၂ တို့သို့ ဆက် သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



## ရက် ၁၀၀ စီမံချက်ဖြင့် ဒိုက်ဦးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ဒိုက်ဦး မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် ပျဉ်ထောင်တွင်း တံတားတစ်စင်းနှင့် သောက်သုံးရေရှားပါးမှု ကြုံတွေ့နိုင်သော ကျေးရွာနှစ်ရွာတို့၌ ရေရရှိရေးတို့အတွက် လေးလက်မအကျယ်ရှိ တွင်းတိမ်နှစ်တွင်းတို့အား ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ စနစ်တကျဖြစ်စေရန်အတွက် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းမင်းသိန်းနှင့် ဝန်ထမ်းများက နွေရာသီတွင် အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေရှားပါးခဲ့သော သုံးခွကျေးရွာ၊ အမရကျေးရွာတို့တွင် ရေရရှိရေးအတွက် လေးလက်မအကျယ်ရှိ တွင်းတိမ်တစ်တွင်းစီ တူးဖော်ဆောင်ရွက် လျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ပျဉ်းမလွင်ကျေးရွာနှင့် ပျဉ်ထောင် တွင်းကျေးရွာကို ဆက်သွယ်ထားသော လမ်းမပေါ်ရှိ ပျဉ်ထောင်တွင်း တံတား (**အပေါ်ပုံ**) အရှည်ပေ ၅၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိသော ကမ်းကပ်ခုံ ကွန်ကရစ်၊ သံမဏိပေါင်ခံ သစ်သားကြမ်းခင်း တံတားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားပြီးစီးသွားပါက ကန်ကလေး၊ ပျဉ်းမလွင်၊ ပျဉ်ထောင်တွင်း၊ ကြွေးခင်တန်း၊ ၊ ကျောင်းကုန်း၊ ကညင်တစ်ပင် ကျေးရွာများရှိ ဒေသခံပြည်သူများ ရာသီမရွေး လွယ်ကူစွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ရက် ၁၀၀ အတွင်း ဒုတိယအကြိမ် မော်တာစက်နင်းသင်တန်းဖွင့်

**ဘားအံ မေ ၃၀**

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး စက်ချုပ်ခန်းမဆောင်၌ ရက် ၁၀၀ အတွင်း ဒုတိယအကြိမ်မြောက်ဖွင့်လှစ်ခဲ့သည့် မော်တာစက်နင်းသင်တန်းအား မေ ၂၆ ရက်က စတင်သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးစောမြင့်ဦး လာရောက်ကြည့်ရှုအားပေးခဲ့ပြီး သင်တန်းသူများ၏ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ညွှန်ကြားခဲ့သည်။

သင်တန်းသို့ ဘားအံမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်တို့မှ သင်တန်းသူ ၄၃ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလ တစ်လကြာမြင့်မည်ဖြစ်ကာ သင်တန်းသူများ၏ နေထိုင်စားသောက်မှုစားရိတ်များအား ဘားအံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ထွန်းထွန်းထွေး(ဘားအံ)**

## ရေပြတ်လပ်သည့် ကျေးရွာများသို့ စက်ရေတွင်း တူးဖော်ဆောင်ရွက်ပေး

တောင်ငူ မေ ၃၀

တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေရရှိရေးလုပ်ငန်းများ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်သော ရေပြတ်လပ်သည့်ကျေးရွာများ သို့ စက်ရေတွင်း တူးဖော်ခြင်းကို မေ ၂၇ ရက်က ဘိုကတော်အုပ်စု အင်ဒိုင်းကျေးရွာ၌ ကျင်းပသည်။



အိမ်ခြေ ၃၀၀ ကျော်ရှိ အင်ဒိုင်းကျေးရွာသည် စက်ရေတွင်း တစ်တွင်းသာရှိပြီး လက်နှိပ် တုံကင်များမှာ နှစ်စဉ်ပူပြင်းသည့် နွေရာသီရောက်လျှင် ရေတွင်းရေကန်များ ခန်းခြောက်ပြီး ရေပြတ်လပ်ရှားပါးမှုနှင့် ကြုံတွေ့နေရသည်။ ထို့ကြောင့် ကျေးရွာရေ ရရှိရန် ရေကောင်းရရှိသည့် အနက်ပေ ၂၀၀ လေးလက်မတွင်းတိမ် စက်ရေတွင်း တူးဖော်ခြင်းကို မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်ငုဝါထွေး၊ တိုင်းဒေသကြီး ကိုယ်စားလှယ် ဦးမိုးမခ၊ ဦးအေးမင်းဝင်း နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

## ရက် ၁၀၀ စီမံချက်ဖြင့် ကျွဲနွားများ ကာကွယ်ဆေးထိုးနှံ

**မင်္ဂလာဒုံ မေ ၃၀**

မင်္ဂလာဒုံမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် မြို့နယ်ဦးစီးအရာရှိ ဒေါက်တာ စိန်စိန်ကြီး ဦးဆောင်သောအဖွဲ့သည် မြို့နယ်တွင်းရှိ နို့စားနွားမွေးမြူရေးခြံများ၊ ရပ်ကွက်၊ ကျေးရွာများရှိ တစ်ပိုင်တစ်နိုင် မွေးမြူထားသော ခိုင်းနွား၊ နို့စားနွားများ၊ မင်္ဂလာဒုံတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့ပိုင် ကျွဲနွားများနှင့် ပျဉ်းမပင်ကျေးရွာမှ ကျွဲနွားများကို ကူးစက်ရောဂါမဖြစ်ပွားစေရန် မေလစတုတ္ထပတ်က ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီး တစ်ပိုင်တစ်နိုင်မွေးမြူထားသောကြက်များအား အိုင်တူးလည်လိမ် မျက်စဉ်းကာကွယ်ဆေး ၂၁၁ မျက်စဉ်းခတ်ကာကွယ်ပေးခြင်း၊ ဝက်ဝမ်းကျ ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀ မြို့နယ်များ၌ ဆောင်ရွက်ချက်များ

### ဆိပ်ဖြူ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ၂၀၁၆ မိုးသီးနှံစိုက်ပျိုးမှုဘဏ်ချေးငွေများကို မေ ၂၇ ရက်မှစတင်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်လုပ်ငန်း ရက် ၁၀၀ စီမံချက်အရ စတင်ထုတ်ပေးလျက်ရှိသည်။ ဆိပ်ဖြူဘဏ်ခွဲအနေဖြင့် ကျေးရွာအုပ်စု ၃၆ အုပ်စု တောင်သူဦးရေ ၄၂၀၀ ကို စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀၊ အခြားသီးနှံတစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် လယ်ဧက ၇၀၄၆ ဧက၊ အခြားသီးနှံ ဧက ၁၇၂၇၀ အတွက် ချေးငွေစုစုပေါင်း ၁၄၀၂၃ ဒသမ ၀၀ သိန်းထုတ်ချေးပေးရန် လျာထားခဲ့ပြီး ချေးငွေညွှန်ကြားချက်များနှင့်အညီ ယခုနှစ် မေလမှ ဇူလိုင်လထိ ထုတ်ချေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးလုပ်ငန်း မန်နေဂျာ ဒေါ်သီတာထွန်းထံမှ သိရသည်။

**စစ်ကြည်(စလင်း)**

..........................................

### မင်းပြား

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် မင်းပြားမြို့နယ်တွင် မြေသားဖို့ ရေလှောင်ကန် ၁၀ ကန်နှင့် လက်တူးတွင်း ရှစ်တွင်း တူးဖော်ခြင်းလုပ်ငန်းအား ရက် ၁၀၀ အတွင်း မိုးမကျမီ အချိန်မီပြီးစီးရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ တာဝန်ခံအင်ဂျင်နီယာများနှင့် ဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ**

..........................................

### နေပြည်တော်

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ရဲတပ်ဖွဲ့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက် ရှင်းလင်းပွဲကို မေ ၂၈ ရက်က အ.ထ.က (၁၂)၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းနိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးမြင့်ဇော်က ဌာန၏ဆောင်ရွက်မည့် ရက် ၁၀၀ စီမံချက်အား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် မီးသတ်တပ်ဖွဲ့ဦးစီးအရာရှိဦးစောလွင်အေးက ဌာန၏ ဆောင်ရွက်မည့် ရက် ၁၀၀ စီမံချက်အား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

..........................................

### ရွှေကူ

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်း(မွမ်းမံ)ခွင့်ပြုရန်ပုံငွေဖြင့် ရက် ၁၀၀ စီမံချက်ပါလုပ်ငန်းများဖြစ်သော ကျေးလက်လမ်းလေးလမ်း၊ ကျေးလက်တံတား သုံးစင်းနှင့်ရေပေးဝေရေးလုပ်ငန်းတစ်ခုတို့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများအနက် ချောင်လက်ကြီးကျေးရွာတံတား (၃၅×၁၄×၁၀) ပေ ပြုပြင်ခြင်း လုပ်ငန်းအား မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းနှင့်ရုံးအဖွဲ့သည် မေလစတုတ္ထပတ်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

..........................................

### လက်ပံတန်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် ဝန်ထမ်းများ၊ မြို့မရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ၊ မြို့သန့်ရှင်းရေး အမှိုက်ကောက်အဖွဲ့များသည် မေလစတုတ္ထပတ်က လမ်းမတော်တစ်လျှောက် အမှိုက်များကောက်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများအတွင်းရှိ အမှိုက်ဆယ်ယူစွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**အောင်ဆင့်**

..........................................

### ကော့ကရိတ်

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ အတွင်း ဆောင်ရွက်နေသည့် တဂေးကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်း (၀/၄) မိုင်၊ ခုတ်ခွားကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်း (၀/၄) မိုင် လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးနှင့် လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့၊ လုပ်ငန်း ပြီးစီးမှုစစ်ဆေးရေးအဖွဲ့မှ မေလစတုတ္ထပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တိုင်းရင်းသားလူမျိုးများ၏အရေး ကာကွယ်စောင့်ရှောက်ရန် အသစ်ဖွဲ့စည်းလိုက်သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ရက် ၁၀၀



နိုင်သက်လွင်
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## [ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရက် ၁၀၀ စီမံချက် ]

**တွေ့ဆုံမေးမြန်း-ဖြိုးစန္ဒာမြင့်**

အစိုးရသစ်လက်ထက်တွင် ဝန်ကြီးဌာနများကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ယင်းတို့အနက်မှ ဝန်ကြီးဌာနအသစ်တစ်ခုဖြစ်သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို တိုးချဲ့ထည့်သွင်းဖွဲ့စည်းခဲ့ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ရက် ၁၀၀အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ဖွဲ့စည်းဖြစ်တည်လာပုံများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် တွေ့ဆုံမေးမြန်းထားသည်။

**မေး ။ ။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရဲ့အဓိကတာဝန်နဲ့ ဖွဲ့စည်းဖြစ်ပေါ် လာပုံကို ရှင်းပြပေးပါ။**

ဖြေ ။ ။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့ ယခင်အစိုးရလက်ထက်ကတည်းက တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ဖို့ တိုင်းရင်းသားလူမျိုးများရေးရာတွေ၊ တိုင်းရင်းသားတွေရဲ့အရေးကိစ္စ၊ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ဥပဒေပြဋ္ဌာန်းထားပါတယ်။ အဲဒီအချိန်က ဒီဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ဖို့အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို မခန့်အပ်နိုင်ခဲ့ဘဲ ဒီအစိုးရလက်ထက်ကျမှ နိုင်ငံတော်သမ္မတရုံးရဲ့ ကြေညာချက်အမှတ်၁/၂၀၁၆ နဲ့ ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့ ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းရာမှာ တိုင်းရင်းသားရေးရာဝန်ကြီးဌာနရော၊ ပြည်ထောင်စုဝန်ကြီးပါ ခန့်အပ်ဖွဲ့စည်းခဲ့ပါတယ်။

အဲဒီလိုဖွဲ့စည်းခဲ့တဲ့အတွက် တိုင်းရင်းသားလူနည်းစု အားလုံးကိုယ်စား တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ခွင့်ရလို့ ဝမ်းသာဂုဏ်ယူကြမယ်လို့ယူဆပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။

**မေး ။ ။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ဝန်ကြီးဌာနအသစ်ဖြစ်တယ်ဆိုတော့ ဝန်ကြီးဌာနရဲ့ အဓိကတာဝန်နဲ့ ရက် ၁၀၀ အတွင်း ပြည်သူတွေအကျိုးရှိစေမယ့် ဘယ်လိုလုပ်ငန်းစီမံချက်တွေ ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ လက်တွေ့ကျကျပြောရရင် လတ်တလောတာဝန်က တိုင်းရင်းသားတွေရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ဖို့ဆိုတဲ့ လုပ်ငန်းတာဝန်ကြီးကို ထမ်းဆောင်မယ့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းတည်ထောင်နိုင်ရေးပဲဖြစ်ပါတယ်။

တိုင်းရင်းသားရေးရာဝန်ကြီးဌာနဟာ အခုမှဝန်ကြီးဌာနအသစ်အနေနဲ့ ပေါ်ပေါက်လာတယ်ဆိုပေမယ့် ဒီဝန်ကြီးဌာနရဲ့ ကျောရိုးဖြစ်တဲ့ "တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ"ကို ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီ ၂၄ ရက်မှာ "၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈"အဖြစ် ပြဋ္ဌာန်းခဲ့တာဖြစ်ကြောင်းကိုလည်း ဒီနေရာကနေတင်ပြလိုပါတယ်။

ဒီတော့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ ဥပဒေနဲ့အညီ တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်နိုင်မယ့် ဝန်ကြီးဌာနသစ် တစ်ခုဖွဲ့စည်းပေါ်ပေါက်လာရေးဟာ ဒီရက် ၁၀၀ အတွင်း ဆောင်ရွက်မယ့် လုပ်ငန်းစဉ်ဖြစ်ပြီး တိုင်းရင်းသားပြည်သူတွေအတွက်လည်း အမှန်တကယ်အကျိုးပြုမယ့် အခြေခံအုတ်မြစ်ဖြစ်လာမှာ အသေအချာပဲ ဖြစ်ပါတယ်။

**မေး ။ ။ တိုင်းရင်းသားတွေရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မယ့် ဝန်ကြီးဌာနတစ်ခုဖြစ်တာနဲ့အညီ ဝန်ကြီးဌာနသစ်တစ်ခုကို စနစ်တကျဖွဲ့စည်းပြီး တိုင်းရင်းသားပြည်သူတွေ အကျိုးရှိစေဖို့ ဆောင်ရွက်သွားမယ်ဆိုတော့ ဝန်ကြီးဌာနကို ရက်၁၀၀ အတွင်း ဘယ်လိုဖွဲ့စည်းသွားမယ်ဆိုတာ ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ ။ ။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံအရဆိုရင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအောက်မှာ ဦးစီးဌာနနှစ်ခုထားရှိမှာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ဒေသဖွံ့ဖြိုးဖို့ တိုင်းရင်းသားတွေရဲ့အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်တဲ့ဌာနရယ်၊ တိုင်းရင်းသားတွေရဲ့ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွေ ဖွံ့ဖြိုးတိုးတက်အောင် လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိလာအောင် ဆောင်ရွက်မယ့်ဌာနရယ်ဆိုပြီး ဦးစီးဌာနနှစ်ခု ဖွဲ့စည်းသွားမှာပါ။ ဖွဲ့စည်းပုံကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရုံးများပါဝင်ဖွဲ့စည်းသွားဖို့ အဆိုပြုထားပြီး ပထမအဆင့်အနေနဲ့ ဝန်ကြီးရုံးနဲ့ဦးစီးဌာနနှစ်ခုရဲ့ ရုံးချုပ်ကို ဖွဲ့စည်းဆောင်ရွက်သွားနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

**မေး ။ ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဆောင်ရွက်ရမယ့်လုပ်ငန်းနယ်ပယ်နှစ်ခုအတွက် ဦးစီးဌာနတွေ ဖွဲ့စည်းဆောင်ရွက်ရာမှာ ဝန်ထမ်းအင်အားဘယ်လောက်နဲ့ ဘယ်အဆင့်ထိ ဖွဲ့စည်းဆောင်ရွက်သွားဖို့ ရေးဆွဲတင်ပြထားတယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ ဦးစီးဌာနနှစ်ခုကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်ထိ ရုံးဖွင့်လှစ် ဆောင်ရွက်သွားဖို့ ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ ဦးစီးဌာနနှစ်ခုအောက်မှာ ဦးစီးဆောင်ရွက်မယ့် ညွှန်ကြားရေးမှူးချုပ်နှစ်ဦးအပါအဝင် အရာထမ်း၊ အမှုထမ်း ၅၁၅ ဦး၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့်အထိ ဖွဲ့စည်းမယ်ဆိုရင် ဝန်ထမ်းအင်အား ၁၁၃၁ ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်သွားဖို့ အဆိုပြုထားပါတယ်။

**မေး ။ ။ တိုင်းရင်းသားလူမျိုးတွေရဲ့အရေးအရာတွေနဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ယူမယ့်ဝန်ကြီးဌာနတစ်ခုအနေနဲ့ ဘယ်လိုအရေးကိစ္စတွေမှာ ပါဝင်ဆောင်ရွက်သွားဖို့ရှိတယ်ဆိုတာ ပြောပြပေးပါဦး။**

*စာမျက်နှာ ၁၈ သို့*



မြစ်ကြီးနားမြို့၌ (၆၈)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနား ကျင်းပစဉ်



ဖွံ့ဖြိုးလာသည့် ကယားပြည်နယ် လွိုင်ကော်မြို့ ဓာတ်ပုံ - မောင်မိုးလွင်



မဟာသင်္ကြန်ပွဲတော်တွင် ကရင်တိုင်းရင်းသူများ ဒုံးရင်းအကဖြင့်ဖျော်ဖြေစဉ် ဓာတ်ပုံ - မောင်တင်စိုး (မြန်မာ့အလင်း)

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

"ပြောင်းလဲချိန်တန်ပြီ" ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ်တိုင်းအတွက် စိန်ခေါ်မှုတစ်ခုလည်းဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်းစသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲခဲ့သည်။ ပြည်သူက ကြည်ဖြူနေဆဲ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်။ မေ ၁ ရက်မှ စတင်သည့် ရက် ၁၀၀ ကာလအတွင်း ဝန်ကြီးဌာနတစ်ခုချင်းအလိုက် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ကြမည့် လုပ်ငန်းများကို သတင်းရယူစုစည်းဖော်ပြအပ်ပါသည်။

ရခိုင်လူမျိုးတို့၏ ရိုးရာဓလေ့ဖြစ်သည့် ရထားဆွဲပွဲကို နှစ်စဉ်တပို့တွဲ လဆန်းမှလပြည့်နေ့ထိ ကျင်းပစဉ်။ (ယင်းပွဲပြီးသည့်နေ့တွင် ယင်းရထားကို သန်းခေါင်ယံမကျော်မီ မီးရှို့ဖျက်ဆီးပစ်ရပြီး စုပေါင်းဆောင်ရွက်ရသော ပွဲဖြစ်သည်။)





မွန်ပြည်နယ်၏ အထင်ကရပြယုဂ်တစ်ခုဖြစ်သည့် သံလွင်တံတား မော်လမြိုင်



(၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဝမ္မသူးမောင် အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ် ဓာတ်ပုံ - သတင်းစဉ်

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀



ရှမ်းရိုးရာပွဲတော်တွင် ကိန္နရီ ကိန္နရာအကဖြင့် ကပြဖျော်ဖြေစဉ်။



နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံတိုင်းရင်းသူများအား တွေ့ရစဉ်

*စာမျက်နှာ ၁၇ မှ*

ဖြေ ။ ။ ကျွန်တော်တို့နိုင်ငံက တိုင်းရင်းသားလူမျိုးအများစုဟာ သူတို့ပိုင်တဲ့ စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကားစတာတွေကို လွတ်လပ်စွာလုပ်ကိုင်လိုတဲ့ ဆန္ဒရှိကြတယ်။ ရှေးယခင်က တချို့က တိုင်းရင်းသားတွေရဲ့ စကား၊ စာပေတွေ သင်ကြားခွင့်ရချင်ကြတယ်။ တချို့ ဌာနတွေ၊ ဒေသတွေက ပိတ်ပင်တားဆီးတာမျိုးတွေရှိခဲ့တယ်။ ဒီလိုမဖြစ်အောင် တိုင်းရင်းသားစာပေတွေ ထုတ်ဖော်ချင်တယ်၊ သင်ကြားချင်ကြတယ်ဆိုရင် ကျန်တိုင်းရင်းသားတွေရဲ့ဘာသာ၊ သာသနာကို မထိခိုက်ရင် လွတ်လွတ်လပ်လပ်သင်ကြားခွင့်ရအောင် ဆောင်ရွက်ပေးမယ်ဆိုတာ အသိပေးလိုပါတယ်။

**မေး ။ ။ တိုင်းရင်းသားတွေရဲ့ဒေသမှာ အချင်းချင်းအငြင်းပွားမှု၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုနဲ့ သယံဇာတခွဲဝေသုံးစွဲမှု စတဲ့ကိစ္စရပ်တွေမှာ တိုင်းရင်းသားရေးရာဝန်ကြီးဌာနအနေနဲ့ ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားမလဲဆိုတာလည်း သိပါရစေ။**

ဖြေ ။ ။ ဒီအခန်းကဏ္ဍကတော့ ဒီအစိုးရစတက်ကတည်းက ရည်မှန်းထားတဲ့ တိုင်းရင်းသားလူမျိုးများအားလုံး ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စု စစ်စစ် ဖြစ်ပေါ်လာရေးစတဲ့ အခန်းကဏ္ဍတွေပေါ်လာရင် တိုင်းရင်းသားတွေရဲ့ ဒေသမှာ သယံဇာတထုတ်ယူသုံးစွဲတာတွေ၊ ခွဲဝေသုံးစွဲတဲ့ စနစ်တစ်ခုက အဲဒီလို နိုင်ငံရေးဆွေးနွေးတဲ့ အခန်းကဏ္ဍမှာ ဖက်ဒရယ်ပြည်ထောင်စုစစ်စစ် ပေါ်လာတဲ့အခါ ပြည်ထောင်စုအစိုးရလုပ်ပိုင်ခွင့်နဲ့ ပြည်နယ်အစိုးရလုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တွေဟာ အဲဒီအချိန်မှာမှပေါ်ပေါက်လာမယ်လို့ မျှော်လင့်ပါတယ်။

**မေး ။ ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဝန်ကြီးဌာနက ဆောင်ရွက်မယ့် လုပ်ငန်းနယ်ပယ်နှစ်ခုမှာ အစိုးရနဲ့ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဖို့ စီမံဆောင်ရွက်နေတာတွေနဲ့ ပတ်သက်ပြီး သိချင်ပါတယ်။**

ဖြေ ။ ။ ဒီဝန်ကြီးဌာနအသစ်ပေါ်လာတော့ အများအားဖြင့် တိုင်းရင်းသားတွေရော၊ မီဒီယာတွေရော၊ အီးယူ၊ ကုလသမဂ္ဂစတဲ့ အဖွဲ့အစည်းတွေက ဘယ်လိုကူညီပေးရမလဲ၊ ဘယ်လိုစေ့စပ်လက်တွဲပြီး ဆောင်ရွက်နိုင်မလဲစတာတွေကို အီးယူသံအမတ်၊ ယူကေသံတမန်တို့နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီးပါပြီ။ နောက်ပြီး ကုလသမဂ္ဂဌာန သုံးခုလောက်နဲ့လည်း တွေ့ဆုံဆွေးနွေးပြီးဖြစ်ပါတယ်။ မကြာခင်ကပဲ နီပွန်ဖောင်ဒေးရှင်းကနေ လက်တွဲဆောင်ရွက်ဖို့ လာဆွေးနွေးသွားပါတယ်။ တိုင်းရင်းသား တွေရဲ့ အရေးဆောင်ရွက်မယ့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှာ စိန်ခေါ်မှုတွေအများကြီး ရှိပါတယ်။

အပစ်အခတ်ရပ်စဲရေး အကောင်အထည်မဖော်နိုင်သေးတော့ စစ်ပြေးဒုက္ခသည်တွေရဲ့ကိစ္စရယ်၊ ကလေးတွေပညာသင်ကြားဖို့အရေးကိစ္စရယ်၊ တိုင်းရင်းသားတွေရဲ့ ဒေသမှာ ဖွံ့ဖြိုးတိုးတက်ဖို့၊ ပညာဗဟုသုတရရှိဖို့လည်း အများကြီးလိုအပ်နေပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ခေတ်အဆက်ဆက်မှာ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးအခန်းကဏ္ဍတွေ ချို့ယွင်းခဲ့ပြီး တခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းဖို့မရှိခဲ့တဲ့အတွက်ကြောင့် တခြားနိုင်ငံနဲ့ ပြန်လည်ရင်ပေါင်တန်းနိုင်ဖို့ဟာ နိုင်ငံရဲ့ သယံဇာတ တစ်ခုတည်းကို အားကိုးလို့မရတော့ဘူး။ လူ့စွမ်းအားအရင်းအမြစ်တွေ လိုအပ်လာတယ်။ လူ့စွမ်းအားက အင်မတန်အရေးကြီးတဲ့အတွက် တိုင်းရင်းသားလူငယ်တွေကို ပညာဗဟုသုတကြွယ်ဝအောင် အဘက်ဘက်ကပြည့်စုံပြီး ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်အောင် ခေတ်မီတိုးတက်တဲ့ပညာရေးစနစ်တွေကိုလည်း အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးသွားမှာပါ။ တခြားနိုင်ငံတွေကိုလည်း အကူအညီတောင်းပြီး လက်တွဲဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံပါတယ်။

**မေး ။ ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ တိုင်းရင်းသားလူမျိုးတွေကို ပြောကြားချင်တဲ့စကားလေးရှိရင် ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ တိုင်းရင်းသားလူမျိုးတွေကို ပြောပြချင်တာက ကျွန်တော်တို့ပြည်ထောင်စုမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံစုပေါင်းပြီး နေထိုင်တဲ့ ပြည်ထောင်စုဖြစ်တဲ့အတွက်ကြောင့် ဒီပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံထဲမှာ ဒီလူမျိုးအားလုံးအချင်းချင်းက စည်းလုံးညီညွတ်ဖို့၊ တည်ဆောက်ထားတဲ့ ပြည်ထောင်စုကို ပြည်ထောင်စုစိတ်ဓာတ်ရှိရှိ တစ်ယောက်နဲ့တစ်ယောက် ခင်မင်ရင်းနှီးဖို့၊ လေးစားယုံကြည်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် တိုင်းရင်းသားတွေကလည်း ပညာဗဟုသုတပြည့်ဝပြီး နိုင်ငံရေးသဘောသဘာဝတရားတွေ နားလည်လာမယ်ဆိုရင် ခုဆိုပြည်သူလူထုလက်ထဲမှာ ရောက်ရှိလာတဲ့အာဏာကို၊ အခွင့်အရေးကို ဒီမိုကရေစီစနစ်ကျကျ သုံးစွဲနိုင်အောင်၊ ရှေ့ဆက်ပြီးတော့ ဦးဆောင်နိုင်အောင် ပြည်သူလူထုအားလုံးနဲ့ တိုင်းရင်းသားအားလုံးက အချင်းချင်းချစ်ခင်ယုံကြည်ပြီး ပြည်ထောင်စုစိတ်ဓာတ် တည်ဆောက်ကြပါ။ ပြည်ထောင်စုစိတ်ဓာတ်ရှိမှ ကျွန်တော်တို့နိုင်ငံဟာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှ၊ ငြိမ်းချမ်းရေးရှိမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ တိုးတက်ဖွံ့ဖြိုးမှုလမ်းပေါ်ကို လျှောက်လှမ်းနိုင်မယ်။ တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဒီမိုကရေစီရသည့်တိုင်အောင် ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်အောင် တည်ဆောက်လို့ရနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအားလုံးစုစည်းပြီး ဖွဲ့စည်းတည်ထောင်ထားတဲ့ ဒီနိုင်ငံမှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဆိုတာ ရှိသင့်ပါတယ်။ ဒါကြောင့် ဝန်ကြီးဌာန တွေ ချုံ့လိုက်တာတောင်မှ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဆိုပြီး ဝန်ကြီးဌာနအသစ်ကို ဖွဲ့စည်းလိုက်တာပါ။ ဝန်ကြီးဌာနပေါင်း ၃၆ ခု ကနေ ၂၀ထိ လျှော့ချပြီးတော့ ဒီဝန်ကြီးဌာနအသစ်ကို ထပ်တိုးဖွဲ့စည်းပေးလိုက်တဲ့ အစိုးရရဲ့ တိုင်းရင်းသားတွေအပေါ်မှာ ထားရှိတဲ့ အလေးထားမှုဟာ အင်မတန်မှ လေးနက်ကြောင်းပြတာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားအားလုံးကိုယ်စား အစိုးရကို ကျေးဇူးများစွာတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။



ပအိုဝ်းအမျိုးသားနေ့ပွဲတော်အခမ်းအနားတွင် ပအိုဝ်းတိုင်းရင်းသူလေးများအား တွေ့ရစဉ်

**ပြည်သူလူထုလက်ထဲမှာ ရောက်ရှိလာတဲ့အာဏာကို၊ အခွင့်အရေးကို ဒီမိုကရေစီစနစ်ကျကျ သုံးစွဲနိုင်အောင်၊ ရှေ့ဆက်ပြီးတော့ ဦးဆောင်နိုင်အောင် ပြည်သူလူထုအားလုံးနဲ့ တိုင်းရင်းသားအားလုံးက အချင်းချင်းချစ်ခင်ယုံကြည်ပြီး ပြည်ထောင်စုစိတ်ဓာတ်တည်ဆောက်ကြပါ။ ပြည်ထောင်စုစိတ်ဓာတ်ရှိမှ ကျွန်တော်တို့နိုင်ငံဟာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်**



မီးပုံပွဲမှ ပျံလွင့်လာသည့် မီးစများ၏အလှနှင့်အပြိုင် ထွန်းလင်းနေသည့် နီယွန်မီးအလှကို နာဂတောင်တန်းပေါ်တွင် ဖြန့်ကြက်နိုင်ခဲ့ပြီ

# မြောက်ဦးနန်းတော်ကုန်းနှင့် ကိုးသောင်းပုထိုးတော်

■ မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ပြည်တွင်းပြည်ပခရီးသည်များ သွားလာလည်ပတ်လျက်ရှိနေသည့် မြန်မာ့ခရီးသွားနယ်မြေများတွင် မြောက်ဦးသည် ထင်ရှားသောနေရာတစ်ခု ဖြစ်လာခဲ့သည်။ ရှေးဟောင်းအဆောက်အအုံ၊ စေတီပုထိုးများ အများအပြားရှိနေသည့် မြောက်ဦးသည် ရခိုင်တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဂုဏ်ဆောင်မြို့တော်တစ်ခု ဖြစ်ပေသည်။

မြောက်ဦးမြို့သည် စစ်တွေမြို့မှ အရှေ့မြောက်ယွန်းယွန်းသို့ မိုင် ၅၀ ကွာဝေးကာ ကုလားတန်မြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သော ရွှေနတ်ပြင်ချောင်းအနီးတွင် တည်ရှိသည်။ ကုလားတန်မြစ်မှ အရှေ့ဘက် ၆ ဒသမ ၈ မိုင်တွင် တည်ရှိနေသည့် မြောက်ဦးမြို့သို့ စစ်တွေမြို့မှ မော်တော်ကားဖြင့်သွားနိုင်သကဲ့သို့ ရေလမ်းမှလည်း ရေယာဉ်ဖြင့် သွားရောက်နိုင်သည်။ မြောက်ဦးမြို့၏ မြေမျက်နှာပြင်သည် မြစ်ချောင်းများရစ်ဝိုင်းထားပြီး မြို့၏မြောက်ဘက်နှင့် တောင်ဘက်သည် တောင်တန်းများဖြင့် ဝိုင်းရံနေသည်။

ပဲဖြူမင်းသည် ဝေသာလီကိုစွန့်လွှတ်ခဲ့ပြီးနောက် မြောက်ဦးမြို့ကို ရခိုင်မင်းနေပြည်တော်အဖြစ် ထူထောင်ခဲ့ကာ မြန်မာသက္ကရာဇ် ၃၃၈ ခုနှစ်မှ ၃၅၆ ခုနှစ်အထိ ထီးနန်းစိုးစံခဲ့ပြီး မင်းစောမွန်က သက္ကရာဇ် ၇၆၆ ခုနှစ်တွင် ရခိုင်ထီးနန်းကို စံမြန်းခဲ့သည်။ သက္ကရာဇ် ၇၆၈ ခုနှစ်မှစ၍ ရခိုင်ပြည်သည် ပြင်ပတိုက်ခိုက်မှုများကြောင့် ဖရိုဖရဲဖြစ်ခဲ့ကာ မင်းစောမွန်သည် အနောက်ဘက်ဒေသသို့ တိမ်းရှောင်ခဲ့ရသည်။ သို့သော်မင်းစောမွန်သည် သူရတန်မင်း၏အကူအညီဖြင့် ထီးနန်းကို ပြန်လည်ရရှိခဲ့ပြီး မြန်မာသက္ကရာဇ် ၇၉၂ ခုနှစ် နတ်တော်လဆန်း ၁ ရက်



တွင် မြောက်ဦးမြို့ကို တည်ထောင်ခဲ့သည်။

ပဲဖြူမင်းသည် မြောက်ဦးကို ကနဦး တည်ထောင်ခဲ့သည်ဟု ဆိုကြသော်လည်း မင်းစောမွန်ကို ပထမတည်ထောင်သူအဖြစ် မှတ်တမ်းပြုခဲ့ကြသည်။ မင်းစောမွန်လက်ထက်မှ စတင်၍ မြောက်ဦးတွင် မင်း ၁၂ ပါးစိုးစံခဲ့ကာ မင်းခေါင်ရာဇာလက်ထက်တွင် မြောက်ဦးသည် တိုးတက်စည်ပင်လာခဲ့သည်။ မင်းခေါင်ရာဇာ၏သားဖြစ်သူ မင်းဗာကြီးသည် သက္ကရာဇ် ၈၉၃ ခုနှစ် (ခရစ်နှစ် ၁၅၃၁ ခုနှစ်)တွင် နန်းတက်ခဲ့ပြီးနောက် မြောက်ဦးကို ခမ်းနားစွာထူထောင်ခဲ့သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနသည် (၂၀၀၄-၂၀၀၅) ဘဏ္ဍာရေးနှစ်တွင် မြောက်ဦးဒေသအတွင်း တည်ရှိနေသည့် စေတီ၊ ပုထိုး၊ ဘုရား၊ ပိဋကတ်တိုက်၊ သိမ် အစရှိသည့် ရှေးဟောင်းအဆောက်အအုံ ၃၇၅ ခုကို စာရင်းကောက်ယူနိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်အထိ ရှေးဟောင်းအဆောက်အအုံ ၁၇၀ ကို စောင့်ရှောက်ထိန်းသိမ်းပြုပြင်ခဲ့သည်။ မြောက်ဦးမြို့ဟောင်းကို ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန် (၁/၂၀၀၉)အဖြစ်သတ်မှတ်ထားသည်။

မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်း စေတီပုထိုးများစွာ တည်ရှိနေသည့်အနက် သျှစ်သောင်းပုထိုးတော်၊ ထုက္ကံသိမ်ပုထိုးတော်၊ အံတော်သိမ်ပုထိုးတော်၊ မင်းရာဇာစေတီတော်၊ ကိုးသောင်းပုထိုးတော်တို့သည် အထူးထင်ရှားသော ရခိုင်ယဉ်ကျေးမှုအဆောက်အအုံများဖြစ်ကြပြီး ရှေးဟောင်းစေတီပုထိုးများအပြင် နန်းတော်ရာနှင့် တံတိုင်းဟောင်းများကို ယနေ့တိုင် မြင်တွေ့နိုင်ပေသည်။

**မြောက်ဦး နန်းတော်ကုန်း**

မြောက်ဦးသည် ခရစ်နှစ် ၁၄၃၀ ပြည့်နှစ်မှ ၁၇၈၄ ခုနှစ်အထိ ရခိုင်ဘုရင် ၄၈ ပါး စိုးစံခဲ့သည့် ရခိုင်မင်းနေပြည်တော် ဖြစ်ခဲ့သည်။ မြို့တော်အကျယ်အဝန်းသည် ငါးစတုရန်းမိုင်နီးပါးရှိကာ ကြီးမားကျယ်ဝန်းသော မြို့ဧရိယာအတွင်း၌ ဝေသာလီနှင့် ဓညဝတီမြို့များကဲ့သို့ စိုက်ပျိုးမြေများမရှိပါချေ။ မြောက်ဦးသည် ၁၅၃၂ ခုနှစ်နောက်ပိုင်းတွင် ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးခဲ့ကာ မင်းဗာကြီးသည် ပေါ်တူဂီများ၏အကူအညီဖြင့် ကြီးမားသော ရေတပ်အင်အားကို ထူထောင်နိုင်ခဲ့သည်။ ရခိုင်မင်းများသည် မြောက်ဦးနန်းမြို့တော်၏ လုံခြုံရေးအစီအမံများကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ကြရာ နန်းတော်ကုန်းကို ယနေ့တိုင် မြင်တွေ့နိုင်သည်။

မြောက်ဦးနန်းတော်ကုန်းသည် မြောက်ဦးမြို့လယ် မြောက်ဦးဈေးအနီးတွင် တည်ရှိကာ နန်းရာကုန်းဟုလည်း ခေါ်ကြသည်။ နန်းတော်ကုန်းကို မင်းစောမွန်နှင့် မင်းဗာကြီးတို့က တည်ဆောက်ခဲ့ကြပြီး ၁ ဒသမ ၂ စတုရန်းမိုင် ကျယ်ဝန်းသည်။ ရခိုင်ဘုရင် မင်းစောမွန်သည် ခရစ်နှစ် ၁၄၃၀ ပြည့်နှစ်တွင် မြောက်ဦးကို တည်ထောင်ခဲ့ပြီးနောက် နန်းတော်ကုန်းကို ဆက်လက်တည်ဆောက်ခဲ့သည်။ နန်းတော်ကုန်းသည် မူလက အုတ်အဆောက်အအုံဖြစ်သော်လည်း မင်းဗာကြီးလက်ထက်တွင် ကျောက်သားများဖြင့် ထပ်မံတည်ဆောက်ခဲ့ပြီး 'စောမွန်ပြင်ပြု၊ မင်းဗာတည်ကော၊ ရွှေမြောက်ဦး'ဟု အဆိုရှိခဲ့သည်။ မြို့တော်ပတ်လည်တွင် ကျုံးနှင့် တူးမြောင်းများကို တူးဖော်ခဲ့သည်။ မင်းဗာကြီး၏နောက်တွင် ရခိုင်ကိုစိုးစံခဲ့သော ဘုရင်အဆက်ဆက်သည် နန်းတော်ကုန်းကို ဆက်လက် ပြုပြင်တည်ဆောက်ခဲ့ကြသည်ဟု ဆိုသည်။

မြောက်ဦးနန်းတော်ကုန်းသည် တံတိုင်း သုံးဆင့်ရှိရာ အတွင်းတံတိုင်းသည် အရှေ့အနောက် ၆၅၆ ပေ၊ တောင်မြောက် ၆၇၉ ပေ ရှိသည်။ နန်းတော်ကို အတွင်းတံတိုင်းအတွင်း၌ တည်ဆောက်ခဲ့သည်။ အတွင်းတံတိုင်းကို ရံထားသည့် ဒုတိယတံတိုင်းသည် အရှေ့အနောက် ၉၂၆ ပေ၊ တောင်မြောက် ၈၅၉ ပေရှိကာ အပြင်ဆုံးတံတိုင်းသည် အရှေ့အနောက် ၁၇၄၀ပေ၊ တောင်မြောက် ၁၆၀၆ ပေရှိကြောင်း ရှေးဟောင်း သုတေသန မှတ်တမ်းများအရ သိရှိရသည်။ နန်းတော်ရာရင်ပြင်ကို နန်းတော်မတည်မီ တောင်များကိုဖြိုလျက် မြေညှိတည်ဆောက်ခဲ့ခြင်းကြောင့် မိုးကာလမှာပင် ရေဝပ်ခြင်း မရှိပါချေ။

နန်းတော်ကြမ်းပြင်ကို ရောင်စုံစဥ့်ရည်သုတ်ထားသည့် ကြမ်းခင်းများခင်းထားပြီး အပေါ်ပိုင်းကို သစ်သားဖြင့်တည်ဆောက်ကာ ခေါင်မိုးကို ရွှေပြား၊ ကြေးပြား၊ အုတ်ကြွပ်ပြားများဖြင့် တည်ဆောက်ခဲ့သည်ဟု ဆိုသည်။ နန်းတော်တံတိုင်းနံရံများကို ကျောက်သားဖောင်းလုံး၊ အမိုးလျှောများဖြင့် အလှဆင်ထားသည်။



မြောက်ဦးနန်းတော်ကုန်းကို ရှေးဟောင်းသုတေသနဦးစီးဌာနက ၁၉၉၆ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း တူးဖော်မှုကုန်းသုံးခုတွင် သုံးကြိမ်တူးဖော်ကာ သုတေသနပြုခဲ့သည်။ ပထမအကြိမ်တူးဖော်ခဲ့စဉ်က နန်းတော်အဆောက်အအုံ၏ ရှေ့ဘက်တွင် ကျောက်တံတိုင်းတစ်ခုကို လှေကားခုနှစ်ထစ်ပါရှိပြီး အရှည် ၁၈ ပေရှိသည့် ကျောက်လှေကားနှင့်တွဲဆက်လျက် တွေ့ရှိခဲ့သည်။ မြောက်ဦးနန်းတော်ကုန်းအတွင်း ရှိခဲ့သော နန်းမဆောင်သည် မြောက်ဦးကိုတည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၆၀၀ နီးပါးကြာမြင့်ခဲ့သည့် အချိန်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားခဲ့ကာ ယနေ့အချိန်တွင် မရှိတော့ပါချေ။ နန်းမဆောင်ကို တိကျစွာ ပုံမဖော်နိုင်သော်လည်း အောက်ခြေအုတ်ရိုးတန်း၊ ကျောက်ရိုးတန်းနှင့် ကျောက်လှေကားကြီးတို့ကို တူးဖော်ရရှိခဲ့သည်။ တိုင်ရာအောက်ခြေတွင် မီးသွေးများကို တွေ့ရှိခဲ့ရသဖြင့် တိုင်လုံးကြီးများသည် သစ်သားတိုင်များဖြစ်ကြောင်း အထောက်အထားဖြစ်ခဲ့ကာ နန်းတော်သည် သစ်သားအဆောက်အအုံတစ်ခု ဖြစ်ဟန်ရှိခဲ့ကြောင်း ပညာရှင်များက ယူဆကြသည်။

နန်းတော်သည် ကျောက်နန်းတော်၊ အုတ်နန်းတော်သာဖြစ်ခဲ့ပါက အစိတ်အပိုင်းတစ်ခုခု ကျန်ရှိနေနိုင်သော်လည်း အဆောက်အအုံအကြွင်းအကျန်များ မတွေ့ရှိရခြင်းနှင့် တိုင်ရာများအောက်တွင် မီးသွေးများတွေ့ခဲ့ရခြင်းတို့ကြောင့် နန်းတော်သည် မီးလောင်ပျက်စီးသွားခဲ့ကြောင်း ယူဆဖွယ်ရှိပေသည်။ နန်းတော်အုတ်ခုံအတွင်းပိုင်းမှ နန်းဆောင်ပန္နက်ရာများကို တွေ့ရှိခဲ့သည်။ တူးဖော်မှုများတွင် ခေါင်မိုးအုတ်ကြွပ်ပြားများ၊ စဉ့်ကြမ်းခင်းများ၊ သံချောင်းကြီးများ၊ အိုးခြမ်းကွဲများ၊ မြေနှင့်ကျောက်ဆေးတံများ၊ ရေတံကောင်းအိုးအပိုင်းအစများ၊ ကြွေစေ့များ၊ ကြေးပြားစများ စသည့် အကြွင်းအကျန် များစွာကို တွေ့ရှိခဲ့သည်။ မြောက်ဦးနန်းတော်ကုန်းတွင် ပင်မနန်းဆောင် ကိုးဆောင်နှင့် မြေနန်းဆောင်များအပါအဝင် အဆောင်ပေါင်း ၁၀၈ ဆောင်ရှိခဲ့ကြောင်း သိရှိရပေသည်။

**ကိုးသောင်းပုထိုးတော်ကြီး**

ကိုးသောင်းပုထိုးတော်ကြီးသည် မြောက်ဦးရှိ စေတီပုထိုးများအနက် ထုထည်အကြီးမားဆုံးသော သာသနိကအဆောက်အအုံဖြစ်ပြီး နန်းတော်ကုန်း၏ အရှေ့မြောက်ယွန်းယွန်း တစ်မိုင်ခွဲအကွာတွင် တည်ရှိသည်။ ကိုးသောင်းပုထိုးတော်ကို မြန်မာသက္ကရာဇ် ၉၁၅ ခုနှစ်(ခရစ်နှစ် ၁၅၅၃ ခုနှစ်)တွင် ဘုရင်မင်းတိက္ခက တည်ထားခဲ့သည်။ မြောက်ဦးဘုရင် မင်းတိက္ခသည် ကိုးသောင်းပုထိုးတော်ကြီးကို ခြောက်လအတွင်း အပြီးတည်ခဲ့သည်ဟု အဆိုရှိခဲ့ပြီး ဓာတ်တော်မွေတော်ပေါင်းကိုးသောင်း ဌာပနာထားသဖြင့် ကိုးသောင်းပုထိုးဟု ဘွဲ့မည်တွင်ခဲ့သည်။

ကိုးသောင်းပုထိုးကို ကျောက်အုတ်များဖြင့် တည်ဆောက်ထားပြီး လိုဏ်ပါသောဘုရားများအနက် အကြီးဆုံးဖြစ်သည်။ မင်းဗာကြီးသည် ခရစ်နှစ် ၁၅၅၃ ခုနှစ်တွင် ကွယ်လွန်ပြီးနောက် သားတော်ဖြစ်သူ မင်းတိက္ခ နန်းတက်ခဲ့သည်။ မင်းတိက္ခသည် နန်းတက်ချိန်တွင် ကျန်းမာရေးမကောင်းသဖြင့် ဗုဒ္ဓဘုရားရှင်ကိုရည်စူးလျက် ကိုးနဝင်းကျေ ပုထိုးတော်ကြီးကို တည်ဆောက်လှူဒါန်းခဲ့သည်။ ထို့ကြောင့် 'သက်ရှည်ကျန်းမာ ကိုးသောင်းပုထိုးတော်'ဟု ပြောစမှတ်ရှိခဲ့သည်။ မြောက်ဦးတွင် ဖခင်ဖြစ်သူ မင်းဗာကြီးက သျှစ်သောင်းပုထိုးကို တည်ခဲ့ပြီး သားဖြစ်သူ မင်းတိက္ခက ကိုးသောင်းပုထိုးကို တည်ထားခဲ့ရာ နှစ်ဆူလုံးသည် အလွန်ထင်ရှားခဲ့သည်။

ကိုးသောင်းပုထိုးတော်ကြီးသည် စတုရန်းပုံပန္နက်ရှိကာ အနားတစ်ဖက်လျှင် ၇၇ မီတာ (၂၅၂ ဒသမ ၅ ပေ)ရှည်လျား၍ ပစ္စယာငါးဆင့်ခံထားပြီး လိုဏ်ပတ်လမ်း နှစ်ထပ်ရှိသည်။ ဘုရားရင်ပြင်ပေါ်သို့တက်သည့် ကျောက်လှေကားသည် အထစ်ကိုးထစ်ရှိပြီး ၁၅ ပေကျယ်သည်။ ရင်ပြင်ပေါ်သို့တက်ရန် အရှေ့ဘက်တွင်သာ ကျောက်လှေကားပြုလုပ်ထားပြီး ကျန်သုံးဘက်ကို ကျောက်တုံးများဆင့်၍ အပိတ်တည်ဆောက်ထားသည်။ ပုထိုးတော်ကြီး၏ အောက်ခံခုံလုံးသည် အနားတစ်ဖက်လျှင် ပေ ၂၅၀ ရှည်လျားသည်။ ပစ္စယာငါးဆင့်ပေါ်တွင် စေတီငယ်များတည်ထားပြီး ရင်ပြင်အလယ်တွင် စေတီတော်ကြီးတစ်ဆူရှိသည်။ ယခုအခါတွင် စေတီတော်သို့သွားရန် ရင်ပြင်ပေါ်တွင် အမိုးမိုးထားသည့် လူသွားစင်္ကြံတစ်ခု ပြုလုပ်ထားသည်။ ကိုးသောင်းပုထိုးတော် ရင်ပြင်ပတ်လည် အတွင်း လိုဏ်ပတ်လမ်းနှစ်ထပ်တွင် ပေါင်းမိုးများရှိသည်။

ကိုးသောင်းပုထိုးတော်ကြီး၏ အရံစေတီငယ်များသည် မူလက ၁၀၈ ဆူရှိခဲ့သည်ဟု ဆိုကြပြီး အရှေ့မျက်နှာစာတွင် ၂၀၆ ဆူ၊ အနောက်ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်မျက်နှာစာတွင် ၃၄၅ ဆူစီရှိကာ စုစုပေါင်း အရံစေတီ ၁၂၄၁ ဆူကို မြင်တွေ့ရသည်။ အရှေ့ဘက်မျက်နှာစာရှိ စေတီရံအားလုံးနှင့် တောင်ဘက်မျက်နှာစာမှ စေတီရံ ၂၃၄ ဆူကို ရှေးဟောင်းသုတေသန ဦးစီးဌာနက ၂၀၁၀ ပြည့်နှစ်တွင် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သည်။

ပုထိုးတော်ကြီး၏အရှေ့ဘက်တွင် ရင်ပြင်ကို အောက်သို့တစ်ဆင့်နှိမ့်ကာ ရင်ပြင်ငယ်တစ်ခု အသွင် ပြုလုပ်ထားသည်။ ယခင်က စေတီတော်ကြီးတွင် အမိုးရှိခဲ့ဟန်တူကြောင်း ရှေးဟောင်းသုတေသန ဦးစီးဌာနက သုံးသပ်ခဲ့သည်။ တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့စဉ်က စေတီတော်ကြီး၏ အောက်ခြေရင်ပြင်မှ ထီးတော်ဘုံဆင့် အကျိုးအပဲ့များကို တွေ့ရှိခဲ့သည်။ ရင်ပြင်တော်လိုဏ်အနီးမှလည်း တိုင်လုံးအပိုင်းအဆက်များ၊ တိုင်ထွင်းရာများ၊ အုတ်ကြွပ်ပြားများကို တွေ့ရှိခဲ့သည်။

အပေါ်ရင်ပြင်သို့ တက်သည့်လမ်းတွင် ဒွါရပါလ (တံခါးစောင့်)နှင့် ဘီလူးကျောက်ဆစ်ရုပ်ကြွများကို တွေ့ရှိရသည်။ အောက်လိုဏ်ပတ်လမ်းတွင်လည်း ဘုရားဆင်းတုတော် ရုပ်ကြွများ၊ ကျောက်ဆစ်ပလ္လင်များပေါ်တွင် သီတင်းသုံးနေသော ဆင်းတုတော်ကြီးများကို ဖူးတွေ့နိုင်ပေသည်။ နံရံပေါ်တွင် ထုလုပ်ထားသည့် ဗုဒ္ဓရုပ်ပွားတော်များသည် ယာခြေကို ဘယ်ခြေအပေါ်တင်လျက် တင်ပလ္လင်ခွေထိုင်နေတော်မူပြီး ယာလက်ကို မြေသို့ထိထားကြသည့် ဘူမိဖဿမုဒြာဟန်များ ဖြစ်ကြသည်။ ဝင်ပေါက်နှင့် ပြတင်းပေါင်များပေါ်တွင် ပုဂံစေတီများတွင် မြင်တွေ့ရသည့် မီးလျှံဖြာဒီဇိုင်းကို မြင်တွေ့နိုင်သည်။

ကိုးသောင်းပုထိုးတော်ကြီးတွင် ဖူးတွေ့ရသည့် ဗုဒ္ဓဆင်းတုတော်များသည် မြောက်ဦးအလယ်ခေတ် လက်ရာများဖြစ်ကြောင်း မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဒီပလိုမာ(DMHC) သင်တန်းတက်ရောက်ခဲ့စဉ်က သင်ယူခဲ့ရပါသည်။ ရုပ်ပွားတော်များသည် ပခုံးကျယ်၍ ရင်ပတ်ဖြိုးမောက်ကာ မျက်ခုံးတော်များ ဆက်နေကြသည်။ မျက်ခွံများ လေးလံကာ မျက်လုံးတော်များသည် တစ်ဝက်သာပွင့်နေပြီး နှုတ်ခမ်းသားများသည် ပြည့်မောက်သည်။ ရှည်လျားသော နားတော်နှစ်ဖက်သည် ပခုံးသို့ ထိလုနီးပါးဖြစ်နေကာ ဝတ်ရုံထားသည့်သင်္ကန်းကို ယာဘက်ပခုံးပေါ်တွင်တင်ထား၍ ဝဲဘက်ပခုံးတော်သည် အလွတ်ဖြစ်သည်။ ဦးခေါင်းတော်ထိပ် ဆံထုံးကို အဝိုင်း သို့မဟုတ် လေးထောင့်ပုံများ ပြုလုပ်ထားသည်။

မြောက်ဦး ရခိုင်ယဉ်ကျေးမှုမြို့တော်တွင် ဗုဒ္ဓဘာသာထွန်းကားခဲ့ပြီး မြောက်ဦးဘုရင်များသည် စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်းများကို တည်ဆောက်ခဲ့ကြရာ မြောက်ဦးဒေသရှိ စေတီပုထိုးအရေအတွက်ကို 'သဇင်ပန်းခိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း'ဟု စာချိုးဖြင့် မှတ်သားခဲ့ကြသည်။ မြောက်ဦးသည် ခရစ်နှစ် ၁၆၀၀ ပြည့်နှစ်မှ ၁၆၃၀ ပြည့်နှစ်အတွင်း ရွှေရောင်လွှမ်းသော အချိန်များ ဖြစ်ခဲ့ကာ ထိုစဉ်ကမြောက်ဦးသို့ ရောက်ရှိခဲ့သော ဒတ်ချ်လူမျိုးရှိုဘင်က မြောက်ဦးမြို့တော်သည် အာရှတိုက်တွင် အချမ်းသာဆုံးမြို့တော်တစ်ခုဖြစ်ကြောင်း မှတ်တမ်းရေးသားခဲ့သည်။ မြောက်ဦးသို့ သက္ကရာဇ် ၁၄၃၃ ခုနှစ်တွင် ရောက်ရှိခဲ့သော အီတလီလူမျိုး နီကိုလိုဒီကွန်တီနှင့် သက္ကရာဇ် ၁၅၁၇ ခုနှစ်တွင်ရောက်ရှိခဲ့သော ပေါ်တူဂီလူမျိုး ဒန်ဂျော်ဒီဆေးဇီးယားတို့ကလည်း မှတ်တမ်းများ ရေးသားခဲ့ကြသည်။

ရခိုင်ပြည်နယ် မြောက်ဦးသည် ဘုရားပုထိုးစေတီများစွာ တည်ရှိလျက် ဘာသာသာသနာထွန်းလင်းခဲ့သော ဒေသတစ်ခုဖြစ်ပြီး ရှည်လျားသော ရခိုင်သမိုင်းတစ်လျှောက် ပေါ်ထွန်းခဲ့သည့် ယဉ်ကျေးမှုအနုလက်ရာများ စုစည်းတည်ရှိနေသည့် ဒေသတစ်ခုဖြစ်သည်။ ဘာသာရေးဆိုင်ရာ စေတီပုထိုးများအပြင် နန်းတော်ကုန်း၊ ပိဋကတ်တိုက်၊ သိမ်၊ မြို့ရိုး၊ တံတိုင်း၊ ကျုံးများ တည်ရှိနေဆဲဖြစ်သဖြင့် သုတေသီများ စိတ်ဝင်တစား လာရောက်လေ့လာကြသည့် နေရာတစ်ခုအဖြစ် ထင်ရှားလာခဲ့သည်။

ရခိုင်စေတီပုထိုးများသည် အများအားဖြင့် ကျောက်သားများဖြင့် တည်ဆောက်ခဲ့သဖြင့် အုတ်အဆောက်အအုံများထက် ကြံ့ခိုင်မှုပိုမိုမြင့်မားသည်။ မြောက်ဦးသည် ပုဂံနှင့်မတူဘဲ မိုးများသောအရပ်ဖြစ်သည်။ နှစ်စဉ် မိုးတွင်းကာလတွင် ပျမ်းမျှမိုးရေချိန် ၄၇ လက်မအထိ ရွာသွန်းလေ့ရှိသည့်မြောက်ဦးဒေသမှ ရှေးဟောင်းအဆောက်အအုံများသည် ကျောက်သားများဖြင့် တည်ဆောက်ထားသဖြင့် ရာသီဥတုဒဏ်ကိုခံရသော်လည်း ကာလရှည်ကြာစွာ တည်တံ့လျက်ရှိနေပေသည်။ မြောက်ဦးတွင် ၂၀၁၁ ခုနှစ် ဇူလိုင် ၁၉ ရက်က ၃၃ နှစ်အတွင်း မိုးအများဆုံးရွာသွန်းခဲ့ရာ ထိုရက်တစ်ရက်တည်းမှာပင် မိုးရေချိန် ၉ ဒသမ ၄ လက်မရှိခဲ့သည်။

မည်သို့ပင်ဆိုစေ ရခိုင်ယဉ်ကျေးမှု ဂုဏ်ဆောင် မြောက်ဦးဒေသရှိ ရှေးဟောင်းအဆောက်အအုံများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် ယဉ်ကျေးမှုလက်ရာများသည် သားစဉ်မြေးဆက် အဓွန့်ရှည် တည်တံ့နေမည်သာ ဖြစ်ပေသည်။

**ကိုးကား**

**(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ(၉)နှင့် အတွဲ(၁၁)**
**(၂) မြောက်ဦးဒေသ ရှေးဟောင်းအဆောက်အအုံများ (ယဉ်ကျေးမှုဝန်ကြီးဌာန)**
**(၃) DMHC သင်တန်းပို့ချချက်များ (ဒေါက်တာကျော်ဝင်း)**

# မြို့ရေပေးဝေရေးတွင်အသုံးပြုရန်အတွက် ၅၀၀၀ ကေဗွီမီးစက်နှင့်အဆောက်အအုံလှူဒါန်း

**ကျောက်ပန်းတောင်း မေ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ရေပေးဝေရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ပုဂံမြန်မာကုမ္ပဏီလီမိတက်မှလှူဒါန်းသော ၅၀၀၀ ကေဗွီမီးစက်နှင့် အဆောက်အအုံ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို ဆည်ပေါက်ကျေးရွာ အမှတ်(၁)စက်ရေတွင်း ရေစက်ရုံဝင်း၌ မေ ၂၈ ရက်က ပြုလုပ်ခဲ့သည်။

လှူဒါန်းပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး အလှူရှင် ပုဂံမြန်မာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးမျိုးမင်းဦးက မီးစက်လှူဒါန်းခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ မီးစက်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုကြီးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မီးစက်နှင့်အဆောက်အအုံသစ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကို၊ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ဆည်ပေါက်စက်ရေတွင်းများမှထွက်သောရေနှင့် ပုပ္ပါးမှရေတို့ကိုပေါင်းစပ်၍ ကျောက်ပန်းတောင်းမြို့လူထု သောက်သုံးရန်အတွက် ရေတင်စက်ဖြင့် တင်ပို့လျက်ရှိရာတွင် လျှပ်စစ်မီးပျက်ပါက အဆိုပါ ၅၀၀၀ ကေဗွီမီးစက်ဖြင့် အစားထိုးခုတ်မောင်း၍ မြို့ရေပေးဝေမှု ပြတ်လတ်ခြင်းမရှိစေရန် ရည်ရွယ်လှူဒါန်းခြင်းဖြစ်ပြီး မီးစက်ရရှိခြင်းကြောင့် မြို့တွင်းသောက်သုံးရေဖြန့်ဝေရာတွင် ပြတ်လပ်မှုမရှိစေဘဲ ယခင်ထက်ပိုမိုဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်းနှင့် မြို့နေပြည်သူများအတွက်လည်း ပို၍အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**နေအောင် (မြန်/ဆက်)**



# ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်အကြောင်း ရှင်းလင်းဆွေးနွေးပွဲ မြန်အောင်၌ပြုလုပ်

**မြန်အောင် မေ ၃၀**

မြန်အောင်မြို့နယ်ရဲတပ်ဖွဲ့က ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို မြန်အောင်မြို့မရဲစခန်းဝင်း ဓမ္မာရုံ၌ မေ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဖေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ NGO အဖွဲ့များ၊ မီဒီယာများနှင့် မြန်အောင်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိများ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ မြို့နယ်ရဲတပ်ဖွဲ့မှူးက ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်များအကြောင်းကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

**ဝင်းဗိုလ် (မြန်/ဆက်)**

# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး မြို့မဈေး၌ ပညာပေးစစ်ဆေး

**နတ်တလင်း မေ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်း မြို့မဈေး၌ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ပညာပေး စစ်ဆေးခြင်းများကို ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး၏ လမ်းညွှန်ချက်အရ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက မေ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဦးသန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးရွှေ၊ မြို့နယ် FDA အဖွဲ့မှ ဦးစန်းလွင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးတာဝန်ခံများပါဝင်သော ပူးပေါင်းအဖွဲ့က ဈေးအတွင်း ရောင်းချလျက်ရှိသော ကြက်သားကြက်ဥ အရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစန္ဒာမင်းက ယခုအခါတွင် တိုင်းဒေသကြီး အချို့ရှိ မြို့နယ်များတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိကြောင်း၊ မိမိတို့မြို့နယ်အနေဖြင့်လည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရောဂါရှိနေသော ကြက်သားများကို ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းမပြုလုပ်ကြရန်တို့ကို ပညာပေးဆွေးနွေးခဲ့သည်။



အခြားစားသောက်ကုန်များ၊ အသားငါးများနှင့် ငါးပိငါးခြောက်အရောင်းဆိုင်များကိုလည်း စစ်ဆေးခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံက မိုးရာသီဝင်ရောက်နေပြီဖြစ်၍ ငါးပိငါးခြောက်နှင့် အချို့စားသောက်ကုန်များတွင် ယင်မနားစေရန်အတွက် ဖော်မလင်ကဲ့သို့ဆေးများ ဖျန်းထားခြင်းမျိုး မပြုလုပ်ကြရန်နှင့် ဝယ်ယူစားသုံးသူများ၏ ကျန်းမာရေးအတွက် အလေးထားကြရန် ဈေးရောင်းသူများအား အသိပညာပေး ဆွေးနွေးခဲ့သည်။

(ဝ၆၂)

# အင်းတော်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၅၈၅၀၀ ထုတ်ချေးမည်

**အင်းတော် မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းမှ တောင်သူလယ်သမားများအတွက် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ထုတ်ချေးပေးလျက်ရှိကြောင်းနှင့် ချေးငွေစုစုပေါင်း ကျပ်သိန်းပေါင်း ၅၈၅၀၀ ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အင်းတော်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၃ အုပ်စုမှ တောင်သူ ၈၁၀၀ ဦး၏ စပါး ၃၉၀၀၀ ဧကအတွက် ချေးငွေကျပ် သိန်းပေါင်း ၅၈၅၀၀ ကို ဇူလိုင်လအတွင်း အပြီးထုတ်ချေးပေးသွားရန် စီစဉ်လျက်ရှိကြောင်းနှင့် တောင်သူလယ်သမားများ သီးနှံစိုက်ပျိုးချိန်အမီ ချေးငွေ ရရှိရေးအတွက် မေ ၂၆ ရက်မှစ၍ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေကျပ် ၂၂၆ ဒသမ ၅ သိန်းကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ရေပြတ်လပ်နေသောကျေးရွာသို့ သောက်သုံးရေများလှူဒါန်း

**ကလေး မေ ၃၀**

ပြီးခဲ့သည့်ရက်များက မိုးစတင်ရွာသွန်းပြီးနောက် ကလေးမြို့နယ် ရွာစည်ရွာသာ ကျေးရွာအုပ်စု ဆည်တော ကျေးရွာ၌ ရေတွင်း၊ ချောင်း၊ မြောင်းရေများ နောက်ကျိလျက် သောက်သုံးရေ ပြတ်လပ်မှုဖြစ်ခဲ့ရာ ဒေသခံများအတွက် သောက်သုံးရေများကို မြို့နယ်ရဲတပ်ဖွဲ့က မေ ၂၈ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

ဆည်တောကျေးရွာရှိ အိမ်ခြေ ၄၀၀ ကျော်မှ လူဦးရေ ၂၄၀၀ ခန့်အတွက် သောက်သုံးရေများကို ခရိုင်မီးသတ်ဦးစီးဌာနမှ ရေဂါလန် ၁၆၀၀ ဆံ့နှင့် ရေဂါလန် ၁၂၀၀ ဆံ့ မော်တော်ယာဉ်နှစ်စီးတို့ဖြင့် နှစ်ခေါက်စီဆွဲကာ စုစုပေါင်း ရေဂါလန် ၅၆၀၀ ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်သိန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် ခရိုင်မီးသတ် တပ်ဖွဲ့မှ တပ်ကြပ်ကြီးလှမျိုးတို့ပူးပေါင်း၍ သွားရောက်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

**ချင်းတွင်းသား**



# ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**မိတ္ထီလာ မေ ၃၀**

မိတ္ထီလာမြို့နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မိတ္ထီလာမြို့ အထက(၁) ကျောင်းခန်းမ၌ မေ ၂၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်နိုင်က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်မှ အခမဲ့ပံ့ပိုးထောက်ပံ့သည့် ကျောင်းသုံးဗလာစာအုပ်များ၊ ပုံနှိပ်စာအုပ်များ၊ KG Kid Box များကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး ဦးအောင်မောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးမောင်ရွှေနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ အခြေခံပညာကျောင်းများအတွက် လိုအပ်သည့် ကာလတန်ဖိုး ကျပ်သိန်း ၈၀၀ ခန့်ရှိ မြေနေရာအပါအဝင် ကျောင်းသုံးပရိဘောဂများ၊ စာသင်ခုံများ၊ ကျောင်းခြံစည်းရိုး၊ စာသင်ဘုတ်များ၊ သံပန်းတံခါးများ၊ ကျောင်းဆိုင်းဘုတ်နှင့် စာရေးကိရိယာများ စသည်တို့အတွက် အလှူငွေများကို အလှူရှင်များက သက်ဆိုင်ရာစာသင်ကျောင်းများမှ ကျောင်းအုပ်များထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရမ်းဗြဲမြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ပေးလျက်ရှိ

**ရမ်းဗြဲ မေ ၃၀**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်အတွင်းမှ တောင်သူများအတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ရမ်းဗြဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မေ ၂၃ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ချေးငွေများထုတ်ပေးရာတွင် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၅၃ အုပ်စုမှ တောင်သူများ၏ စိုက်ဧက ၃၀၀၀၀ အတွက် ချေးငွေကျပ်သိန်းပေါင်း ၄၅၀၀၀ ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဘဏ်ခွဲမန်နေဂျာထံမှ သိရသည်။

မေ ၂၃ ရက်က ချေးငွေများ စတင်ထုတ်ပေးရာတွင် ချေးငွေလာရောက်ထုတ်ယူသည့် တောင်သူလယ်သမားများအား ချေးငွေဆိုင်ရာ စည်းကမ်းချက်များကို မြို့နယ် ချေးငွေအကြံပေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် မြို့နယ် ဘဏ်ခွဲမန်နေဂျာ ဦးစိုးမြင့်တို့က ရှင်းလင်းပြောကြားပြီး ချေးငွေများကို အကျိုးရှိစွာ သုံးစွဲကြရန် မှာကြားခဲ့သည်။

(၁၅၇)

# ပြင်ဦးလွင် ပန်းစိုက်ပျိုးသူများလာ ပန်းမျိုးစိတ်သစ်စိုက်နည်းပညာပေး

**ပြင်ဦးလွင် မေ ၃၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက် ကြီး (၈) နယ်မြေအတွင်းရှိ စိုက်ပျိုးရေးတောင်သူများနှင့် ပန်းစိုက်ပျိုးဝါသနာရှင်များအား ထိုင်းနိုင်ငံချင်းမိုင်မြို့ AGA Agro Co., Ltd. စီမံခန့်ခွဲမှု စိုက်ပျိုးရေးပညာရှင် စုပါချိုင်ပွတ်သီဆွန်ပေါင်နှင့် ပန်းစိုက်ပျိုးရေးပညာရှင် တာနာကစ်ခီလာတို့က စိုက်ပျိုးရေးတောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးတောင်သူများနှင့် ပန်းစိုက်ပျိုးရေး ဝါသနာရှင်များက သိလိုသည်များ မေးမြန်းကြရာ ပြင်ဦးလွင်အရောင်းကိုယ်စားလှယ် ဦးဇော်လင်းမိုးနှင့် ရန်ကုန်အရောင်းကိုယ်စားလှယ် ဒေါ်ဝင်းဝင်းမွန်တို့က စိုက်ပျိုးရေး-မျိုးစိတ်သစ်များနှင့် ပန်းစိုက်ပျိုးရေး နည်းပညာအသစ်များကိုပြင်ဦးလွင်ရာသီဥတုနှင့်ကိုက်ညီမည့် စိုက်ပျိုးရေးနည်းပညာများအား ဖြန့်ဝေပေးသည်။ ထို့အပြင် ပန်းမျိုးစေ့ထုပ်များ၊ စိုက်ပျိုးရေးသီးနှံ အသစ်များ၊ ရာသီဥတု၊ မြေအမျိုးအစား၊ စိုက်ပျိုးချိန် ကွာဟချက်ပေါ်မူတည်ပြီး စမ်းသပ်နိုင်ရန် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးသုံးစွဲနည်းများနှင့် ရာသီအလိုက်ဖြစ်ပေါ်တတ်သော ပိုးမွှားအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောပြီး စိုက်ပျိုးရေးစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ပြင်ဦးလွင်မြို့နယ်တွင် ပန်းစိုက်ပျိုးသည့် သုံးတောင်ကျေးရွာအုပ်စု၊ အနီးစခန်းကျေးရွာအုပ်စုနှင့် ပြင်ဦးလွင်တို့ဆိုပြီး ဒေသသုံးနေရာရှိသည်။

နွေရာသီတွင် သုံးတောင်က ပန်းအရင်စပွင့်ပြီး ဆောင်းတွင် ပြင်ဦးလွင်ကစပွင့်ကြောင်း၊ ဒုတိယ အနီးစခန်းမှ ပန်းပွင့်ကြောင်း၊ ယခု ပန်းစိုက်ပျိုးတောင်သူများက ပန်းမျိုးစေ့အသစ်များ စမ်းသပ်စိုက်ပျိုးလျက်ရှိရာ တစ်ဖက်နိုင်ငံမှဝင်လာသည့် သီးနှံများနှင့် ယှဉ်ပြိုင်နိုင်အောင် ကြိုးစားစိုက်ပျိုး ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ပန်းစိုက်ပျိုးဝါသနာရှင် တောင်သူ ဦးလင်းဆန်းက ပြောသည်။

**မြမောင်ဦး**

■

# နွေရာသီအင်္ဂလိပ်စာသင်တန်းဆင်းပွဲကျင်းပ

**ဆိပ်ဖြူ မေ ၃၀**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အင်းကန်ကျေးရွာရှိ ရောင်ရှိန်လင်းလက်ကျေးရွာစာကြည့်တိုက်မှ လူငယ်လေးများနှင့် အဝေးရောက် ပရဟိတလူငယ်လေးများက ကျေးရွာရပ်မိရပ်ဖလူကြီးများ၏ သြဝါဒလမ်းညွှန်မှုကိုခံယူ၍ ဖွင့်လှစ်ခဲ့သည့် နွေရာသီအင်္ဂလိပ်စာသင်တန်းဆင်းပွဲကို ကျေးရွာအလယ်တန်းကျောင်း၌ မေ ၂၈ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းနိုင်စိုးက အမှာစကားပြောကြားပြီး ရောင်ရှိန်လင်းလက် ကျေးရွာစာကြည့်တိုက် မှ မောင်အောင်ဇော်မင်းဋ္ဌေးက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကိုလည်းကောင်း၊ အဝေးရောက်ပရဟိတလူငယ်များ၏ကိုယ်စား ဦးသန်းဋ္ဌေးဦးက သင်တန်းနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း ပြောကြားကာ သင်တန်းသား သင်တန်းသူများက အခမဲ့သင်ကြားပေးခဲ့သည့် ဆရာဆရာမများကို ပူဇော်ကန်တော့ခဲ့သည်။

အဆိုပါ နွေရာသီ အင်္ဂလိပ်စာသင်တန်းကို ဧပြီ ၂၅ ရက်မှ မေ ၂၈ ရက်အထိ ပို့ချခဲ့ပြီး အင်းကန်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာငါးရွာမှ သင်တန်းသား သင်တန်းသူ ၄၀၀ ခန့်ကို အခြေခံပညာ စတုတ္ထတန်းမှ ဆဋ္ဌမတန်းအထိ၊ သတ္တမတန်းနှင့် အဋ္ဌမတန်း၊ နဝမတန်း၊ တက္ကသိုလ်ဝင်တန်းနှင့် အဝေးသင်တက်ရောက်နေသူများဟု အဆင့်များခွဲ၍ သင်ကြားခဲ့သည်။

လာမည့်နှစ်များတွင်လည်း အင်းကန်ကျေးရွာရှိ ရောင်ရှိန်လင်းလက် ကျေးရွာစာကြည့်တိုက်မှ လူငယ်လေးများနှင့် အဝေးရောက်ပရဟိတလူငယ်လေးများ ပူးပေါင်း၍ နွေရာသီ အင်္ဂလိပ်စာ၊ ကွန်ပျူတာနှင့် ယဉ်ကျေးလိမ္မာသင်တန်းများကို ဆက်လက်ပို့ချသင်ကြားပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး လူငယ်တို့၏အခန်းကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။
**စိုးလင်းနိုင် (ပြန်/ဆက်)**



# စစ်မှုထမ်းဟောင်းများအား ကွင်းဆင်းဆေးကုသပေး

**မိတ္ထီလာ မေ ၃၀**
မိတ္ထီလာမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို မိတ္ထီလာမြို့နယ် အမှတ်(၁)တပ်မတော်စစ်ဆေးရုံ ခုတင်(၅၀၀)မှ ပါရဂူများဦးဆောင်သော အဖွဲ့က မေ ၂၉ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရန်မျိုးအောင်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ကွင်းဆင်း၍ ဆေးကုသပေးခဲ့ခြင်းဖြစ်ပြီး ဒုတိယအကြိမ်မြောက် ကွင်းဆင်းကုသပေးခြင်းဖြစ်ကြောင်း၊ အမှတ်(၁)တပ်မတော်စစ်ဆေးရုံ ခုတင်(၅၀၀)မှ ဒုတိယတပ်မှူးဦးစီး၍ ပါရဂူများ၊ ဆေးမှူးများပါဝင်သော ဆေးကုသအဖွဲ့က ကွင်းဆင်းဆေးကုသပေးခဲ့ခြင်းဖြစ်ကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၄၉ ဦးနှင့် ၎င်းတို့၏ မိသားစုဝင် ၅၅ ဦး စုစုပေါင်း ၁၀၄ ဦးတို့အား ဆေးကုသမှုများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ကွင်းဆင်းဆေးကုသမှုတွင် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။
**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# အမှိုက်ခွန်ရငွေထက် အမှိုက်သိမ်းသည့်ကုန်ကျစရိတ်က များနေသဖြင့် တစ်နှစ်လျှင် ကျပ်သိန်း ၉၀၀ ကျော်အရှုံးခံ၍ အမှိုက်သိမ်းနေရ

**မိတ္ထီလာ မေ ၃၀**
မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မိတ္ထီလာမြို့တွင် အမှိုက်သိမ်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကုန်ကျသည့် ကုန်ကျစရိတ်က ရရှိသည့် အမှိုက်ခွန်ထက် တစ်နှစ်လျှင် ကျပ်သိန်း ၉၀၀ ကျော်ပိုများနေသဖြင့် အရှုံးခံ၍ အမှိုက်သိမ်းနေရကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပေါ်ရပ်ကွက် ၁၄ ခုအနက် ၁၃ ခုတွင် အလှည့်ကျအမှိုက်သိမ်းနေသကဲ့သို့ မြို့ပေါ်ရှိ လမ်းမကြီးငါးခုတွင် နေ့စဉ်အမှိုက်သိမ်းနေသည်။ အမှိုက်သိမ်းလုပ်ငန်းများကို မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အမှိုက်သိမ်းကား ၁၁ စီးနှင့် သန့်ရှင်းရေးဝန်ထမ်း ၄၇ ဦးဖြင့် တစ်ရက်လျှင်သုံးကြိမ် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အမှိုက်သိမ်းလုပ်ငန်းများအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှိုက်ခွန်ကောက်ခံရာတွင် ထရံကာဝါးကပ်မိုးအိမ်များကို တစ်အိမ်လျှင် တစ်နှစ် အမှိုက်ခွန် ၂၈၁ ကျပ် ၂၅ ပြား၊ သုံးထပ်တိုက်များကို တစ်အိမ်လျှင် တစ်နှစ် အမှိုက်ခွန် ၁၈၉၀၀ ကျပ်နှင့် တစ်ထပ်တိုက်များကို တစ်အိမ်လျှင် တစ်နှစ် အမှိုက်ခွန် ကျပ် ၁၃၅၀၀ စီ ကောက်ခံပြီး စီးပွားရေးအမှိုက်ခွန်အဖြစ် ဆေးရုံ၊ ဆေးခန်း၊ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ရှင် ၁၃၅ ဦးတို့ထံမှ အမှိုက်ခွန်များ ကောက်ခံလျက်ရှိသည်။ ပြီးခဲ့သည့်နှစ်က မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တစ်နှစ်စာ အမှိုက်ခွန် ကျပ်သိန်းပေါင်း ၂၃၀ နီးပါးရရှိခဲ့ကြောင်း သိရသည်။

ကုန်ကျစရိတ်အနေဖြင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် (အမြဲတမ်း ၊ နေ့စား၊ ပုတ်ပြတ်) သန့်ရှင်းရေးအလုပ်သမားများအတွက် တစ်နှစ်စာ ကုန်ကျစရိတ် ကျပ်သိန်း ၆၅၀ ကျော်၊ အမှိုက်သိမ်းယာဉ်များ၏ စက်သုံးဆီကုန်ကျစရိတ် ကျပ်သိန်း ၅၄၀ နီးပါး၊ အမှိုက်သိမ်းယာဉ်များ၏ တစ်နှစ်ပြုပြင်ဆင်စရိတ်အတွက် ကျပ် ၃၅ သိန်းနီးပါးရှိရာ စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ်သိန်း ၁၂၀၀ ကျော်အထိ ရှိနေသည်။

ထို့ကြောင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မိတ္ထီလာမြို့ အမှိုက်ကင်းစင် သန့်ရှင်းရေးအတွက် အမှိုက်သိမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်နှစ်ရရှိသည့် အမှိုက်ခွန်ထက် ကျပ်သိန်း ၉၀၀ ကျော် အရှုံးခံ၍ဆောင်ရွက်နေရကြောင်း သိရသည်။
**တင်လှိုင်(မိတ္ထီလာ)**

# ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပွဲပြုလုပ်

**မြစ်ကြီးနား မေ ၃၀**
မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူး၍ ပြည်သူ့ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများရှင်းလင်းပွဲကို မြစ်ကြီးနားမြို့ စုပေါင်းရုံးအစည်းအဝေးခန်းမ၌ မေ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးလှိုင်မောင်မောင်က အမှာစကားပြောကြားပြီး မြစ်ကြီးနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းက ရက် ၁၀၀ အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းကျဆင်းရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ချပြရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် မြို့နယ်ရဲတပ်ဖွဲ့မှူးက ဖြည့်စွက်ဆွေးနွေးကာ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက မူခင်းကြိုတင်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ ရှင်းလင်းပွဲသို့ မြစ်ကြီးနားမြို့နယ်အတွင်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။
**မင်းရာဇာ(မြစ်ကြီးနား)**



ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ကာ သဘာဝဘေးအန္တရာယ်ပေါ် ပေါက်ချိန်တွင် အမြန်ရေယာဉ်ဖြင့် ရေပြင်အသက်ကယ်နည်းများကို ဒုဋ္ဌဝတီ မြစ်အတွင်း၌ မေ ၂၆ ရက်က လက်တွေ့သရုပ်ပြလေ့ကျင့်စဉ် စိုင်း(သီပေါ)

# ကျောင်းအပ်နှံရေးနေ့ အခမ်းအနား တပ်ကုန်း၌ ကျင်းပ

**နေပြည်တော် မေ ၃၀**
နေပြည်တော် တပ်ကုန်းမြို့နယ် အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်း အနားကို မေ ၂၈ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးတင် ဆင့်က ကျောင်းအပ်လက်ခံရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဆွေးနွေးပြောကြားပြီး ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်များ၊ သင်ရိုးပြဋ္ဌာန်းစာအုပ်များနှင့် KG Kit သင်ထောက်ကူပုံးများအား သက်ဆိုင်ရာကျောင်းများသို့ ပေးအပ်ခဲ့သည်။
**တင်ထွန်းတာ(တပ်ကုန်း)**

# ကျွန်မသိရသော မြစိမ်းရောင်ကျေးရွာ စီမံကိန်း

ကျွန်မတို့နေထိုင်တဲ့ ရန်ကုန်တောင်ပိုင်းခရိုင်မှာရှိတဲ့ သန်လျင်မြို့ကို ဒုတိယပြင်ဦးလွင်မြို့လို့ တင်စားကြပါတယ်။ တကယ်လည်း ရာသီဥတုက အလွန်မအေးပေးမယ့်လည်း သာယာလှပတဲ့မြို့လေးပါ။ ကျွန်မနေထိုင်တဲ့ရပ်ကွက်ထဲမှာ ဒီနေ့ BG Microfinance.Ltd က ချေးငွေရမှာမို့လို့ ချေးငွေသွားထုတ်ပြီး အိမ်ကိုပြန်လာတဲ့အချိန်မှာ ကျွန်မသမီးလေးက "မေမေရေ ညောင်လေးပင်ရွာက ဘဘဦးခင်ကျော် ရောက်နေတယ်။ ဘဲဥနဲ့ ငါးကြော်ပါလာတယ်"လို့ ပြောလိုက်တော့ ချေးငွေထုတ်ဖို့ ငါးယောက်တစ်အုပ်စု စုနေတာနဲ့ ဟင်းမချက်ဖြစ်တာကြောင့် "အတော်ပဲဦးလေးရေ"လို့ ကျွန်မက ကျေးဇူးတင်စကား လှမ်းပြောလိုက်ပါတယ်။

"တူမကြီး ငွေချေးတာအဆင်ပြေလားကွဲ့။ အတိုးနှုန်းက ဘယ်လောက်လဲ"

"အတိုးနှုန်းက ၂ ကျပ် ၅၀ ပြားနှုန်းပါ။ ငါးယောက်တစ်အုပ်စု ငွေချေးပေးတာပါ။ ငွေမချေးမီ ချေးငွေနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာတွေသိရှိဖို့ အစည်းအဝေးခေါ်ရင် မပျက်မကွက်တက်ရောက်ပေးရပါတယ်။ အစည်းအဝေးကနေ ချေးငွေပြန်ဆပ်ရမယ့်ကာလ၊ ဆုကြေးအပေါ် ရရှိတဲ့အကျိုးအမြတ်၊ ဝန်ဆောင်ခ၊ အသင်းသားတွေအတွက် သာရေးနာရေးထောက်ပံ့ငွေ ဘယ်လောက်ထောက်ပံ့တယ်ဆိုတာ သိရပါတယ်။ ငါးယောက်တစ်အုပ်စု ဝိုင်းကြီးချုပ်ငွေချေးတာဆိုတော့ တစ်ဦးကမဆပ်ရင် ကျန်လေးယောက်ကစိုက်ဆပ်မှ နောက်ထပ်ချေးငွေထပ်ချေးလို့ရတာ ဦးလေး"

"အတိုးနှုန်းက သက်သာတာပေါ့။ ဦးလေးတို့ရွာမှာလည်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်နေတာ။ ဒီစီမံကိန်းက ကျေးရွာသူရွာသားများရဲ့ အသက်မွေးဝမ်းကျောင်းနဲ့ ဝင်ငွေတိုးပွားလာဖို့ ငွေချေးပေးတာ တူမရေ"

"အတိုးနှုန်းက ဘယ်လောက်လဲဦးလေး။ ဘယ်သူတွေက လာချေးပေးတာလဲ"

"မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေတာ တူမ။ စီမံကိန်းဆောင်ရွက်မယ့်ကျေးရွာက အိမ်ခြေ ၈၀ နဲ့အထက်ရှိတဲ့ ကျေးရွာဆိုရင် နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သန်း ၃၀ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မတည်ပေးပြီး၊ အိမ်ခြေ ၈၀အောက်လျော့နည်းရင်တော့ အုပ်ချုပ်မှုလွယ်ကူတဲ့ နီးစပ်ရာရွာ ပေါင်းစပ်ရမှာဖြစ်တယ်။ ဦးလေးတို့ရွာက အိမ်ခြေ ၈၀ ထက်ကျော်တော့ တစ်ယူနစ် ကျပ်သန်း ၃၀ မြစိမ်းရောင်ရန်ပုံငွေရတယ်။

မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီတို့ကို စီမံကိန်းဆောင်ရွက်မယ့်ကျေးရွာမှာ နေထိုင်တဲ့ ကျေးရွာသူရွာသားများရဲ့ ဆန္ဒမဲစနစ်နဲ့ ရွေးချယ်ရတယ်။ ဒီကော်မတီမှာ အမျိုးသမီး ၅၀ ရာခိုင်နှုန်း ပါဝင်ခွင့်ရှိတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်း၊ ကျေးရွာအုပ်စုမှ ရွေးကောက်တင်မြှောက်ထားနှင့်ပြီးဖြစ်တဲ့ အုပ်ချုပ်ရေးမှူး သို့မဟုတ် ရာအိမ်မှူးတို့ မပါဝင်ပေမယ့် အုပ်ချုပ်ရေးမှူး သို့မဟုတ်ရာအိမ်မှူးက ရန်ပုံငွေကြီးကြပ်မှုကော်မတီရဲ့နာယကအဖြစ် ဆောင်ရွက်ရမှာဖြစ်တယ် တူမ။

မြစိမ်းရောင်ကော်မတီဖွဲ့ပြီးတာနဲ့ ကော်မတီဝင်အဖွဲ့တွေကို ကျေးလက်ဦးစီးဌာနက ဝန်ထမ်းတွေက စာရင်းဇယားတွေပြုစုတတ်အောင် သင်တန်းပေးတယ်။ ပြီးတော့ မြန်မာ့စီးပွားရေးဘဏ်မှာ ကျေးရွာအမည်နဲ့ ဘဏ်စာရင်းရှင်ဖွင့်လှစ်ရတယ်။ ငွေသွင်းငွေထုတ်(ချက်လက်မှတ်)ကိုရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တစ်ဦးတို့က လက်မှတ်ရေးထိုးဆောင်ရွက်ရတယ်။

မြစိမ်းရောင်ရန်ပုံငွေကနေ ရွာသူရွာသားတွေက တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနဲ့ အခြားလူမှုစီးပွားဘဝတိုးတက်စေတဲ့ လုပ်ငန်းဆောင်ရွက်ဖို့အတွက် ငွေ ၁၀၀ ကျပ်ကို တစ်လ ပြား ၅၀ မှ ၁ ကျပ် ၅၀ ပြားနှုန်းအထိ သင့်လျော်တဲ့ အတိုးနှုန်းကို ကော်မတီနဲ့ ရွာသူရွာသားတွေ စုပေါင်းဆွေးနွေးသတ်မှတ်ပြီး ငွေချေးပေးတာတူမ။"

"ကော်မတီက လစာရလားဦးလေး။ ချေးငွေကရတဲ့အတိုးကို ဘယ်ကိုပေးသွင်းရတာလဲ"

"ကော်မတီက လစာမရ။ စေတနာ့ဝန်ထမ်းတွေပါ။ ဒါပေမယ့် ကော်မတီအဖွဲ့တွေ ဘဏ်သွားခရီးစရိတ်၊ စာရေးကိရိယာဝယ်ယူ အသုံးစရိတ်၊ သင်တန်းတက်စရိတ်စတဲ့ အသုံးစရိတ်အတွက် စီမံကိန်းစတင်တဲ့လမှ တစ်နှစ်ပြည့်တဲ့လအထိ ကျပ်ခြောက်သိန်းထက်မပိုတဲ့ငွေကို အုပ်ချုပ်မှုအသုံးစရိတ်(အသေးသုံးစရိတ်)သုံးစွဲနိုင်ပါတယ်။ ပြန်ဆပ်ငွေ၊ အတိုးရငွေကို ရန်ပုံငွေစာရင်းရှင်ထဲ ပြန်သွင်းပြီး ကော်မတီက ပွင့်လင်းမြင်သာစွာနဲ့ လျှောက်လွှာခေါ်ယူပြီး ပြန်ပြီးငွေချေးပေးတာပါ တူမ"

"မြစိမ်းရောင်ကျေးရွာစီမံကိန်းက ကျေးရွာအတွက် ငွေပဒေသာပင်ကြီး စိုက်ထူပေးတာပေါ့နော် ဦးလေး"

"ဟုတ်တာပေါ့။ မြစိမ်းရောင်ရန်ပုံငွေ အရင်းမပျောက်တိုးပွားစေဖို့အတွက် ကော်မတီကလည်း ငွေချေးတဲ့အခါ ပွင့်လင်းမြင်သာရုံမက ရွာသူရွာသားတွေကလည်း ကော်မတီအဖွဲ့တွေဟာ ဒို့ကျေးရွာအကျိုး ဆောင်ရွက်တဲ့သူတွေဆိုပြီး ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ဖို့လိုအပ်တယ် တူမ"

"မြစိမ်းရောင်စီမံကိန်းအကြောင်းသိရလို့ ကျေးဇူးတင်ပါတယ် ဦးလေး"
**ခင်အေးကြူ(ရွှေသန်လျင်)**

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အသင်းအဖွဲ့ချုပ်နာယက၊ ထူးဖောင်ဒေးရှင်းနာယက၊ 27 Foundation နာယက၏ အဓိကပံ့ပိုးကူညီမှုများဖြင့် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို စိုက်ထူနိုင်ခဲ့သော မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ဝင် **ကိုပြည့်ဖြိုးအောင်၊ ကိုဝင်းကိုကိုနှင့် ကိုညီညီအောင်** တို့၏ နိုင်ငံ့ဂုဏ်ဆောင်အောင်မြင်မှုအတွက် အထူးဂုဏ်ယူဝမ်းမြောက်လျက်ရှိပါကြောင်း။

**27 Foundation**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၃၀-၅-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂၇-၆-၂၀၁၆ ရက် ၁၆း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၂၉-၆-၂၀၁၆ ရက် ၉း၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ လမ်း ၃၀၊ ၇၀×၇၁ လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**ဖုန်း-၀၂-၃၉၁၈၄၊ ၀၂-၃၉၁၈၆**

## ဗိုလ်သင်တန်း အမစ(၃၁) သာမှုနာမှုကော်မတီမှ စုံစမ်းခြင်း

ဗိုလ်သင်တန်း အမစ(၃၁) သီဟတပ်ခွဲသည် အောက်ဖော်ပြပါ အရာရှိများနှင့်ပတ်သက်၍ ဆက်သွယ်မှုရရှိလိုပါသဖြင့် သက်ရှိထင်ရှားရှိသူများကိုယ်တိုင်နှင့် ကွယ်လွန်ပြီးသူများ၏ဇနီးများမှ သာမှု နာမှုကော်မတီသို့ ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်-

| စဉ် | ကသအမှတ်/ကိုယ်ပိုင်အမှတ် | အမည် | မှတ်ချက် |
|---|---|---|---|
| ၁ | ၁၅/ကြည်း-၁၀၄၂၁ | ဗိုလ်မှူးခိုင်ဇာပုံး | ကွယ်လွန် |
| ၂ | ၁၇/ကြည်း-၁၀၄၂၆ | ဗိုလ်စိုးမြင့် | ကျဆုံး |
| ၃ | ၁၈/ကြည်း-၁၀၄၁၂ | ဗိုလ်ကြီးခင်သန့်အောင် | သက်ရှိ |
| ၄ | ၂၀/ကြည်း-၁၀၄၈၀ | ဗိုလ်ကြီးစိုးညွှန့်အောင် | သက်ရှိ |
| ၅ | ၂၇/ကြည်း-၁၀၄၄၆ | ဒုဗိုလ်ကျော်သိန်း | သက်ရှိ |
| ၆ | ၃၀/ကြည်း-၁၀၄၆၁ | ဒုဗိုလ်ညွှန့်မောင် | ကျဆုံး |
| ၇ | ၅၂/ကြည်း-၁၀၃၇၀ | ဗိုလ်ကြီးလေးညွှန့် | သက်ရှိ |
| ၈ | ၇၅/ကြည်း-၁၀၃၃၉ | ဗိုလ်ကြီးအောင်ကြည်ဦး | ကွယ်လွန် |
| ၉ | ၆၂/ကြည်း-၁၀၃၇၈ | ဒုဗိုလ်မြသိန်း | ကွယ်လွန် |
| ၁၀ | ၈၆/ကြည်း-၁၀၃၀၄ | ဗိုလ်မှူးစံထွန်းသာ | ကွယ်လွန် |
| ၁၁ | ၉၀/ကြည်း-၁၀၃၂၃ | ဗိုလ်ကြီးမြင့်သွင် | သက်ရှိ |
| ၁၂ | ၉၇/ကြည်း-၁၀၄၅၃ | ဒုမှူးကြီးစောထွန်းလှအောင်ထူး | ကွယ်လွန် |
| ၁၃ | ၁၀၂/ကြည်း-၁၀၄၆၄ | ဗိုလ်မှူးရဲထွဋ် | ကွယ်လွန် |
| ၁၄ | ၁၀၉/ကြည်း-၁၀၃၉၇ | ဗိုလ်ကြီးအောင်မြင့်သန်း | သက်ရှိ |
| ၁၅ | ၁၁၆/ကြည်း-၁၀၄၄၇ | ဗိုလ်ကြီးမြင့်သိန်း | ကွယ်လွန် |
| ၁၆ | ၁၁၇/ကြည်း-၁၀၄၄၃ | ဗိုလ်အောင်ဝ | ကျဆုံး |
| ၁၇ | ၁၃၃/ကြည်း-၁၀၃၆၁ | ဗိုလ်စိုးရင် | ကျဆုံး |
| ၁၈ | ၁၄၉/ကြည်း-၁၀၄၃၉ | ဗိုလ်မှူးစိုးရ | ကွယ်လွန် |
| ၁၉ | ၁၅၀/ကြည်း-၁၀၄၇၂ | ဗိုလ်ကြီးတင်အောင် | ကွယ်လွန် |
| ၂၀ | ၁၅၆/ကြည်း-၁၀၄၅၇ | ဒုဗိုလ်ကျော်ထင် | ကွယ်လွန် |
| ၂၁ | ၁၆၁/ကြည်း-၁၀၄၄၈ | ဒုဗိုလ်သန်းဇော် | ကျဆုံး |
| ၂၂ | ၁၆၂/ကြည်း-၁၀၃၀၆ | ဒုဗိုလ်လှဝင်း | ကျဆုံး |
| ၂၃ | ၁၇၃/ကြည်း-၁၀၃၅၉ | ဗိုလ်မှူးတင်ဦး | ကွယ်လွန် |
| ၂၄ | ၁၇၄/ကြည်း-၁၀၃၇၃ | ဗိုလ်သိန်းအောင် | ကျဆုံး |
| ၂၅ | ၁၈၁/ကြည်း-၁၀၄၆၇ | ဗိုလ်ကြီးစိန်အောင် | ကျဆုံး |

**ဆက်သွယ်ရန်။** (၁) ကြည်း-၁၀၃၂၈ ဒုမှူးကြီးမြင့်ဆွေ(ငြိမ်း) ဖုန်း-၀၁-၆၁၀၁၇၄၊ ၀၉-၅၁၅၆၉၃၉
(၂) ကြည်း-၁၀၃၁၄ ဒုမှူးကြီးစိုးမြင့်(ငြိမ်း) ဖုန်း-၀၁-၆၁၁၀၆၁၊ ၀၉-၅၀၉၄၉၃၆

## ညှိနှိုင်းဈေးဖြင့်ငှားမည်

ပေ(၆၀×၁၄၀)ရှိ တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်အနီးရှိ ဆိုင်နှင့် အဆောက်အအုံပါသော မြေကို ညှိနှိုင်းဈေးဖြင့် ငှားရမ်းလိုပါသည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၂၅၀၀၂၇၇၇၄**

## ညှိနှိုင်းဈေးဖြင့်မြေရောင်းမည်

ပြင်ဦးလွင်မြို့၊ အိမ်တော်ရာလမ်း ဝ ဒသမ ၇၂ ဧကရှိ မြေကိုညှိနှိုင်းဈေးဖြင့် ရောင်းမည်။ (ပတ်ဝန်းကျင်၌ ဟိုတယ်များရှိ) **ဆက်သွယ်ရန်**
**ဖုန်း-၀၉-၂၅၀၀၂၇၇၇၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၂ X ၂၊ မြေကွက်အမှတ်-V Class-၂၉၉၊ မြေကွက်တည်နေရာအမှတ်(၅၁)၊ (၈)လမ်း၊ (၃)ရပ်ကွက်၊ လမ်းမတော်မြို့နယ် ဦးညွှန့်မောင် ၁၂/လမတ(နိုင်)၀၀၈၈၁၆၊ ဒေါ်ကြည် ၁၂/လမတ(နိုင်)၀၁၈၉၈၄ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်များဖြစ်ကြသော ဦးညွှန့်မောင်သည် ၁၂-၁၁-၂၀၀၅ရက်တွင်းလည်းကောင်း၊ ဒေါ်ကြည်သည် ၂၉-၈-၂၀၀၉ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြပြီး ၎င်းတို့၏သမီးတစ်ဦးဖြစ်သူ ဒေါ်ကြည်ကြည်ညွှန့်သည် ၎င်းထို့ထက်စော၍ ၂၉-၇-၂၀၀၄ရက်တွင် ကွယ်လွန်သဖြင့် ဦးနေအောင် ၁၂/လမတ(နိုင်)၀၂၁၁၀၁၊ ဒေါ်စန်းစန်းညွှန့် ၁၂/လမတ(နိုင်)၀၁၇၆၆၅၊ ဒေါ်သန်းသန်းညွှန့် ၁၂/လမတ(နိုင်)၀၁၁၃၂၇၊ ဒေါ်ရင်ရင်ချို(ခ)ဒေါ်ယဉ်ယဉ်ချို ၁၂/လမတ(နိုင်)၀၁၇၇၄၃၊ ဒေါ်နန္ဒာချိုထက် ၁၂/လမတ(နိုင်)၀၃၁၈၉၀၊ ဒေါ်မြရည်ချိုသက် ၁၂/လမတ(နိုင်)၀၃၄၃၅၅ နှင့် ဒေါ်ကလျာချိုထက် ၁၂/လမတ(နိုင်)၀၃၄၃၅၆တို့က အမည်ပေါက်များ၏ သားသမီးများနှင့် မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာများ၊ သေစာရင်းများနှင့် မြေဂရန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန်(မြေပုံကူး)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျဉ်းမနား ဘိုးဘွားရိပ်သာ နေပြည်တော်
## စေတနာရှင်(၂၀၀၀၀)ဦးအား ဖိတ်ကြားခြင်း

ပျဉ်းမနား ဘိုးဘွားရိပ်သာတွင် အခမဲ့ကုသိုလ်အဖြစ် ဆေးခန်းကို မူလအလှူရှင် လှူဒါန်းငွေကျပ် (၅၃)သိန်းဖြင့် ကုသခဲ့ရာ ၂၀၁၄ခုနှစ်မကုန်မီ ငွေကုန်၍ ရိပ်သာရန်ပုံငွေအဖြစ် စိုက်ထုတ်ကုသခဲ့ရာ ၂၀၁၅ခုနှစ် အောက်တိုဘာလကုန်အထိ လူနာ(၄၉၀၈)ကို ကုန်ကျငွေ(၁၀၄၈၇၃၇၀ိ/-)ကုန်ကျခဲ့ပါသည်။ စေတနာရှင် ဆရာဝန်၊ သူနာပြုတို့၏မေတ္တာစေတနာကို လေးစားသောအားဖြင့် ဆက်လက်ဖွင့်လှစ်ကုသနိုင်ရန် မတည်ငွေ သိန်း(၁၀၀၀)ပြည့်အောင် အလှူရှင်(၂၀၀၀၀)ဦးအား အလှူရှင်တစ်ဦးလျှင် ကျပ်(၅၀၀၀)နှုန်း လှူဒါန်းနိုင်ပါရန် မေတ္တာရပ်ခံပါသည်။ ပျဉ်းမနားစီးပွားရေးဘဏ် ငွေစာရင်းအမှတ် SF-006482 သို့ ပေးပို့လှူဒါန်းပါရန်။

ပျဉ်းမနားအနီးက လှူဒါန်းလိုလျှင် ဖုန်း ၀၆၇-၂၁၀၉၉၊ ၂၁၈၃၁၊ ၂၂၂၉၂၊ ၂၁၃၈၀ နှင့် ၂၄၃၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ**
**ဗုဒ္ဓဘာသာဘိုးဘွားရိပ်သာ၊ ပျဉ်းမနားမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပြင်ဦးလွင်မြို့နယ်တရားမရုံးတော်၌
### ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၂၈

ဒေါ်မိမိဝါ နှင့် ၁။ ဒေါ်သန်းသန်းအေး
၂။ ဒေါ်ချိုချို

**တရားလို** **တရားပြိုင်များ**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ယူဂိုဇလပ်၊ အမှတ်(၂၇၁)နေ ဒေါ်သန်းသန်းအေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဇွန်လ ၁၀ရက် (၁၃၇၈ခုနှစ် နယုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မေ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီနီမြင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပြင်ဦးလွင်မြို့နယ်တရားမရုံးတော်၌
### ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၉

ဦးမောင်မောင် နှင့် ၁။ ဒေါ်သန်းသန်းအေး
၂။ ဒေါ်ချိုချို

**တရားလို** **တရားပြိုင်များ**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ယူဂိုဇလပ်၊ အမှတ်(၂၇၁)နေ ဒေါ်သန်းသန်းအေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဇွန်လ ၁၀ရက် (၁၃၇၈ခုနှစ် နယုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မေ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီနီမြင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ကမာရွတ်၊ လှည်းတန်း ရွှေထန်းပင်ကွန်ဒို ရောင်းမည်

လှည်းတန်း၊ ထန်းတပင်ဘုန်းကြီးကျောင်းလမ်း၊ ရွှေထန်းပင်ကွန်ဒို ဒုတိယထပ်၊ (၂၅×၅၀)ခန့်၊ ကွန်ဒို(အသစ်)၊ လူနေခွင့်ကျပြီး MBR (1), BR(1) Standard Room ရောင်းမည်။ **သိန်း (၁၆၀၀) (ညှိနှိုင်း)**

**ဖုန်း-၀၉-၂၂၀၀၃၆၂၊ ၀၉-၇၈၈၇၆၂၁၅၀၊ ၀၉-၇၈၈၇၆၂၁၄၄**

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဇွန်လ (၄/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### ပြင်ဦးလွင်မြို့နယ်တရားမရုံးတော်၌
### ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၄ နှင့်ဆက်သွယ်သည့်
### ၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၁၆

ဦးချစ်ကိုကို နှင့် ၁။ ဒေါ်သန်းသန်းအေး
၂။ ဒေါ်ချိုချို

**တရားနိုင်** **တရားရှုံးများ**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ယူဂိုဇလပ်၊ အမှတ်(၂၇၁)နေ ဒေါ်သန်းသန်းအေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၄တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးချစ်ကိုကိုက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ခုနှစ် ဇွန် ၁၀ရက် (၁၃၇၈ခုနှစ် နယုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီအရောက် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် မေ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီနီမြင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)၊ ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပြင်ဦးလွင်မြို့နယ်တရားမရုံးတော်၌
### ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၂၇

ဒေါ်အေးအေးနွဲ့ နှင့် ၁။ ဒေါ်သန်းသန်းအေး
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးရဲဝံ့) ၂။ ဒေါ်ချိုချို

**တရားလို** **တရားပြိုင်များ**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ယူဂိုဇလပ်၊ အမှတ်(၂၇၁)နေ ဒေါ်သန်းသန်းအေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဇွန်လ ၁၀ရက် (၁၃၇၈ခုနှစ် နယုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မေ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီနီမြင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**



အူရီဒူး Facebook Plus
ooredoo
Facebook ၃ ကျပ် / MB
အူရီဒူး အချင်းချင်း အခမဲ့
အခြား ကွန်ရက်များသို့ ၂၀ ကျပ် / မိနစ်
အခမဲ့ ရယူဖို့ *4444# သို့ခေါ်ဆို၍ (သို့) 4444 သို့ FB ဟု SMS ပေးပို့ပါ
စည်းမျဉ်းစည်းကမ်းသေးစိတ်ကို ooredoo.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။




SAMSUNG DAY
2016, JUNE
SAMSUNG Smart Phones နှင့် Tablets တွေဝယ်ယူပြီး
ဆုလက်ဆောင်တွေ ရယူလိုက်ကြရအောင်
ဇွန်လ (၁)ရက်နေ့မှ (၃)ရက်နေ့အထိ
Samsung Umbrella
Remax 5000 mAh Power Bank
ကျပ်သိန်း ၂၀၀၀ တန်ဖိုးရှိ မက်မောဖွယ် ဆုကြီးများကို ကံထူးနိုင်မည့်
SAMSUNG Galaxy Lucky Draw တွင်လည်း ပါဝင်ကံစမ်းခွင့်ရှိပါသည်။
HONDA Fit ကား ၈ စီး
Samsung 32" TV ၁၅၀ လုံး
Samsung Tab 3 Lite ၃၀၀ လုံး
၂၅၀၀ ကတ်
ရရှိနိုင်မည့် ကူပွန်အရေအတွက်များ
ကျပ် ၅၀၀,၀၀၀ အထက် = ကူပွန် ၅စ
ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ = ကူပွန် ၃စ
ကျပ် ၂၀၀,၀၀၀ အောက် = ကူပွန် ၁စ
FATHER'S DAY GIVEAWAY
လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်။
ပရိုမိုးရှင်း အစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar မှ သတ်မှတ်ထားသည့်အတိုင်းသာဖြစ်သည်။
ကမ္ဘောဇ အရစ်ကျစနစ်ဖြင့်ဝယ်ယူသူများ ဤအစီအစဉ်တွင် မပါဝင်ပါ။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
s-estoremyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် သတ်မှတ်ထားသော ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center 01 2399 888 (Mon-Sun) 8AM to 6PM

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးကြီးလှထွန်း (ငြိမ်း)

**အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အသက်(၈၆)နှစ်**

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၄)ရပ်ကွက်၊ သန္တာလမ်း၊ ရေနံ့သာ၊ အမှတ် ၁၄၆၊ အခန်း ၅နေ ဗိုလ်မှူးကြီးလှထွန်း(ငြိမ်း) အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ၂၈-၅-၂၀၁၆ရက် (စနေနေ့) နံနက် ၁၀း၅၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ဦးတင်မြင့်**
**ညွှန်ကြားရေးမှူးချုပ်(အမြဲတမ်းအတွင်းဝန်)**
**နှင့် အရာထမ်းအမှုထမ်းများ**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

### ဒေါ်အေးသန့် @ Annie Kuu

**(တင်ရွှေစာပေ)**

**အမှုဆောင်၊ မဟာစည်အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့**

**(မော်လမြိုင်)**

**အသက်(၈၁)နှစ်**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နာယက ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ငြိမ်း)နှင့် ဒေါ်တင်တင်အေး (ဒါရိုက်တာအဖွဲ့ဝင်, MICTDC)တို့၏ မိခင် ဒေါ်အေးသန့် @ Annie Kuu အသက်(၈၁)နှစ်သည် ၂၇-၅-၂၀၁၆ရက် (သောကြာနေ့) ည ၁၁း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**MICTDC**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

### ဒေါ်အေးသန့် @ Annie Kuu

**(တင်ရွှေစာပေ)**

**အမှုဆောင်၊ မဟာစည်အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့**

**(မော်လမြိုင်)**

**အသက်(၈၁)နှစ်**

ဦးသောင်းတင် (ဒုတိယဝန်ကြီး၊ ငြိမ်း) - ဒေါ်တင်တင်အေး (KMD Computer Group)တို့၏မိခင် ဒေါ်အေးသန့်@Annie Kuu သည် ၂၇-၅-၂၀၁၆ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**NEC Corporation မှ ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ရဲမှူးကံဦး

**ရဲ ၂၂၉၄**

**အသက်(၅၄)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊ မှုခင်းဌာန၊ လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ ရဲ ၂၂၉၄ ရဲမှူးကံဦးသည် ၂၉-၅-၂၀၁၆ရက် ည ၇း၀၅နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့်တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးမြင့်နိုင် B.E (TEXTILE)

**ဒုတိယအထွေထွေမန်နေဂျာ(ထုတ်လုပ်ရေး)**

**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန**

**အသက်(၅၃)နှစ်**

နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ တိုက် ၅၂၀၉၊ အခန်း ၀၂နေ ဒေါ်မိုးမိုးခိုင်၏ချစ်လှစွာသောခင်ပွန်း ဦးမြင့်နိုင်သည် ၂၉-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဦးမြင့်နိုင် ကောင်းရာသုဂတိရောက်ပါစေ။

**ဒေါက်တာအောင်ကျော်စိုး**
**ဦးဆောင်ညွှန်ကြားရေးမှူး(အငြိမ်းစား)၊ စက်မှုဝန်ကြီးဌာန**
**တိုးမင်းကုမ္ပဏီ၊ နေပြည်တော်**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးမြင့်နိုင် B.E (TEXTILE)

**ဒုတိယအထွေထွေမန်နေဂျာ(ထုတ်လုပ်ရေးဌာန)**

**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန**

**အသက်(၅၃)နှစ်**

နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ တိုက် ၅၂၀၉၊ အခန်း ၀၂နေ ဒေါ်မိုးမိုးခိုင်၏ချစ်လှစွာသောခင်ပွန်း ဦးမြင့်နိုင်သည် ၂၉-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဦးမြင့်နိုင် ကောင်းရာသုဂတိရောက်ပါစေ။

**ထုတ်လုပ်ရေးဌာနမှ လုပ်ဖော်ကိုင်ဖက်များ**
**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန**

---

### ဦးတင်ထွန်းညို

**CHIEF OFFICER (F.G)**

**CDC-38881**

**အသက်(၄၀)**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ သီတာလမ်း၊ အမှတ် ၆(လေးလွှာ)နေ ဦးမောင်မောင်အုန်း-ဒေါ်စန်းမြင့်တို့၏သား၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ် ၃၄ (ငါးလွှာ)နေ ဦးအောင်မြင့်-ဒေါ်မာမာတို့၏သားသမက်၊ မရည်ရည်မွန်၏ခင်ပွန်း၊ မအိကြည်ဖြူ၏ဖခင်သည် ၃၀-၅-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (မဂ္ဂင်လမ်းနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ မဂ္ဂင်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်မြအုန်း(ပျဉ်းမနားမြို့) အသက်(၈၈)နှစ်

ပျဉ်းမနားမြို့၊ အရှေ့မစိုးရိမ်ရပ်၊ ရွှေချီ ၂လမ်း၊ ၁၃/၉၄နေ (ဦးဇော်-ဒေါ်သန်း)တို့၏သမီး၊ (ဦးမြင့်ဇော်)-ဒေါ်တင်၊ ဒေါ်ရင်ရင်မေတို့၏အစ်မ၊ ဦးခင်မောင်ကြီး(လ/ထ ညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန၊ မော်လမြိုင်မြို့)-ဒေါ်ဌေးဌေးသင်း၊ ဦးမြင့်သူ(ခ)ဦးအတွတ်(လ/ထညွှန်ကြားရေးမှူး၊ တိုင်းအခွန်ဦးစီးရုံး၊ ထားဝယ်မြို့)-ဒေါ်ခင်မမ(အထက-၂၊ ပျဉ်းမနား)၊ (ဦးအုန်းသွင်)တို့၏ချစ်လှစွာသောမိခင်၊ ကိုမင်းသီဟနိုင်၊ မဆုမွန်မိုအေး၊ မတိုးဆွေဇင်အိ(စံရိပ်ငြိမ်စတိုး၊ ပုသိမ်မြို့)၊ ကိုဇေဖြိုးအောင်-မခိုင်ဇင်သက်(ရွှေကြာ သောက်ရေသန့်)၊ မအိအိခိုင်(နိုင်ငံခြားရေး)၊ မောင်မင်းသူရ(သွား/ဆေး)တို့၏အဘွား၊ ဦးအုန်းမောင်(စာတိုက်မှူး၊ ငြိမ်း၊ ဝါးခယ်မမြို့)၏ချစ်လှစွာသောဇနီးသည် ၂၉-၅-၂၀၁၆ရက် နံနက် ၉နာရီတွင် နေပြည်တော် ဇမ္ဗူသီရိဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၁၆ရက်(တနင်္လာနေ့)တွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်အေးသန့် @ Annie Kuu (မော်လမြိုင်)

**(တင်ရွှေစာပေ)**

**အမှုဆောင်၊ မဟာစည်အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့**

**အသက်(၈၁)နှစ်**

ဦးသောင်းတင်(ဒုဝန်ကြီး၊ ငြိမ်း)-ဒေါ်တင်တင်အေး(KMD Computer Group)တို့၏မိခင်ကြီး ဒေါ်အေးသန့်@Annie Kuu သည် ၂၇-၅-၂၀၁၆ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**KMD Computer Group**
**DCD, MRS, KMD (MDY) မှ ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်အေးသန့် @ Annie Kuu (မော်လမြိုင်)

**(တင်ရွှေစာပေ)**

**အမှုဆောင်၊ မဟာစည်အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့**

**အသက်(၈၁)နှစ်**

ဦးသောင်းတင် (ဒုဝန်ကြီး၊ ငြိမ်း) - ဒေါ်တင်တင်အေး (KMD Computer Group)တို့၏မိခင်ကြီး ဒေါ်အေးသန့် @ Annie Kuu သည် ၂၇-၅-၂၀၁၆ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**KMD Accredited Computer Centres**

---

### ဦးတင်ထွန်း

**လက်ထောက်ညွှန်ကြားရေးမှူး**

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံး**

**အသက်(၅၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပုဏ္ဏားစုရပ်ကွက်၊ မော်ကန် ၂၃လမ်းနေ (ဦးဘမောင်-ဒေါ်သန်းကြည်)တို့၏သား၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးသိန်းလှ-ဒေါ်ဌေးဌေး)တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဦးတင်ဟန်၏ညီ၊ ပဲခူးမြို့၊ မော်ကန် ၂၃လမ်းနေ (ဒေါ်အေးဝင်း)၏မောင်၊ ဦးဌေးလွင်-ဒေါ်ခင်နိုင်၊ မအေးအေးမော်တို့၏အစ်ကို၊ မောင်အောင်ပိုင်စိုး၏ဖခင်၊ ဒေါ်အေးအေးကြိုင်၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၅-၂၀၁၆ရက် နံနက် ၀၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၆ရက် နံနက် ၁၁း၃၀နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ရဲမှူးကံဦး

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**

**အသက်(၅၄)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊ မှုခင်းဌာန၊ လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ ရဲမှူးကံဦးသည် ၂၉-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့) ည ၇း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

**တပ်တွင်းဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၀/၈၅)မှ**
**အရာရှိတပ်ဖွဲ့ဝင်များ**

---

### ဒေါ်သိန်းသိန်း

**ရေနံ့ချောင်းမြို့**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၂၇၅/၂၇၆နေ (ဦးကျော်ဦး၊ ဦးစီးမှူး၊ မြေစာရင်းဦးစီးဌာန)၏ဇနီး၊ (ဒေါ်ခင်သန်းနွဲ့ဦး)၊ ဦးသန်းဦး(ဒု/အင်ယာမှူးကြီး၊ ငြိမ်း)-ဒေါ်ခင်သန်းဦး(အထပြ၊ ငြိမ်း)၊ဦးသန်းမှူး-ဒေါ်ခင်မမဦး(စာရင်းစစ်၊ ငြိမ်း)၊ ဦးဂျော်လီကျော်-ဒေါ်ခင်သိန်းသိန်းဦး (လ/ထမန်နေဂျာ၊ ငြိမ်း)၊ (ဒေါ်ခင်မြင့်မြင့်ဦး၊ လယ်ပြ၊ ငြိမ်း)တို့၏အစ်မ၊ ဦးညီညီစိုး(sr.Fo.MAI)၊ ဒေါ်လှိုင်စုခင် (မန်နေဂျာ၊ ရတနာပုံ တယ်လီပို့)၊ ဦးမြဝင်း (မန်နေဂျာ Schneider Electic)၊ ဒေါ်စုလတ်မွန်၊ ဦးဉာဏ်လင်း(လ/ထမန်နေဂျာ၊ မြဝတီဘဏ်)၊ ဒေါ်ဖြိုးအိမွန်၊ ဒေါ်ထက်စုလှိုင်၊ ဦးအောင်စည်သူ၊ ဒေါ်ခိုင်စုဇင်(MNTV)တို့၏အဒေါ်သည် ၃၀-၅-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍၅-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးကျော်ဝင်း

**2nd Engineer (F.G)**

**CDC-22610**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ် ၇၈ (ပထပ်)နေ (ဦးခင်မောင်ကျော်-ဒေါ်သန်းကြည်)တို့၏သား၊ (ဦးမောင်ခင်-ဒေါ်သိန်း)တို့၏သားသမက်၊ ဦးတင်အေး-ဒေါ်ခင်မြင့်၊ဦးဝင်းတင်-ဒေါ်တင်ဝင်းတို့၏ညီ/မောင်၊ ဦးတင်အောင်-ဒေါ်သန်းမြင့်၊ ဦးအေးချို-ဒေါ်မြမြအောင်၊ (ဦးဇော်မင်းထွန်း)-ဒေါ်သိန်းသိန်းဝင်း၊ ဦးတင်ကို-ဒေါ်မြင့်မြင့်သိန်း၊ ဦးအုံးကျော်-ဒေါ်ဝင်းဝင်းသိန်း၊ ဒေါ်လှလှဝင်း၊ ဦးကျော်ထွေး-ဒေါ်လွင်လွင်မာ၊ ဦးကျော်ဖုန်း-ဒေါ်ဝတ်ရည်မောင်တို့၏အစ်ကို၊ ဒေါ်စန်းစန်းနွဲ့၏ခင်ပွန်း၊ ကိုကျော်ဝင်းကျော် - မဝေဝေသင်း၊ ကိုကျော်ဝင်းသော် - မယမင်းဌေးတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၉-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**မိုးကုတ်မြို့၊ သတိပဋ္ဌာန် ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက**

### ဘဒ္ဒန္တသုနန္ဒ

**အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊**

**သကျသီဟ ပရိယတ္တိသာသန ဟိတဓရ ဂုဏဝိသိဋ္ဌ**

**နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီး**

**သက်တော်(၈၂)၊ သိက္ခာတော်(၆၂)ဝါ**

မိုးကုတ်မြို့၊ ကျပ်ပြင်ဂေါင်းဦးဘာကွက်သစ်၊ ကံဦးပရိယတ္တိစာသင်တိုက်၊ မိုးကုတ်မြို့၊ ကသဲရန်ကြီးအောင်ရပ်၊ ဘုံသီတာပရိယတ္တိစာသင်တိုက်၊ မိုးကုတ်မြို့၊ ညောင်ပင်ကြီးရပ်၊ ဇောဓိပရိယတ္တိစာသင်တိုက်၊ မိုးကုတ်မြို့၊ ရွာသစ်ရပ်၊ ရွာသစ်ကျောင်းတိုက်၊ မိုးကုတ်မြို့၊ မင်းတံတားရပ်၊ ဣန္ဒာသယကျောင်းတိုက်၊ မိုးကုတ်မြို့၊ ကုန်းမြင့်သာယာရပ်၊ ဓမ္မရံသီကျောင်းတိုက်၊ မိုးကုတ်မြို့၊ အောင်သုခရပ်၊ ဓမ္မရက္ခိတကျောင်း၊ မိုးကုတ်မြို့၊ ကသဲမစိုးရိမ်ကျောင်း၊ မိုးကုတ်မြို့၊ အနောက်ပိုင်း၊ ဘော်ရေအင်းကျောင်း၊ မိုးကုတ်မြို့၊ ရွှံ့ပန်းရပ်၊ သာသနာ့ရောင်ခြည်ကျောင်း၊ မိုးကုတ်မြို့၊ ရွှံ့ပန်းရပ်ကောသလကျောင်းတိုက်၊ ဝက်လက်မြို့၊ မာဃိန္ဒာရာမ ပရိယတ္တိစာသင်တိုက်၊ မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ ငြိမ်းမြရတနာကျောင်း၊ မန္တလေးမြို့၊ မတ္တရာမြို့နယ်၊ ညောင်အုပ်ကျေးရွာ၊ ဇောဓိကျောင်းတိုက်၊ မတ္တရာမြို့နယ်၊ ဝေါစုရွာ၊ အောင်မင်္ဂလာသုခကျောင်း၊ မန္တလေးမြို့၊ နွားထိုးကြီးမြို့နယ်၊ ရှန်းပင်ကန်ရွာ၊ ရေတွင်းကြီးကျောင်းတိုက်၊ မန္တလေးမြို့၊ နွားထိုးကြီးမြို့နယ်၊ ရှန်းပင်ကန်ရွာ၊ ရွှေသိမ်တော်ကျောင်းတိုက်၊ မန္တလေးမြို့၊ နွားထိုးကြီးမြို့နယ်၊ ဇီးတောရွာ၊ ရပ်စုံကျောင်းတိုက်၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်တမာတန်းရပ်၊ မူလသစ်ဆိမ့်ကျောင်းတိုက်အတွင်းရှိ မိုးကုတ်ကျောင်းတိုက်၊ မန္တလေးမြို့၊ စဥ့်ကိုင်မြို့နယ်၊ ပြည်လုံးချမ်းသာရိပ်သာကျောင်းတိုက်၊ မန္တလေးမြို့၊ မဏ္ဍလာရွာမပြည်တိုက်၊ ရွှေမင်္ဂလာစာသင်တိုက်၊ မန္တလေးတိုင်း၊ စက်မှု(၂)၊ အောင်မြေတံခွန်စာသင်တိုက်၊ မြစ်သားမြို့နယ်၊ ကူဖြူရွာ၊ ဓမ္မပီယကျောင်း၊ တံတားဦးမြို့နယ်၊ ညောင်ဝန်းမြောက်ရွာ၊ သီရိမင်္ဂလာကျောင်း၊ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ကျေးရွာ၊ အထက်ကျစွာချောင်၊ ရန်ကုန်မြို့၊ ဗဟန်း၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ လိပ်ပြာကန်ကျောင်းတိုက်အတွင်းရှိ နန္ဒာအောင်မြေကျောင်းတိုက်တို့၏ ကျေးဇူးတော်ရှင်ဖြစ်တော်မူသော မိုးကုတ်မြို့၊ သတိပဋ္ဌာန်ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တသုနန္ဒသည် (၁၃၇၈ခုနှစ် ကဆုန်လပြည့်ကျော် ၉ရက်) ၃၀-၅-၂၀၁၆ရက် နံနက် ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

တပည့်သံဃာတော်များနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

---

### ဒေါ်ခင်မိုးမိုး

**အသက်(၇၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ အင်္ဂပူလမ်း၊ အမှတ် ၁၇ (သုံးလွှာ)နေ (ဦးကျော် - ဒေါ်စိန်တင်)တို့၏ သမီး၊ (ဦးမောင်မောင်ကျော်၊ ဂုဏ်လျှော်ဌာနခွဲမှူး)၏ဇနီး၊ (ဦးခင်မြင့်-ဒေါ်နှင်းရီ)၊ (ဦးကျော်မြင့်) ဒေါ်နွဲ့နွဲ့အေး၊ (ဦးမြင့်သိန်း-ဒေါ်အမာကြည်)၊ ဦးစိုး-ဒေါ်ချိုချိုဦးတို့၏ညီမ၊ ဦးအောင်ညွန့်-ဒေါ်မူမူစိန်တို့၏အစ်မ၊ မစန္ဒာဝင်း(မြန်မာလေးညှင်းကုမ္ပဏီ)၊ကိုဇော်မင်းနိုင်ဦး(Pristine Group)-မဥမ္မာသင်း(M.K Co.,Ltd)၊ ကိုမိုးကျော်(ခ)ကိုစောလင်း(အမေရိကန်ဗီဇရှင်း)-မစိုးမြတ်မွန်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မမေမြတ်နိုးခင်၊ မနွေရတီဦးတို့၏အဘွားသည်၃၀-၅-၂၀၁၆ရက် ၈း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးဟုန်းမာန်(ကန်ပက်လက်မြို့)

**အသက်(၅၃)နှစ်**

ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ်မြို့နယ်၊ စွန်တောင်ကျေးရွာနေ (ဦးထန်းခေါ်ဟုန်း) - ဒေါ်အွမ်အွယ်တို့၏သား၊ ဒေါ်တမ်ကီးမံ(နတ်မတောင်အမျိုးသားဥယျာဉ်)၏ခင်ပွန်း၊ဒေါ်ဟုန်းရှဲင်း-ဦးရှင်ထန်း(မတူပီမြို့)၊ ဒေါ်ဟုန်းရောင်-ဦးဘူထန်း(ကန်ပက်လက်မြို့)၊ ဦးဟုန်းကီး (စိုက်ပျိုးရေးခရိုင်မှူး၊ ဟားခါးမြို့)၊ ဦးဟုန်းအွမ်(USA)၊ ဦးဟုန်းမောင်း၊ ဦးဟုန်းခွီးရှိန်း(ပလက်ဝ)၊ ဦးဟုန်းလောဟာ(USA)တို့၏အစ်ကိုကြီး၊ မောင်မာန်အောင်စစ်နိုင်(ဒုတိယနှစ်၊ စိုက်ပျိုးရေးတက္ကသိုလ်)၏ဖခင်ကြီးသည် ၂၉-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ကန်ပက်လက်မြို့ ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးတင်ထွန်းညို

**CHIEF OFFICER (F.G)**

**CDC-38881**

**အသက်(၄၀)**

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ သီတာလမ်းနေ ဦးမောင်မောင်အုန်း-ဒေါ်စန်းမြင့်တို့၏သား၊ ဦးအောင်မြင့်မော်-ဒေါ်ယုယုနွယ်၊ ဦးဇော်ဝင်း-ဒေါ်အေးအေးမော်၊ ဒေါ်ထားထားလတ်၊ ဦးကျော်စိုးလင်း - ဒေါ်ဝင့်ဝင့်သီတို့၏ ညီ/မောင်၊ မဇွန်ဆုလှိုင်၊ မောင်အေးချမ်းမောင်၊ မောင်မင်းထက်ခန့်၊ မဝင့်ဝတီလင်းတို့၏ဦးလေး၊ မရည်ရည်မွန်၏ခင်ပွန်း၊ မအိကြည်ဖြူ၏ဖခင်သည် ၃၀-၅-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (မဂ္ဂင်လမ်း နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးကျင်စိန်(ခ)ဦးပေါက်ပွား(ဆင်မလိုက်) အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်နေ (ဦးရွှေသွား-ဒေါ်လုစိန်)တို့၏သား၊ (ဦးဖိုးကွန်း-ဒေါ်ကျင်စိန်)တို့၏သားသမက်၊ ဦးလှအောင်-(ဒေါ်ချစ်ကြိုင်)တို့၏ညီ၊ ဒုတိယရဲမှူးကြီးအေးနိုင်(သတင်းတပ်ဖွဲ့)-ဒေါ်သီသီလွင်၊ ဦးဝင်းနိုင်-ဒေါ်နီနီလွင်(အမက-၁၊ တိုက်ကြီး)၊ ဦးညွန့်တင်-ဒေါ်အေးအေးလွင်၊ ဦးမောင်မောင်လွင်-ဒေါ်တင်တင်နွယ်တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်နွဲ့၏ချစ်လှစွာသောခင်ပွန်းသည် ၂၉-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၆ရက်(စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊အမှတ် ၂၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးအောင်တင်

**ကြေးမုံသတင်းစာတိုက်၊ စာစီဌာန(အငြိမ်းစား)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်စံပြရပ်ကွက်၊ အမှတ် ၄၃၊ မဟာမြင့်မိုရ်လမ်းနေ(ဦးထွန်းဝေ-ဒေါ်အုန်းမေ)တို့၏သား၊ ဒေါ်ငွေရင်၏ခင်ပွန်း၊ ဦးသော်တာထွန်း-ဒေါ်တင်တင်ညို၊ ဦးမျိုးသူ-ဒေါ်အေးသီတာတို့၏ဖခင်၊ မောင်သိမ်းထွတ်၊ မောင်ယဉ်ပိုင်၊ မောင်ကောင်းဇင်သန့်၊ မောင်အံ့ထူးပိုင်တို့၏အဘိုးသည် ၂၉-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးတင်ထွဋ်

**ဒုတိယအထွေထွေမန်နေဂျာ**

**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း(ငြိမ်း)**

**လက်ထောက်မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)**

**အသက်(၇၄)နှစ်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ ၅၆×၅၇ လမ်းကြား၊ ဘုရင့်နောင်နှင့် အောင်ဇေယျလမ်းကြား၊ အမှတ် (စစ-၄/၄၆)နေ ဒေါ်အေးအေးခိုင်၏ချစ်လှစွာသောခင်ပွန်း၊ ကိုဝဏ္ဏထွဋ်၊ မအိအိမွန်၊ (ကိုသန့်ဇင်ထွဋ်)၊ မအေးမွန်ထွဋ်တို့၏ဖခင်သည် ၂၉-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ထီးတော် ဒါယကာကြီး**

### ဦးသိန်းရွှေ(မူ/အုပ်၊ ငြိမ်း) အသက်(၅၄)နှစ်

**(ကျောက်ဖြူ)**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ စေတီတောင်ရပ်ကွက်၊ ဖြတ်လမ်း(၃)နေ (ဦးရွှေနု-ဒေါ်မသိန်း)တို့၏သား၊ (ဦးကျော်ဖံ)-ဒေါ်မပုခင်တို့၏သားသမက်၊ ဦးခင်မောင်ကျော်- ဒေါ်ရွှေကြည်အေး၊ ဦးကျော်ကျော်နိုင်-ဒေါ်တိုးတိုးအေးတို့၏အစ်ကို၊ ဒေါ်ခင်ပြည့်ဖြိုးကျော်(အငယ်တန်း အင်/ယာ-၃၊ ကျောက်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့)၊ မခင်သန္တာကျော်(နည်းပညာတက္ကသိုလ်၊စစ်တွေ)တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်ခင်ဝင်းရီ(ပေါက်စ)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၅း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(ရန်ကုန်ဆေးရုံကြီးမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၆ရက်(စနေနေ့)တွင် အမှတ် ၃၃၅၊ ဝါယာလက်(၂)လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးမြင့်နိုင် B.E (Textile)

**ဒုတိယအထွေထွေမန်နေဂျာ(ထုတ်လုပ်ရေးဌာန)**

**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန**

**အသက်(၅၃)နှစ်**

ဦးမြင့်နိုင်၊ ဒုတိယအထွေထွေမန်နေဂျာ(ထုတ်လုပ်ရေးဌာန)သည် ၂၉-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၅၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန**

# ညောင်တုန်းရေကာတာ အချိန်မီမပြီးစီးသဖြင့် ခက်ခဲစွာ ဆောင်ရွက်နေရ



**ညောင်တုန်း မေ ၃၀**

မကြာမီက တိုက်ခတ်ခဲ့သော ရွှန်နူဆိုင်ကလုန်းမုန်တိုင်းကြောင့် ညောင်တုန်းမြို့နယ်အပါအဝင် ဧရာဝတီတိုင်းတစ်တိုင်းလုံးတွင် မိုးရွာသွန်းမှုများပြားခဲ့မှုကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၉)က တာဝန်ယူတည်ဆောက်လျက်ရှိသော ညောင်တုန်းမြို့မြစ်ကမ်းရေကာတာတည်ဆောက်ရေးလုပ်ငန်း အပြီးသတ်ရန် နှောင့်နှေးကြန့်ကြာနေရကြောင်း သိရသည်။

အဆက်မပြတ် မိုးရွာသွန်းနေမှုကြောင့် မြေသယ်ခြင်း၊ မြေဖို့ခြင်း၊ မြေညှိခြင်းလုပ်ငန်းများနှင့် ကွန်ကရစ်လုပ်ငန်းများ၊ မြစ်ကမ်းနံရံ ကျောက်စီခြင်းလုပ်ငန်းများကို ခက်ခက်ခဲခဲလုပ်ဆောင်နေကြရကြောင်း သိရသည်။

ညောင်တုန်းမြို့အရှေ့ပိုင်းနှင့် ကျွန်းထိပ်ပိုင်းတို့တွင် တည်ဆောက်ခဲ့သော

*စာမျက်နှာ ၃ ကော်လံ ၅* ❐

# ပို့ကုန်သွင်းကုန် လိုင်စင် မိနစ်ပိုင်းအတွင်း လုပ်ဆောင်နိုင်ပြီ

**သတင်း-မြင့်မောင်စိုး**

**ရန်ကုန် မေ ၃၀**

ကုန်သွယ်မှုလုပ်ငန်း လျင်မြန်ချောမွေ့လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် ရည်ရွယ်လျက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန အနေဖြင့် အွန်လိုင်းအပြည့်အဝအသုံးပြု ပို့ကုန်သွင်းကုန်လိုင်စင်စနစ် (Fully Online Licensing System) ကို စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောသည်။

ရန်ကုန်မြို့ UMFCCI ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပ သော အွန်လိုင်းအပြည့်အဝအသုံးပြု ပို့ကုန်သွင်းကုန်လိုင်စင်စနစ်အလုပ်ရုံ ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# ဆူဇူကီးအကြိုလေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ ဇွန် ၃ ရက်နှင့် ၆ ရက်တွင်ကျင်းပမည်



**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် မေ ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ (AYA Bank Cup 2016) ကို ဇွန်၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတွင် ကျင်းပတော့မည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းအပါအဝင် ဗီယက်နမ်၊ စင်ကာပူနှင့် ဟောင်ကောင်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်သောကြောင့် မြန်မာ့လက်ရွေးစင်အသင်း အောင်မြင်မှုရရှိရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က

*စာမျက်နှာ ၁၄ ကော်လံ ၁* ❍

မြန်မာ့လက်ရွေးစင်အသင်း တိုက်စစ်မှူး အောင်သူ

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

**တိုင်းရင်းသားလူမျိုးများ၏အရေး ကာကွယ်စောင့်ရှောက်ရန် အသစ်ဖွဲ့စည်းလိုက်သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ရက် ၁၀၀**



တွေ့ဆုံမေးမြန်း-ဖြိုးစန္ဒာမြင့် စာ-၁၆၊ ၁၇

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၃၀-၅-၂၀၁၆

မာန်အောင်မြို့
၂ ဒသမ ၄၄ လက်မ
ဇောင်းတူမြို့
၂ ဒသမ ၂၈ လက်မ
သိမ်ဇရပ်မြို့
၂ ဒသမ ၁၃ လက်မ
ကိုကိုးကျွန်းမြို့
၁ ဒသမ ၅၃ လက်မ
မန္တလေးမြို့
၁ ဒသမ ၄၂ လက်မ
လှိုင်လင်မြို့
၁ ဒသမ ၃၈ လက်မ
ရေဦးမြို့
၁ ဒသမ ၃၄ လက်မ